The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 47 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 7 , 2015



## ကြက်သွန်ဆိုတာ မွှန်ပါတယ်

မြင့်ဦး (ပခုက္ကူ) ၁၈


ပြည်စားတော်ပဲဈေးအမြင့်နဲ့ ဈေးဆက်ငြိမ်ပြီး လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ် ၅

ဈေးကွက်မျှော်လင့်ချက်နဲ့ မုံရွာကြက်သွန်နီစိုက်ကေတိုးချဲ့ ၇

ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်ရှည်သီးနှံရော်ဘာ စိုက်ကေများ တိုးချဲ့စိုက်ပျိုးလျက်ရှိ ၂၀



လေ့ကျင့်ခြင်းဖြင့် ဂုဏ်ဆောင်မို့ ၁၂


"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဂျပန်နိုင်ငံ K & K Co., Ltd မှ ဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့နှင့် ကိုရီးယားနိုင်ငံ O.J.C Co.,Ltd. မှ ဒါရိုက်တာဦးဆောင်သည့်အဖွဲ့တို့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီ၌ နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ ဂျပန်နိုင်ငံ၊ K & K Co.,Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Kaku Ryoji ဦးဆောင်သည့်အဖွဲ့နှင့် ကိုရီးယားနိုင်ငံ၊ O.J.C Co.,Ltd မှ ဒါရိုက်တာဖြစ်သူ Mr. Kim Jun Suk ဦးဆောင်သည့်အဖွဲ့တို့အား လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရလက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ O.J.C Co.,Ltd(Korea) မှ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ဂျပန်နှင့် မြန်မာ-ကိုရီးယား ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၄/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ



ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ(၄/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးအား နိုဝင်ဘာ ၃၀ ရက် ၁၃း၀၀ နာရီက နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ အစည်းအဝေးများကို၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ (၂၄) ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး၊ ဆုံးဖြတ်ချက်နှင့် ဖော်ထုတ်ချက်ပေါင်း ၃၆၀ ချမှတ်နိုင်ခဲ့ကာ ကုန်သွယ်မှုပမာဏ တိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေး၊ ကုန်စည်ထုတ်လုပ်မှု တိုးတက်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူတို့၏ လိုအပ်ချက်နှင့် အခက်အခဲရှိသည်များကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဆန်အပါအဝင် လယ်ယာထွက်သီးနှံများ၊ အခြားပို့ကုန်များ၏ ကုန်သွယ်မှုပမာဏ လျော့နည်းသွားခဲ့ရကြောင်း၊ သို့ဖြစ်၍ Re-export လုပ်ငန်းများအတွက် သကြား၊ ကွမ်းသီး၊ နှမ်းစသည့် ကုန်စည်များကို စမ်းသပ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပြီး၊ အေးခဲအမဲသားနှင့် အခြားကုန်စည်များကိုလည်း ဆက်လက်စမ်းသပ်ခွင့်ပြုသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီဝင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် Re-export လုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ပစ္စည်းအမယ်များနှင့် တိုးမြှင့်ဆောင်ရွက်သင့်သည့်နည်းလမ်းများကို ဖော်ထုတ်အကြံပြု တင်ပြကြစေလိုကြောင်း၊ ပြည်တွင်း၌ စပါး၊ ဆန်စျေးနှုန်းများ အထိုက်အလျောက် မြင့်တက်မှု ရှိနေသော်လည်း မကြာမီကာလအတွင်းစပါးများလှိုင်လှိုင်ထွက်ပေါ်လာမည်ဖြစ်၍ စျေးနှုန်းများတည်ငြိမ်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ကြက်သွန်နီစျေးနှုန်းများသည် ယခုနှစ်တွင် ထူးခြားစွာမြင့်တက်မှု ဖြစ်ပေါ်နေသည့်အတွက် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများမှ တင်သွင်းခွင့်ပြုပေးထားပြီး ပြည်တွင်းစျေးကွက်များအတွင်းသို့ ယခုရက်အတွင်း ဖြန့်ဖြူးပေးနိုင်ရေးအတွက် သက်ဆိုင်ရာအသင်းနှင့် ညှိနှိုင်းတာဝန်ပေး ဆောင်ရွက်စေလျက်ရှိကြောင်း၊ လိုအပ်ပါက ကြက်သွန်နီကို ပြည်ပမှ ထပ်မံတင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံ၏ အဓိက စားသုံးသီးနှံဖြစ်သည့် စပါး၊ ဆန်ထုတ်လုပ်မှု၊ စားသုံးမှု၊ ပိုလျှံမှု၊ ပြည်ပတင်ပို့နိုင်မည့် အလားအလာများကို စိစစ်တွက်ချက်တင်ပြပေးကြရန်နှင့် စျေးနှုန်းများတည်ငြိမ်မှုရှိစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်း သုံးသပ်စိစစ်ပေးကြရန်လိုအပ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း စက်မှုလုပ်ငန်းများမှ အသုံးပြုပြီးသော မြောင်းဆီဟု လူသိများသည့် မသန့်စင်သောဆီများကို ပြန်လည်သန့်စင်၍ စားအုန်းဆီဖြင့် ရောနှောရောင်းချနေသည့် သတင်းများရှိနေကြောင်း၊ အများပြည်သူကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေနိုင်သည့်ကိစ္စဖြစ်၍ တာဝန်ရှိသည့် အဖွဲ့အစည်းများက စိစစ်ဖော်ထုတ်ပြီး ထိရောက်သည့်အရေးယူမှုများ ပြုလုပ်ပေးသွားရန် အထူးမှာကြားလိုကြောင်း၊ ယင်းကိစ္စကို အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန် ထပ်ဆင့်မှာကြားလိုကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းမှုအတွက် ကုန်စျေးနှုန်း တည်ငြိမ်ရေးသည် အဓိကကျသည်ကို တာဝန်ရှိသူအားလုံးက အထူးသတိပြုကြစေလိုကြောင်း နိုင်ငံတော်သည် စျေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေခြင်းဖြစ်၍ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်ပမှ တင်သွင်းမှုနှင့် Re-export ဆောင်ရွက်မှုတို့အား လိုအပ်သလိုဆောင်ရွက်ပေး မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ သက်ဆိုင်သည့် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ညနေ ၁၆း၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ယခုရက်ပိုင်းအတွင်း ပြည်တွင်း၌ ကြက်သွန်စျေးကြီးမြင့်လာမှုကြောင့် ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်ပမှ တင်သွင်းခွင့်ပြုပေးခဲ့ပြီး၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်ပပို့ကုန်ကျဆင်းမှု မရှိစေရေး Re-export စနစ်နှင့် ဆောင်ရွက်ပေးခဲ့ရာ ကုန်သွယ်မှု ပမာဏမြင့်မားလာခြင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာခြင်း၊ နိုင်ငံတော်အတွက်သတ်မှတ်အခွန်အခများ ပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 15, No.47 Monday December 7 2015

# ဆန်သစ်ဝယ်လိုအားကောင်းလို့ ဈေးတက်သော်လည်း ဝယ်သူကြိုက်ဈေးဖြစ်နေတဲ့ မူဆယ်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ဒီဇင်ဘာလ ၄ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၂၅၀၀ ကျပ်-၁၀၀၀ ကျပ် ခန့်ဈေးကျလာပြီး မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်း ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၄၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၉၀၀၀ ကျပ်နဲ့ နယ်စုံပေါ်ဆန်း ဆန်ဟောင်းဈေးကတော့ ထိပ်စတစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေတာ တွေ့ရပါတယ်။

ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေး ထိပ်စ တစ်အိတ် ၂၈၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၇၅၀၀ကျပ်ဖြစ်ပါတယ်။ မြောင်းမြ/ပုသိမ်ပေါ်ဆန်း ဆန်အသစ်ဈေးက ထိပ်စတစ်အိတ် ၂၉၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၁၅၀၀ ကျပ်၊ ၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ နယ်စုံပေါ်ဆန်းဆန်အသစ်ဈေး ထိပ်စတစ်အိတ် ၂၇၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၆၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၁၀၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ကုန်စည်ဒိုင် ဈေးနှုန်းများ အရ စိစစ်တွေ့ရှိရပါတယ်။

ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန်သစ်များ အဝင်နည်းပြီး ဝယ်လိုအားများလို့ ဈေးတက်ရခြင်းဖြစ်ပါတယ်။ ပေါ်ဆန်းဆန်ဟောင်းများကိုတော့ စားသုံးသူနည်းလို့ သိပ်မသုံးကြတဲ့အတွက် အဝယ်မလိုက်ဖြစ်ကာ ဈေးကျဆင်းနေရခြင်းဖြစ်တယ်လို့လည်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်သစ်ဈေး တစ်အိတ် ၂၀၅၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေလျက်ရှိပြီး ကုန်စည်ဒိုင်သို့ ဆန်ကြမ်းဝင်ရောက်မှုနည်းကာ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းလျက်ရှိတယ်လို့ ဈေးကွက်မှ သိရပါတယ်။

ဒီတစ်ပတ်မူဆယ်ဆန်ဈေးကွက်ရဲ့ ဒီဇင်ဘာ ၄ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၉-၁၄၂ ယွမ်နဲ့ ၅ မှတ် မနောသုခ တစ်အိတ် ၁၃၁-၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၇-၁၃၈ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၂၉-၁၃၀ ယွမ်၊ ဧည့်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ၁၃၂-၁၃၅ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၂၇-၁၂၈ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၅-၁၂၆ ယွမ်၊ ၂၅ မှတ် ရတနာတိုး ၁၂၇-၁၂၉ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခတစ်အိတ် ၁၂၂-၁၂၄ ယွမ်၊ ၃၅ မှတ် ရတနာတိုး ၁၂၄-၁၂၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၂-၁၃၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၂၉-၁၃၀ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၅-၁၂၇ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဧည့်မထဆန်မှာ ၁ ယွမ်မှ ၃ ယွမ်ခန့် ဈေးတက်လာပြီး၊ ငစိန်ဆန်မှာတော့ ၁ ယွမ်မှ ၃ ယွမ်ခန့်ထိ ဈေးကျလာတာ တွေ့ရပါတယ်။

ဒီဇင်ဘာ ၄ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၀ ဒသမ ၈၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၁ ဒသမ ၆၃ ကျပ်ခန့် ဈေးကျလာခဲ့ကြောင်း၊ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ တရုတ်ဝယ်လက်များက ဈေးနှုန်းချင်းတူလျှင် အရည်အသွေးပိုမိုကောင်းမွန်တဲ့ ဗီယက်နမ်ဆန်ကိုသာ ပိုမိုဝယ်ယူမှုရှိကြောင်း ဈေးကွက်အခြေအနေမှာ ဝယ်သူအကြိုက်လိုက်ရောင်းနေရကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် ၄၀၀၀ ကျော်ခန့်ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၂၂၅၇၅ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၂၅၄၂ တန်ခန့် ပိုမိုဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၀ | ၃၇၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၉ | ၃၆၈ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၂၀ | ၃၂၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၁ | ၃၆၀ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၅ | ၃၂၀ | ▽ | ၂၉၅ | ၂၉၅ | □ |
| ပေါင်းဆန် | ၃၅၀ | ၃၄၅ | ▽ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၅ | ၄၈၅ | □ | ၅၃၅ | ၅၁၅ | ▽ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၁၅ | ၅၁၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၄-၁၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၅၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၈၀၀ | △ | ၂၃၅၀၀ | □ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | ▽ | ၂၃၀၀၀ | □ | ၈၇၅၀ | □ | ၃၇၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၄၅၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၃၄၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၅၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စုံအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပုသိမ်စပါးဈေးကွက် ယခုတစ်ပတ်အတွင်း ဧည့်မထစပါးသစ်များ ဈေးနှုန်းအနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်အတွင်းရှိဧည့်မထစပါးသစ်များမှာ ယခုတစ်ပတ်အတွင်း ဈေးကွက်တွင် ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိပြီး ပေါ်ဆန်းရင်စပါးဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း ပုသိမ်စပါးဈေးကွက်မှာ စပါးများကိုဝယ်ယူရာတွင် ပေါ်ဆန်းအုပ်စု စပါးများကို ၁၀၅ ပေါင် တင်း ၁၀၀ ဖြင့်၊ ဧည့်မထအုပ်စုဝင် စပါးများကို ပေါင် ၁၀၀၊ တင်း ၁၀၀ ဖြင့် သတ်မှတ်ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

ယခင် နိုဝင်ဘာနောက်ဆုံးပတ် ပေါ်ဆန်းရင်စပါး ၄၆ ပေါင် တစ်တင်းကို ၉၅၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ပေါ်ဆန်းရင်စပါးဈေးကွက်မှာ တည်ငြိမ်မှုရှိ၍ ဧည့်မထအုပ်စုဝင် ဆင်းသွယ်လတ် စပါး ၄၆ ပေါင် တစ်တင်းလျှင် ယခင် ၆၀၀၀ကျပ်မှ ယခု ၆၃၀၀ ကျပ်၊ မနောသုခစပါး ၄၆ပေါင် တစ်တင်းလျှင် ယခင် ၅၈၀၀ ကျပ်မှ ယခု ၆၀၀၀ ကျပ်ဝန်းကျင်ဖြင့် ရောင်းဝယ်လျက်ရှိပြီး စပါး တစ်တင်းလျှင် ၅၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရပါတယ်။

ယခုရက်ပိုင်းအတွင်း ပုသိမ်မြို့နယ်ရှိ ဧည့်မထအုပ်စုဝင် စပါးသစ်များမှာ ဆန်ဈေးကွက်အတွင်း အရောင်းအဝယ်သွက်လျက်ရှိ၍ စက်ပိုင်ကုန်သည်များမှ အဝယ်တော်များကိုလွှတ်၍ ဝယ်ယူလျက်ရှိသောကြောင့် ဆင်းသွယ်လတ်၊ မနောသုခစပါးများ ဈေးမြင့်တက်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်ပသို့ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်အထိမှာ ကန်ဒေါ်လာ ၁၂ ဒသမ ၂၂ သန်းဖိုးရှိ ဆန် ၃၃၀၆၀ တန်ကျော်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများကတော့ မူဆယ် (၁၀၅) မိုင်မှ ငစိန်ဆန် ၁၉၃၂၄ တန်၊ ဧည့်မထ ၉၃၁၈ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၁၇၈ တန်နဲ့ လွယ်ဂျယ်မှ ငစိန်ဆန် ၄၂၄၀ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၅၄၁၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်အပြင် ကန်ဒေါ်လာ ၁ ဒသမ ၂၇၆ သန်းဖိုးရှိ ဆန်ကွဲ ၃၉၁၇ တန်ကို မူဆယ်မှ ၃၅၁၇ တန်ကျော်နဲ့ လွယ်ဂျယ်မှ တန် ၄၀၀ တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲကိုလည်း ယခင်တစ်ပတ်ထက် တန် ၃၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၀၅၇ သန်းဖိုးရှိ ပေါင်းဆန်နဲ့ ဆန်ဖြူ ၂၉၇၅ တန်ကို တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက်တင်ပို့မှုတွေကတော့ အီးယူနိုင်ငံများကို ပေါင်းဆန် ၁၄၂၅ တန်တင်ပို့ပြီး တရုတ်နိုင်ငံကို ငစိန်ဆန် တန် ၅၀ နဲ့ အီးယူနိုင်ငံကို ငစိန်ဆန် တန် ၅၀၀ ၊ စင်ကာပူနိုင်ငံကို ဧည့်မထဆန် တန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက်တန် ၄၅၀ ပိုမို တင်ပို့နိုင်ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်းဖိုးရှိ ဆန်ကွဲ ၃၇၅ တန်ကိုဟန်ဂေရီနိုင်ငံကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၃၀၀ ကျော်ပိုမိုတင်ပို့နိုင်တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ရော ဆန်ကွဲပါ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၁၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇/၁၁ | ၄/၁၂ | ပြောင်းလဲမှု | ၂၇/၁၁ | ၄/၁၂ | ပြောင်းလဲမှု | ၂၇/၁၁ | ၄/၁၂ | ပြောင်းလဲမှု | ၂၇/၁၁ | ၄/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၇၁၅ | ၃၇၅၆ | ▲ | - | ၃၅၀၀ | - | - | ၃၅၀၀ | - | - | ၃၃၅၀ | - |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | - | ၂၆၀၀ | - | ၂၄၀၀ | ၂၈၇၅ | ▲ |
| ၃ | ပဲတီစိမ်း | ၂၀၅၀ | ၂၀၈၀ | ▲ | ၁၉၅၆ | ၂၀၉၈ | ▲ | - | ၂၀၀၀ | - | ၂၀၀၀ | ၂၀၀၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၃၀၀ | ၂၂၇၀ | ▼ | - | - | - | - | - | - | ၁၀၁၅ | ၁၀၁၅ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၃၆၅ | ၁၃၀၀ | ▼ | - | - | - | - | ၁၇၃၇ | - | ၁၀၀၀ | ၉၇၅ | ▼ |
| ၆ | ထောပတ်ပဲ | ၈၆၅ | ၇၈၀ | ▼ | - | ၈၈၉ | - | ၇၆၃ | - | - | ၆၃၀ | ၆၆၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇/၁၁ | ၃/၁၂ | ပြောင်းလဲမှု | ၂၇/၁၁ | ၃/၁၂ | ပြောင်းလဲမှု | ၂၇/၁၁ | ၃/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၅၀ | ၁၇၅၀ | ■ | ၁၆၇၃ | ၁၆၉၃ | ▲ | - | ၁၆၀၃ | - |
| ၂ | ပဲစင်းငုံ | ၁၃၀၀ | ၁၄၀၀ | ▲ | ၁၆၅၈ | ၁၇၀၈ | ▲ | ၁၅၉၈ | ၁၆၉၃ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၅၀ | ▼ | ၁၁၀၈ | ၁၁၂၄ | ▲ | - | ၁၁၆၉ | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၆၉ | ၇၅၇ | ▼ | ၇၆၅ | ၇၉၄ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၁-၁၁-၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၈-၁၁-၁၅)ထိ | ပြည်ပတင်ပို့မှု (၁-၄-၁၅) မှ (၂၈-၁၁-၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၄၂၀ | ၃၆၁ | ၃၈၆၈၈၅ |
| ပဲတီစိမ်း | ၄၇၄၈ | ၃၄၈၂ | ၁၂၀၀၉၅ |
| ပဲစင်းငုံ | ၂၈ | - | ၁၁၅၆၈၄ |
| ကုလားပဲ | ၁၅ | ၁၂ | ၂၃၂၅၉ |
| ပဲလွန်းဖြူ | ၂၇ | ၂၃၉ | ၁၃၂၀၂ |
| မြေထောက်ပဲ | ၆၆ | - | ၁၂၂၉၃ |

## ပြည်စားတော်ပဲဈေးအမြင့်နဲ့ ဈေးဆက်ငြိမ်ပြီး လက်လီသမားများနဲ့ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်မှာ လက်လီသာ အရောင်းအဝယ်များပေမယ့် ပဲဈေးနှုန်းကတော့ လက်လီပဲ ဈေးကွက်မှာ ဈေးကောင်းအမြဲရနေတဲ့ ပဲကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။

စားတော်ပဲသီးနှံဈေးဟာ တစ်နှစ်တာလုံး ဈေးကောင်းရလျက်ရှိကာ ယခုအချိန်မှာတော့ တစ်ရက် ၁၀ အိတ်ကျော် ၂၀ အိတ်အတွင်းသာ ဒေသတွင်းလက်လီသမားအချို့နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခုနှစ်အတွင်း ဇွန်လရှေ့ ပိုင်းတွင် တစ်တင်း ကျပ်နှစ်သောင်းခွဲကျော်သာရရှိပေမယ့် အခြားပဲများ၏ ၎င်းအချိန်ပေါက်ဈေးနဲ့ယှဉ်ရင် ဈေးကောင်းရနေခဲ့ပြီး ဇွန်နောက်ပိုင်းမှ ယခုချိန်ထိ ကျပ်သုံးသောင်းအထက်ရရှိနေခဲ့ကာ ယခုလတွင် တစ်တင်း ၃၇၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲများရဲ့ဈေးနှုန်းနဲ့ဈေးကွက်

ဒီဇင်ဘာလ ပထမပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်း) မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံများဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲများရဲ့ ဈေးနှုန်းများနဲ့ ယခင်လကာလတူဈေးနှုန်းများကို နှိုင်းယှဉ်ပါက -

| သီးနှံအမည် | ၁. ၁၁. ၁၅ | | ၁. ၁၂. ၁၅ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | - | ၂၀၄၄ | ၂၀၈၀ | *၂၀၉၈ |
| ပဲကြီး | - | ၁၉၀၀ | - | ၁၉၀၀ |
| ပဲနီပြား | ၁၂၆၇ | ၁၃၉၄ | ၁၃၅၇ | *၁၄၁၂ |
| ပဲပုပ် (ရှမ်း) | ၉၇၇ | ၁၀၈၀ | ၁၀၅၂ | *၁၀၈၉ |
| ပဲပုပ် (ဗမာ) | ၁၀၁၄ | *၁၀၅၂ | - | ၉၇၇ |
| ပဲယင်း | ၉၀၀ | *၉၁၇ | ၈၈၃ | ၉၀၀ |
| ထောပတ်ပဲ | ၉၂၄ | *၉၇၈ | ၈၇၁ | ၈၈၉ |
| မတ်ပဲ | - | *၃၅၀၀ | ၃၃၃၃ | ၃၃၇၅ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၄၁၇ | ၄၂၆ | ၄၃၅ | *၄၄၄ |
| ပြောင်းဖူးစေ့ (CP) | ၄၂၆ | ၄၃၀ | - | *၄၄၄ |
| အထွက်တိုးပြောင်း | - | *၅၈၅ | - | ၅၆၆ |
| ဆန်ပြောင်း | - | ၅၄၀ | - | ၅၄၀ |
| နှမ်းဖြူ | ၂၂၂၂ | *၂၄၈၉ | ၂၀၆၇ | ၂၂၈၉ |
| နှမ်းညို | ၁၉၃၃ | *၁၉၅၆ | ၁၈၄၄ | ၁၈၈၉ |
| နှမ်းနက် | ၃၀၀၀ | ၃၆၆၇ | ၂၈၈၉ | *၃၇၇၈ |
| နှမ်းနက်စမုံ | ၄၂၂၂ | *၄၈၈၉ | ၄၂၂၂ | ၄၈၂၂ |
| ပန်းနှမ်း | ၂၀၀၀ | *၂၂၂၂ | - | ၁၇၈၈ |
| မြေပဲ (S1 လုံးဆန်) | ၂၅၅၀ | *၂၇၀၀ | ၂၃၅၀ | ၂၅၅၀ |

ယခုသီတင်းပတ်မှာ ပဲတီစိမ်းတစ်ပိဿာ ၂၀၉၈ ကျပ် (တစ်တန် ၁၂၈၄၇၉၄ ကျပ်) နဲ့အရောင်းအဝယ်ဖြစ်လို့ယခင်လ ကာလတူဈေးအထက်နဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော်၊ ပဲကြီးတစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန် ၁၁၆၃၅၄၁ ကျပ်) နဲ့ ယခင် တစ်ပတ်ကာလတူဈေးနှုန်းနဲ့ဈေးငြိမ်ပြီး နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ ပဲနီပြားတစ်ပိဿာ ၁၄၁၂ ကျပ် (တစ်တန် ၈၆၄၆၉၅ ကျပ်) နဲ့ ယခင်လကာလတူဈေးနှုန်းအထက်နဲ့ အရောင်းအဝယ်ဖြစ်ပြီး၊ သုံးတင်းအိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၇၇ ကျပ် (တစ်တန် ၈၉၈၃၁၅ ကျပ်) နဲ့ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲယင်းတစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူ ဈေးနှုန်းအောက်ရောက်ရှိနေ ပြီး နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲယင်းနည်းတူ ထောပတ်ပဲမှာလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၈၉ ကျပ် (တစ်တန် ၅၄၄၁၅ ကျပ်) နဲ့ဈေးအေးသလို အရောင်း အဝယ်လည်း အေးပါတယ်။ အိန္ဒိယဝယ်လက်ဆွဲအားများတဲ့ မတ်ပဲ ပဲအသစ်အနည်းငယ်ဝင်ရောက်မှုရှိလို့ ဈေးအနည်းငယ်အေးပြီး၊ ယခုလက်ရှိမှာ တစ်ပိဿာ ၃၃၇၅ ကျပ် (တစ်တန် ၂၀၆၆၈၁၆ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြောင်းဖူးစေ့များကို ပြည်ပ (တရုတ်) သို့ တင်ပို့မှုနည်းပါးပြီး ပြည်တွင်းမှာသာ အရောင်းအဝယ် ပြုလုပ် ကြောင်း၊ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) နဲ့ပြောင်းဖူးစေ့ (CP) ကတစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ အထွက်တိုးပြောင်းတစ်ပိဿာ ၅၆၆ ကျပ် (တစ်တန် ၃၄၆၆၁၃ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ ကျပ်) နဲ့ ပြောင်းမျိုးစုံ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ (တရုတ်) ဝယ်လိုအား ပုံမှန်ရှိနေတဲ့ နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ နှမ်းဖြူတစ်ပိဿာ ၂၂၈၉ ကျပ် (တစ်တန် ၁၄၀၁၇၆၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက် တစ်ပိဿာ ၂၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈ ကျပ်) ဈေးအေးသွားသလို နှမ်းညိုမှာလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၈၉ ကျပ် (တစ်တန် ၁၁၅၆၈၀၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၆၇ ကျပ် (တစ်တန် ၄၁၀၃၀ ကျပ်) ကျဆင်းကာ ဈေးအေးသွားပါတယ်။

ထို့အတူ နှမ်းနက် (စမုံ) မှာ တစ်ပိဿာ ၄၈၂၂ ကျပ် (တစ်တန် ၂၉၅၂၉၄၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်မှာ တစ်ပိဿာ ၃၇၇၈ ကျပ် (တစ်တန် ၂၃၁၃၆၀၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူ ဈေးနှုန်းအထက်တစ်ပိဿာ ၁၁၁ ကျပ် (တစ်တန် ၆၇၉၇၅ ကျပ်) ဈေးမြင့်တက်သွားပါတယ်။ ပန်းနှမ်းမှာ တစ်ပိဿာ ၁၇၈၈ ကျပ် (တစ်တန် ၁၀၉၄၉၅၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၄၃၄ ကျပ် (တစ်တန် ၂၆၅၇၇၇ ကျပ်) ကျဆင်းလျက် အရောင်းအဝယ်ဖြစ်ပြီး မြေပဲဆန် (S1 လုံးဆန်) မှာလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၅၀ ကျပ် (တစ်တန် ၁၅၆၁၅၉၅ ကျပ်) နဲ့ အရောင်းအဝယ် ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၅၀ ကျပ် (တစ်တန် ၉၁၈၅၉ ကျပ်) ကျဆင်းပြီးဈေးအေးသွားကြောင်း သိရပါတယ်။ နှမ်းရောင်စုံများ နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နိုဝင်ဘာလရဲ့ ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ရဲ့ တစ်လတာ ပဲ၊ နှမ်းစီးထွက်မှုအနေနဲ့ ပဲတီစိမ်း ၂၈၀၀ ဒသမ ၄၇ တန်( တစ်ရက်ပျမ်းမျှ ၉၀ ဒသမ ၃၄ တန်)၊ နှမ်းနက်/ညို ၉၀၁၄ ဒသမ ၂၇ တန် (တစ်ရက်ပျမ်းမျှ ၂၉၀ ဒသမ ၇၈ တန်)၊ နှမ်းဖြူ ၁၈၁၀ ဒသမ ၃၉ တန် (တစ်ရက်ပျမ်းမျှ ၅၈ ဒသမ ၄ တန်) ၊ မြေပဲ ၁၂၇၇ ဒသမ ၈ တန် (တစ်ရက်ပျမ်းမျှ ၄၁ ဒသမ ၂၂ တန်)၊ ပဲယင်း ၄၇၀ ဒသမ ၀ တန် (တစ်ရက်ပျမ်းမျှ ၁၅ ဒသမ ၁၆ တန်)၊ ပဲနီပြား ၄၄၅ ဒသမ ၂၆ တန်၊ (တစ်ရက်ပျမ်းမျှ ၁၄ ဒသမ ၃၆ တန်) စီးထွက်သွားကြောင်း သိရပါတယ်။

ဒီတစ်ပတ်မှာ ပုံမှန်လေး အရောင်းအဝယ်ဖြစ်တာက ပဲတီစိမ်း၊ ပဲကြီး၊ ပဲနီပြား၊ ပဲယင်း၊ ထောပတ်ပဲ၊ ပဲပုပ်နဲ့မတ်ပဲတို့ဖြစ်ကြောင်း၊ ပြောင်းဖူးစေ့များ အရောင်းအဝယ်အေးကြောင်း၊ နှမ်းရောင်စုံများအနက် နှမ်းဖြူနဲ့ နှမ်းနက်အရောင်းအဝယ်သွက်လက်ကြောင်း၊ မြေပဲဆန်မှာလည်း အရောင်းအဝယ် အနည်းငယ် အေးကြောင်း ပဲအသစ်များ ဝင်ရောက်လာပေမယ့် ထင်သလောက် အရောင်းအဝယ်မဖြစ်သေးကြောင်း၊ သို့သော် နေ့စဉ်နဲ့အမျှ သီးနှံမျိုးစုံအရောင်းအဝယ်မှာ အနည်းနဲ့အများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲစားကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်းသိရပါတယ်။

**စိုးအောင်-မန္တလေး**

## ပြည်ကုလားပဲသီးနှံ ခွဲစက်သမားရော မျိုးပဲပါ အဝယ်လိုက်

ပြည်ပဲဈေးကွက်အတွင်း မျိုးပဲများ အဝယ်ဆက်တိုက်ရှိနေတဲ့အတွက် ကုလားပဲသီးနှံဟာလည်း ဈေးကောင်းကောင်းနဲ့ မျိုးပဲရော ခွဲစက်သမားပါ အဝယ်လိုက်ကာ တစ်ရက်အိတ် ၂၀၀ ကျော် ၃၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိနေတာကို တွေ့ရပါတယ်။

ဈေးနှုန်းအနေဖြင့် ဒီဇင်ဘာလဆန်းမှာ နိုဝင်ဘာလ ကုန်ဈေးထက် ဈေးလျော့နည်းခဲ့လို့ ခွဲစက်သမားဈေး တစ်တင်း ၃၅၅၀၀ ကျပ်သာရရှိပြီး မျိုးပဲဈေးမှာ တစ်တင်း ၃၉၅၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ဈေးဖြင့်သာ ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်လကုန်ဈေးမှာ လက်ကားဈေး တစ်တင်း ၃၈၅၀၀ ကျပ်၊ မျိုးပဲဈေး တစ်တင်း ၃၉၅၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# နှစ်အလိုက်ဖြစ်ပေါ်ခဲ့တဲ့ ပြည်ပဲမျိုးစုံဈေးကွက်မှ အဓိက ပဲများရဲ့ ဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများရဲ့ ဈေးနှုန်းများကို လေ့လာရာမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ စသည့်သီးနှံများ ယခုနှစ်မှာ ယခင်နှစ်များကထက် ဈေးပိုလာခဲ့ပြီး ပဲကြီးသီးနှံနဲ့ ပဲပုပ်သီးနှံကတော့ ယခုနှစ်မှာ ဈေးလျော့နည်းခဲ့တာကို တွေ့ရပါတယ်။ ကာလတူအချိန် ဖြစ်ပေါ်ခဲ့သော ပဲများရဲ့ ဈေးနှုန်းအနိမ့်အမြင့်အခြေအနေကို အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရှိရပါတယ်။

| သီးနှံအမျိုးအစား | ၂၀၁၃ နိုဝင်ဘာ | | ၂၀၁၄ နိုဝင်ဘာ | | ၂၀၁၅ နိုဝင်ဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၁၈၅၀၀ | ၁၉၅၀၀ | ၂၆၅၀၀ | ၂၈၃၀၀ | ၇၀၀၀၀ | ၇၂၀၀၀ |
| ပဲတီစိမ်း | ၂၇၀၀၀ | ၃၀၅၀၀ | ၃၃၇၀၀ | ၃၉၀၀၀ | ၄၀၀၀၀ | ၄၀၅၀၀ |
| ကုလားပဲ | ၁၅၅၀၀ | ၁၇၇၀၀ | ၁၂၉၀၀ | ၁၃၆၀၀ | ၃၈၅၀၀ | ၃၉၅၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၄၂၀၀၀ | ၄၂၀၀၀ | ၂၃၀၀၀ | ၂၃၅၀၀ | ၃၄၀၀၀ | ၃၅၀၀၀ |
| ပဲကြီး (ကမ်းနား) | ၄၀၀၀၀ | ၄၀၀၀၀ | ၁၇၅၀၀ | ၁၉၅၀၀ | ၃၂၀၀၀ | ၃၂၅၀၀ |
| ပဲပုပ် | ၂၄၀၀၀ | ၂၅၀၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |

မတ်ပဲသီးနှံရဲ့ နှစ်အလိုက်ဈေးနှုန်းကို လေ့လာကြည့်ရာ၌ ယခုနှစ်မှာတော့ ဈေးအမြင့်ဆုံးရလျက်ရှိရာ ပဲဈေးကွက်မှာရော နှစ်အလိုက်ဈေးနှုန်းအရရော ဈေးကောင်းခဲ့တဲ့ သီးနှံဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ နိုဝင်ဘာမှာ မတ်ပဲတစ်တင်း ၁၈၅၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်အထိသာရရှိခဲ့ပြီး၊ ပြည်ပဝယ်လက်ပဲဈေးကွက်မှာ ၎င်းနှစ်တွင် ပဲတီစိမ်း၊ ပဲစင်းငုံတို့ထက်လည်း ဈေးလျော့နည်းရရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာမှာတော့ ယခင်ကထက် ဈေးပိုလာသော်လည်း ပြည်ပဝယ်လက်ပဲဈေးထဲမှာ အခြားပဲများထက် ဆက်လက်ဈေး လျော့နည်းနေခဲ့ပါတယ်။ ပဲတစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၈၃၀၀ ကျပ်အထိသာရရှိခဲ့ပြီး၊ ယခုနှစ်အတွင်းမှာတော့ ပဲလက်ကျန်ရှားချိန် မျိုးပဲအဝယ်လိုက်ချိန်မှစ၍ ပဲဈေးမှာ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပြီး တစ်တင်း ၇၀၀၀၀ ကျပ်မှ ၇၂၀၀၀ ကျပ်ထိ ရရှိခဲ့လို့ ယခင်နှစ်ဈေးရဲ့ ၃ ဆခန့် ပိုရရှိခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံကတော့ မတ်ပဲနဲ့ယှဉ်ရင် နှစ်စဉ်ဈေးကောင်းရနေတယ်လို့ ဆိုရမှာဖြစ်သော်လည်း ယခုနှစ်မှာတော့ မတ်ပဲဈေးက ပဲတီစိမ်းထက်ဈေးပိုသွားပြီး ပဲတီစိမ်းမှာ တစ်တင်း ၄၀၀၀၀ ကျပ်မှ ၄၀၅၀၀ ကျပ်ဈေးရရှိခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံဈေးမှာ နှစ်အလိုက်နှိုင်းယှဉ်ရာ၌ တစ်နှစ်ထက်တစ်နှစ် ဈေးပိုခဲ့ပြီး မတ်ပဲကဲ့သို့ သိသိသာသာဈေးမြင့်တက်လာခြင်းမဟုတ်ခဲ့ပါ။ ၂၀၁၃ ခုနှစ်တွင် ပဲတီစိမ်း တစ်တင်း ၂၇၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်၊ ၂၀၁၄ ခုနှစ်နိုဝင်ဘာတွင် ယခင်နှစ်ထက် ဈေးအနည်းငယ်ပိုလာကာ တစ်တင်း ၃၃၇၀၀ ကျပ်မှ ၃၉၀၀၀ ကျပ်၊ ၂၀၁၅ ခုနှစ်မှာ တစ်တင်း ၄၀၀၀၀ ကျပ်မှ ၄၀၅၀၀ ကျပ်ရရှိခဲ့ပြီး ဝယ်ယူမှုကတော့ မန္တလေးဝယ်လက် အဓိကထားဝယ်ယူနေတာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံဈေးကို နှစ်အလိုက်နှိုင်းယှဉ်ရာမှာတော့ ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် ဈေးအေးခဲ့ပြီး တစ်တင်း ကျပ်နှစ်သောင်းအောက်သာရရှိခဲ့ပါတယ်။ ၎င်းနှစ်များက အခြားပဲများနဲ့ယှဉ်ရင်လည်း ဈေးလျော့နည်းခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ယခုနှစ်မှာတော့ ကုလားပဲသီးနှံဟာ ပြည်ပဝယ်လက်ပဲများနဲ့ အပြိုင်ဈေးမြင့်တက်လာခဲ့ရာ ကျပ်သုံးသောင်းကျော်အထိ ဈေးကောင်းရခဲ့ပါတယ်။ ဩဂုတ်လလယ်မှစ၍ ပဲဈေးမှာ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ယခုအချိန်မှာတော့ မျိုးပဲလည်း အဝယ်လိုက်ချိန်ဖြစ်လို့ ပဲဈေးက လက်ကားဈေးရော မျိုးပဲဈေးပါ ဈေးကောင်းရရှိခဲ့ပါတယ်။ ပဲလှော်ဖိုလုပ်ငန်းသမားများမှ နေ့စဉ်အိတ် ၂၀၀ ကျော်အဝယ်ရှိလို့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ အခြားပဲများကဲ့သို့မဟုတ်ဘဲ တစ်နှစ်ထက် တစ်နှစ် ဈေးလျော့နည်းသွားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရခဲ့ပြီး ပြည်ပဝယ်လက်ပဲများထက်လည်း ဈေးပိုရခဲ့ကာ ပဲကြီး (ရွှေကျွန်း) တစ်တင်း ၄၂၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၄၀၀၀၀ ကျပ်ဖြင့် နိုဝင်ဘာလအတွင်း ဈေးအတက်အကျမရှိဘဲ ဈေးအမြင့်နဲ့သာ ဈေးဆက်ငြိမ်နေခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ပဲကြီးသီးနှံဈေးဟာ ဈေးလျော့နည်းသွားခဲ့ပြီး ယခင်နှစ်ဈေးရဲ့ ထက်ဝက်ခန့်သာ ရရှိလို့ (ရွှေကျွန်း) တစ်တင်း ၂၃၀၀၀ ကျပ်မှ ၂၃၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၁၇၅၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်ခန့်သာရရှိခဲ့ပြီး တစ်နှစ်တာလုံး ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာတော့ ပဲကြီးသီးနှံဟာဈေးပြန်ကောင်းလာခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲထဲမှာ ကုလားပဲသီးနှံနဲ့အပြိုင် ဈေးကောင်းလာခဲ့တာကို တွေ့ရပါတယ်။ ဝယ်လက်ကတော့ ဒေသတွင်းပဲလှော်ဖိုသမားများသာ အဝယ်ရှိလို့ အိတ် ၁၅၀ ကျော်နေ့စဉ် အရောင်းအဝယ်အဝယ်ဖြစ်ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲကြီးဈေးမှာ (ရွှေကျွန်း) တစ်တင်း ၃၄၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်မှ ၃၂၅၀၀ ကျပ်ရရှိနေခဲ့ပေမယ့် ကုလားပဲသီးနှံဈေးထက်တော့ ဈေးလျော့နည်းနေခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာလည်း ပဲကြီးသီးနှံကဲ့သို့ပင် ရှေ့ကနှစ်များထက် ဈေးလျော့နည်းလာခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှာ တစ်တင်း ၂၄၀၀၀ ကျပ်မှ ၂၅၀၀၀ ကျပ်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှာ ဈေးထပ်မံလျော့သွားပြီး တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် နိုဝင်ဘာလ တစ်လလုံး ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်နိုဝင်ဘာလမှာတော့ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့်သာ အခြားပဲများနဲ့ယှဉ်ရင်လည်း ဈေးအနိမ့်ဆုံး ရခဲ့တာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာ ပဲသစ်ပေါ်စနဲ့ ပဲအထွက်လှိုင်ချိန်များတွင်သာ လက်လီ၊ လက်ကား အရောင်းအဝယ်သွက်ပေမယ့် ကျန်အချိန်များမှာတော့ လက်ကျန်ပဲအနည်းငယ်သာ လက်လီသမားဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာပထမပတ်ပဲဈေးကွက် ဆောင်းပဲ အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာပထမပတ်ပဲဈေးကွက်မှာ ပဲဟောင်းအရောင်းအဝယ် ပါးခဲ့ပေမယ့် ဆောင်းပဲတစ်မျိုးဝင်လာပြီး အနည်းငယ်အရောင်းအဝယ်သွက်လာတာတွေ့ရပါတယ်။

ပဲဟောင်းဈေးကွက်မှာ ကုလားပဲအုပ်စုက အမြင့်ဈေးနဲ့တန့်ခဲ့ရာ ထိုင်ဝမ်တစ်တင်း ၃၆၀၀၀ ကျပ်၊ V2 တစ်တင်း ၃၅၈၀၀ ကျပ်နဲ့ 929 တစ်တင်း ၃၆၀၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ခဲ့ပြီး ပဲကြီးကတော့ တစ်တင်း ၂၉၅၀၀ ကျပ်နဲ့ ၃၂၅၀၀ ကျပ် ပေါက်ဈေးနဲ့ လုပ်ငန်းသမား ပုံမှန်အဝယ်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ပဲနီလုံးကြားနဲ့ စွန်တာနီဈေးကွက်မှာလည်း မကြာခင်ပဲသစ် အဝင်လှိုင်တာကြောင့် ၁၇၅၀၀ ကျပ် မှ ၁၆၀၀၀ ကျပ်အထိ ကျဈေးဖြစ်ခဲ့တာတွေ့ရပါတယ်။

ပဲသစ်ဈေးကွက်အနေနဲ့ သက်နုပဲစင်းငုံအသစ် အနည်းငယ်ဝင်ရောက်ပြီး တစ်တင်း ၅၀၀၀၀ ကျပ်မှ ၅၂၀၀၀ ကျပ်အထိ ပေါက်ဈေးဖြစ်ခဲ့ကာ မတ်ပဲတစ်တင်း အဟောင်းလက်ငုတ်ဈေးအတိုင်း တစ်တင်း ၇၀၀၀ ကျပ် ၇၂၀၀၀ ကျပ်ဈေးများနဲ့ ဝယ်လိုအားရှိနေတယ်လို့ဆိုပါတယ်။ စိမ်းကြီးက တစ်တင်း ၃၈၀၀၀ကျပ် အထိ ဈေးမြှင့်ဝယ်ယူမှုရှိသလို စိမ်းသေးလည်း ယခုတစ်ပတ်မှာ တစ်တင်း ၄၀၇၀၀ ကျပ်အထိ အမြင့်ဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ချင်းတွင်း အထက်ပိုင်းက အများစုဝင်ရောက်လာတဲ့ ဆောင်းပဲအသစ်တွေဖြစ်ကြတဲ့ ပဲလွန်းဖြူနဲ့ လွန်းပြာက ဒီနှစ်ဈေးကွက်အဖွင့်မှာ အမြင့်ဈေးအသီးသီးဖြစ်ပေါ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလမှာ လွန်းဖြူတစ်တင်း ၂၀၇၀၀ကျပ်ခန့်သာရှိခဲ့ရာက ယခုတစ်ပတ်မှာ ၃၃၀၀၀ကျပ်အထိလည်းကောင်း၊ လွန်းပြာက ပြီးခဲ့တဲ့ရာသီအစက တစ်တင်း ၁၄၀၀၀ကျပ်ပေါက်ခဲ့ရာက ယခုတစ်ပတ်ဈေးအဖွင့်မှာ တစ် တင်း ၂၇၀၀၀ ကျပ်အထိ ဈေးကောင်းရခဲ့တာ တွေ့ရပါတယ်။

လာမယ့်ဆောင်းပဲတွေဈေးကွက်ထဲ စုံညီစွာ ဝင်ရောက်လာချိန်မှာ ပြည်ပဝယ်လက်တွေ ဈေးကောင်းပေးဝယ်ချင်အောင် မိမိတို့စိုက်ပျိုးထားတဲ့ ပဲတွေကို စနစ်တကျရိတ်သိမ်းခြွေလှေ့ထားနိုင်အောင် မုံရွာပွဲစားကုန်သည်တွေအနေနဲ့ မိမိတို့မိတ်ဆွေတောင်သူတွေကို အကြံပေး လမ်းညွှန်သင့်တယ်လို့ ဒေသခံကုန်သည်တွေကဆိုပါတယ်။

**ထွန်းလှိုင်-မုံရွာ**


## ပြည်ပဲလွန်းဖြူပဲသစ်များ လက်လီသာအရောင်းအဝယ်ဖြစ်နေ

ယခု ဒီဇင်ဘာလဆန်းမှာ ပြည်ပဲဈေးကွက်သို့ ပဲသစ်အချို့ဆက်လက်ဝင်ရောက်နေခဲ့ရာ ပဲလွန်းဖြူသီးနှံမှာလည်း တစ်ရက် ၁၀ အိတ်ကျော် ၁၅ အိတ်ခန့်အထိ ဝင်ရောက်လာပြီဖြစ်ပါတယ်။ ယခုအချိန်မှာတော့ အဝယ်ရှိသော်လည်း ပဲဝင်ရောက်မှုနည်းနေတဲ့အတွက် လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၁၀၀၀ ကျပ်ဖြင့် ပဲသစ်ပေါ်စဈေးအတိုင်း ဈေးအမြင့်နဲ့ ဆက်ငြိမ်နေခဲ့ပါတယ်။

ယခင်နှစ်ကာလတူ အချိန်ဈေးမှာ တစ်တင်း ၁၆၅၀၀ ကျပ်သာ ရရှိခဲ့ပြီး တစ်နှစ်လုံး ဈေးအေးခဲ့ပေမယ့် ယခုနှစ်ကတော့ ပဲသစ်ဝင်ချိန်မှစ၍ ဈေးမှာ ကျပ်သုံးသောင်းအထက်ရရှိလို့ ဈေးကောင်းခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ဘိုကိတ်ပဲသစ် ဝင်ရောက်မှုများလာသလို ဈေးလည်းပိုရလာခဲ့



ပြည်ပဲဈေးကွက်သို့ ဆောင်းဦးပဲသစ်များ ဝင်ရောက်လျက်ရှိရာ ဘိုကိတ်ပဲသီးနှံဟာလည်း နိုဝင်ဘာလမှစ၍ အဝင်ရှိခဲ့ပြီး ယခု ဒီဇင်ဘာလဆန်းမှာ ပန်းတောင်း၊ ကံမနဲ့ ပြည်၊ အောင်လံကြားဒေသတစ်ဝိုက်မှ ဝင်ရောက်ခဲ့လို့ တစ်ရက်အိတ် ၄၀ ကျော် ၅၀ အထိ အဝင်ရှိခဲ့ပါတယ်။

ပဲသစ်များအား ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက် မြို့နယ်များမှ အဝယ်ရှိလို့ ဝင်ရောက်လာသမျှ ပဲများ ရောင်းချခဲ့ကြပြီး ပဲဈေးမှာလည်း ပဲသစ်ပေါ်စအချိန်ထက် ဈေးမြင့်လာခဲ့ကာ တစ်တင်း ၃၀၀၀၀ ကျပ်ထိ ရရှိလာခဲ့ပါတယ်။

ဘိုကိတ်ပဲဈေးမှာ ယခုနှစ်မှာ ပဲသစ်ပေါ်ချိန်မှစ၍ ဈေးကောင်းရလာတဲ့အတွက် ပဲစိုက်တောင်သူများ အကျိုးအမြတ်ပိုမယ်လို့လည်း သိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ကြက်သွန်

### ဈေးကွက်မျှော်လင့်ချက်နဲ့ မုံရွာကြက်သွန်နီစိုက်ကေတိုးချဲ့

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြက်သွန်နီ အများဆုံးစိုက်ပျိုးရာဒေသတစ်ခုဖြစ်တဲ့ မုံရွာမြို့နယ်မှာ ပြီးခဲ့တဲ့ရာသီက ဆောင်းကြက်သွန်နီဧက ၆၀၀၀ နီးပါးသာ စိုက်ပျိုးခဲ့ကြပြီး ဥဖော်ချိန် ရွာခဲ့တဲ့မိုးကြောင့် အထားမခံဘဲ အပျက်အစီးများခဲ့ရာ တောင်သူအများစုက အမြင့်ဈေးမှာ မမှီခဲ့ကြဘဲ ဆုံးရှုံးမှုရှိခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ဒီနှစ်ကြက်သွန်ဈေးကွက်မှာ စံချိန်တင်ဈေး တစ်ပိဿာ ၄၀၀၀ ကျပ်အထိရရှိခဲ့လို့ ဈေးကွက်မျှော်လင့်ချက်ရှင်သန်လာခဲ့တဲ့အတွက် ယခုနှစ်ဆောင်းကြက်သွန်နီ စိုက်ဧကတွေတိုးလာဖွယ်ရှိပြီး ယခုလ ပထမပတ်အထိ မုံရွာနယ်မှာ ဧက ၃၃၅၀ ခန့်စိုက်ပြီးဖြစ်တယ်လို့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

ဒီနှစ်ဆောင်းကြက်သွန်နီ စိုက်ပျိုးစရိတ်အနေနဲ့ ပြီးခဲ့တဲ့ နှစ်ကထက်လုပ်သားရှားပါးမှုကြောင့် လုပ်အားခကုန်ကျငွေ အနည်းငယ်မြင့်မားလာကာ တစ်ဧကအတွက် ပျိုးထောင်၊ ပျိုးစိုက်၊ ဥဖော်၊ မြိတ်ဖြတ်၊ ဆေးဖြန်း၊ ရေသွင်းခြင်းတွေအတွက် လုပ်သားဦးရေ ၂၀၀ ခန့်အသုံးပြုရပြီး တစ်ဦးနေ့တွက် ၃၀၀၀ ကျပ်နဲ့ဆိုရင် စုစုပေါင်း လုပ်အားခ ကျပ်ခြောက်သိန်းခန့် ကုန်ကျငွေရှိတယ်လို့ ကျွဲရဲ (တောင်) ကျေးရွာက ကြက်သွန်နီတောင်သူ ဦးသိန်းဝင်းက ဆိုပါတယ်။

တစ်ဧကအတွက် မျိုးဖိုးကျပ် တစ်သိန်း၊ မြေပြင်၊ ထွန်၊ ထယ်ငှားခ ကျပ် ၁ ဒသမ ၅ သိန်းနဲ့ သွင်းအားစု (မိုး) အနည်းဆုံး ကျပ်ငါးသောင်းနဲ့ ဆိုရင် စုစုပေါင်း တစ်ဧက စိုက်ပျိုးစရိတ်ဟာ ကျပ် ကိုးသိန်းဝန်းကျင်ရှိနိုင်တယ်လို့ တောင်သူအများစုက ပြောပါတယ်။ တစ်ဧက ပိဿာချိန် ငါးထောင်ထွက်မယ်ဆိုရင် တစ်ပိဿာ ကုန်ကျစရိတ်ဟာ ကျပ် ၁၈၀ ရှိမှာမို့ လာမယ့်ကြက်သွန်နီပေါ်ချိန်မှာ ဖြစ်ပေါ်လာမယ့် ပေါက်ဈေးအရ အရှုံးအမြတ် အနည်းအများ ဖြစ်ပေါ်စေနိုင်သလို ပြီးခဲ့တဲ့ နှစ်ကကြက်သွန်ပေါ်ချိန် တစ်ပိဿာပေါက်ဈေး ၂၄၀ ကျပ်-၂၅၀ ကျပ်ထက် မြင့်နိုင်ဖွယ်ရှိတယ်လို့ တောင်သူတွေမျှော်လင့်ထားကြောင်း သိရပါတယ်။

စစ်မှန်တဲ့ မျိုး၊ စနစ်ကျတဲ့ စိုက်ပျိုးမှု၊ လိုအပ်တဲ့ သွင်းအားစုတို့ကို အနုတ်အသိမ်းမှန်စွာ သုံးစွဲနိုင်မှုနဲ့ ကောင်းမွန်တဲ့ သိုလှောင်မှုတွေပိုင်ဆိုင်တဲ့ တောင်သူတွေအနေနဲ့ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝတဲ့အတွက် ကြာရှည်သိုလှောင်နိုင်ကာ ဈေးကောင်းခံစားကြရတယ်လို့ တောင်သူတွေက ဆိုပါတယ်။

ယခုနှစ် ဆောင်းကြက်သွန်နီ စိုက်ပျိုးရာသီမှာ စိုက်ပျိုးစရိတ် မြင့်မားနေလို့ အရင်းအနှီး အနည်းငယ် ခက်ခဲပေမယ့် ကောင်းမွန်လာနိုင်တဲ့ ဈေးကွက်မက်လုံးကြောင့် မုံရွာနယ်က တောင်သူအများစု အားပြုတိုးချဲ့ စိုက်ပျိုးလျက်ရှိတာ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

### မူဆယ်ကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီတင်သွင်း

မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း ထောက်ခံချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်ဖြင့် တရုတ်ကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ နိုဝင်ဘာ ၂၉ ရက်မှစပြီး တစ်ကီလိုဂရမ်ကို သုည ဒသမ ၅၅ ဒေါ်လာနဲ့ ခွင့်ပြုပေးခဲ့ရာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဒီဇင်ဘာလ ၃ ရက်ထိ ကန်ဒေါ်လာ ၅၄၅၀၅ တန်ဖိုးရှိကြက်သွန်နီ ၉၉ တန်ကျော် တင်သွင်းခဲ့ပါတယ်။

“တရုတ်ကြက်သွန်နီတွေဈေးကွက်ထဲ ဝင်လာပါက ပြည်တွင်း ကြက်သွန်နီဈေးကျသွားမယ်။ ပြည်တွင်း ကြက်သွန်နီအသစ်က ဒီဇင်ဘာလလယ်လောက်မှာပေါ်မှာဖြစ်လို့ အဲဒီအချိန်လောက်မှ ကြက်သွန်နီဈေး ကျဆင်းသွားနိုင်မယ်”လို့ ကြက် သွန်နီပွဲရုံပိုင်ရှင်တစ်ဦးကပြောပါတယ်။

ပြည်ပမှ ကြက်သွန်နီ တရားဝင်တင်သွင်းခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်ပြီး ယခုလို ဈေးအဆမတန် မြင့်တက်သွားခြင်းမှာလည်း ပထမဆုံးအကြိမ်ဖြစ်တယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှသတင်းရရှိပါတယ်။

**မော်မော်အောင်**

## ချင်း

### အောင်ပန်းချင်းဈေးကွက် ချင်းဓားလှီးသမားတွေ အဝယ်သွက်

ဒီတစ်ပတ်တော့ အောင်ပန်းချင်းဈေးကွက်မှာ ချင်းစိုအသစ်တွေ အဝင်များနေပါတယ်။ သီတင်းကျွတ်ကာလကစပြီး အဝင်နည်းသွားတဲ့ပစ္စည်းတွေဟာ တန်ဆောင်တိုင်ပွဲတော်ကြီးပြီးသွားတဲ့ ယခုတစ်ပတ်မှာ တောင်သူ တွေကလည်း လုပ်ငန်းခွင်ပြန်ဝင်လာလို့ ပစ္စည်းတွေအဝင်များလာပါတယ်။ ငါးရက်တစ်ဈေးကို ပိဿာချိန်ပေါင်း နှစ်သောင်းခွဲမှ သုံးသောင်းခွဲခန့် အဝင်ရှိလာတယ်လို့သိရပါတယ်။

တောင်သူတွေကတော့ ပြည်ပဝယ်လက်ကို မျှော်နေပေမဲ့ ပြည်ပဝယ်လက်ကတော့ အခုထိမရှိသေးဘဲ ပြည်တွင်းသုံးဖြစ်တဲ့ ချင်းထိုးသမားတွေသာရှိနေပါတယ်။ပြည်ပဝယ်လက်သာရှိရင် ဒီထက်မက ဖြုန်းအားရှိနိုင်တယ်လို့လည်း ဒေသခံတွေထံကသိရပါတယ်။ ပြည်တွင်းချင်းထိုးသမားတွေကလည်း ဝယ်လိုအားကောင်းနေပါတယ်။

တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန်ပေါင်း တစ်သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းချင်းဈေးကွက်ကိုဝင်တဲ့ ချင်းကတော့ ဓားလှီးချင်းသမားတွေအဓိကဝယ်ယူကြတာကြောင့် အောင်ပန်းဈေးကွက်က လက်ကားဈေးကွက်ကြီးဖြစ်ပါတယ်။ လက်ကားဈေးကွက်မှာ ချင်းစိုကတစ်ပိဿာကို ၅၀၀ ကျပ်မှ ၅၅၀ ကျပ်ပေါက်ပါတယ်။ တောင်ကြီးဈေးကွက်မှာလည်း အနီးအနားပတ်ဝန်းကျင်ကဝင်တဲ့ချင်းစိုတွေကို ဒေသတွင်းသုံး မီးဖိုချောင်သုံးအတွက် လက်လီဈေးကွက်ရှိပြီး တစ်ပိဿာကို ၁၀၀၀ ကျပ်မှ ၁၂၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးချင်းထွက်လာပြီး တောင်ကြီးဈေးကွက်ကိုဝင်လာရင်တော့ လက်ကားဈေးကွက်အတွက် အရည်အသွေးမမီတဲ့ ချင်းစိုတွေ တောင်ကြီးဈေးကွက်ကို မီးဖိုချောင်သုံးပစ္စည်းအဖြစ်ဝင်ရောက်လာနိုင်လို့ လက်လီဈေးက ဒီထက်ဈေးကျသွားနိုင်တယ်လို့ ဈေးကွက်ကသိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးအနည်းငယ်ကျပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ချင်းဈေးမှာ ယခင်တစ်ပတ်က ချင်းတက် တစ်ပိဿာ ကျပ် ၉၀၀ -၁၂၀၀ ကျပ်ရှိပြီး၊ ယခုတစ်ပတ် မှာ ၇၀၀ ကျပ်မှ ၁၀၀၀ ကျပ်နဲ့ ရောင်းဝယ်လျက်ရှိလို့ တစ်ပိဿာကို ၂၀၀ ကျပ်ခန့်ဈေးအနည်း ငယ်ကျသွားပါတယ်။ ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးနယ်မှ အလှူပွဲများပြီးနောက် တောင်သူတွေနဲ့ ပွဲရုံတွေရော၊ ကုန်သည်တွေပါ အလုပ်များပြန်လည်လုပ်ကိုင်နေပြီဖြစ်သဖြင့် ချင်းများပြန်လည်အဝင်များလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ပြည်ချင်းဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့် အဝင်ရှိပြီး တောင်ပေါ်ဈေးလည်းကျ၍ မှာယူမှုအပေါ်မူတည်ပြီး ဈေးအနည်းငယ် ကျသွားရခြင်းဖြစ်တယ်လို့ ပွဲရုံဈေးကွက်မှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်နေ့ပိဿာချိန် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပြည်ဈေးကွက်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၅၀ ခန့် တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၆ တန်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၉၇ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ယခုသီတင်းပတ်တွင် သီဟိုဠ်စေ့တင်ပို့နိုင်ခြင်း မရှိတာကြောင့် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက မြဝတီကုန်သွယ်ရေးဇုန်က ၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပြီး ကော့သောင်းကုန်သွယ်ရေးစခန်းက တင်ပို့နိုင်ခြင်းမရှိခဲ့ဘူးလို့ သိရှိရပါတယ်။

**ခင်မြနွယ်**

## နန္နင်း

### ဟိုပုံးဈေးကွက်ကိုဝင်လာတဲ့ တောင်ပို့နန္နင်း

ဟိုပုံးဈေးကွက်မှာ ရှမ်းနန္နင်းလည်း တစ်စိမ့်စိမ့်တော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်မှာရှိတဲ့ နန္နင်းဟာလည်း ပြည်တွင်း၊ ပြည်ပကို စီးဆင်းမှုမရှိပေမယ့် ဒေသတွင်း မှာတော့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဟိုပုံးနန္နင်းကိုတော့ ပြည်ပဝယ်လက်တွေက ကြိုက်တဲ့အတွက် ဒီနှစ်မှာ နန္နင်းဈေးကွက်က အောင်ပန်းမှာထက် ဟိုပုံးမှာကပိုပြီး အရောင်းအဝယ် ဖြစ်နေပါတယ်။ အောင်ပန်းဈေးကွက်က ထိပ်စတွေဖြစ်တဲ့ တောင်ပို့လစကိုတော့ ဟိုပုံးဈေးကွက်ကို ပြန်ပို့နေရတဲ့အတွက် ဒေသတွင်း ဈေးကွက်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ဟိုပုံးမှာလည်း နန္နင်းလက်ကျန်က များနေပါသေးတယ်။ အခုလိုပဲ အရောင်းအဝယ်ဖြစ်နေရင် ဟိုပုံးနဲ့ အောင်ပန်းဈေးကွက်မှာရှိတဲ့ နန္နင်းလက်ကျန်တွေက နောက်တစ်နှစ် အသစ်ထပ်ဝင်မယ့် နန္နင်းသစ်တွေ ပေါ်လာချိန်ထိ ကျန်နေနိုင်သေးတယ်လို့ ပွဲရုံတွေက သိရှိရပါတယ်။

ဟိုပုံးနန္နင်းကတော့ ပြီးခဲ့တဲ့တစ်ပတ်ကလိုပဲ မူဆယ်ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် သုံးသောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ တစ်ပိဿာပေါက်ဈေးကတော့ အရည်အသွေးပေါ်မူတည်ပြီး ၁၇၀၀ ကျပ်မှ ၁၇၅၀ ကျပ်ရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ နန္နင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ၁၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၅၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### နန္နင်း အပို့လျော့

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း နန္နင်း ၁၂၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၄၂၀၀ တန်ဖိုးရှိ နန္နင်းတန် ၂၀ ကို မလေးရှားနိုင်ငံ၊ ကန်ဒေါ်လာ ၁၂၇၈၀ တန်ဖိုးရှိ နန္နင်း ၁၈ တန်ကို စင်ကာပူ၊ကန်ဒေါ်လာ ၁၀၆၅၀ တန်ဖိုးရှိနန္နင်း ၁၅ တန် ကို ထိုင်းနိုင်ငံနဲ့ ကန်ဒေါ်လာ ၂၀၅၉၂၀ တန်ဖိုးရှိ နန္နင်း ၂၈၈ တန်ကို ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် နန္နင်းတန်ချိန် ၃၄၀ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၂၁၀ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## ပေါ်စပြည်ကြက်သွန်နီဈေးဆက်တက်

ဒီဇင်ဘာပထမပတ် ပြည်ကြက်သွန်နီပွဲရုံများတွင် ကြက်သွန်နီအသစ်တွေ နိုဝင်ဘာနောက်ဆုံးပတ်မှာ စတင်တွေ့ရှိရ၍ ဈေးများကျလာမည်ဟု မျှော်လင့်နေကြတဲ့ အိမ်ရှင်မများ ရက်အနည်းငယ်သာ ဈေးကျလာပေမယ့် ယခုတစ်ပတ်တွင် ဈေးပြန်တက်လာတာ တွေ့ရပါတယ်။ ပွဲရုံပိုင်ရှင်တစ်ဦးရဲ့ ပြောပြချက်အရ ဈေးကွက်တွင် တရုတ်ကြက်သွန်နီများဟာ ဈေးမကျဘဲ တစ်ပိဿာရောင်းဈေး ၂၆၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး အသစ်ထွက်ပေါ်လာတဲ့ ကြက်သွန်နီဟာ ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်မှုမရှိခြင်း၊ စားသုံးမှုနဲ့သုံးစွဲရာတွင် မြန်မာဒေသထွက်ကြက်သွန်လောက် မကောင်းတာကြောင့် မြန်မာကြက်သွန်နီဈေးက ဈေးအနည်းငယ် ဆက်တက်နေသေးတာဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီ (ပွဲရုံဈေး) တစ်ပိဿာကို (ကြီး) ကျပ် ၃၀၀၀၊ (လတ်) ကျပ် ၂၇၀၀၊ (သေး) ကျပ် ၂၆၀၀ တို့ဖြစ်ပြီး၊ ဒေသတွင်း လက်လီရောင်းဈေး (ကြီး) ကျပ် ၃၂၀၀၊ (လတ်) ကျပ် ၃၀၀၀၊ (သေး) ကျပ် ၂၈၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ သောင်းပြောင်းရောရာ (ဂွန်ဈေး)ကတော့ တစ်ပိဿာ ကျပ် ၂၈၀၀ ဖြစ်ကြောင်းလည်း သိရပါတယ်။ တစ်နေ့ကို ကြက်သွန်နီသစ် အိတ်ရေ ၈၀၀ နီးပါးအဝင်ရှိပြီး အရောင်းအဝယ် အနေဖြင့် အိတ် ၂၅၀ ခန့် ရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

Vol: 15, No.47 Monday December 7 2015

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အတွက်သာ ရည်ရွယ်သော ဆင်းမ်ကတ်များကို MPT မှ စတင်ရောင်းချ

ရှေ့ဆောင် အစီအစဉ်သစ်တစ်ခုအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအတွက် ရည်ရွယ်သည့် သီးသန့် ဆင်းမ်ကတ်များကို ထုတ်လုပ်ရောင်းချသော အစီအစဉ်ကို မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)က စတင်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များအနေဖြင့် ဖုန်းခေါ်ဆိုမှုနှင့် အင်တာနက် အသုံးပြုမှုအတွက်ပါ ငွေကြိုတင်ဖြည့်သွင်းထားသည့်တယ်လီဖုန်း ဆင်း(မ်)ကတ်များကို ဝယ်ယူအသုံးပြုနိုင်တော့မည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ခေတ်စားလာသော "အမြဲချိတ်ဆက်နေရမည်" ဟူ သည့် ခရီးသွားများအတွက် အဓိကအချက်သည် ဆက်သွယ်ရေးအော်ပရေတာများအတွက် စိန်ခေါ်မှုအသစ်တစ်ခုဖြစ်လာခဲ့သည်။ မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် MPTက သီးသန့်ဝန်ဆောင်မှုတစ်ခုကို ယခုကဲ့သို့ ရှေ့ပြေးစတင်လိုက်ခြင်းဖြစ်သည်။ ဤဆင်းမ်ကတ်အသစ်များအတွက် ဈေးနှုန်းမှာ တစ်သောင်းကျပ်သာကျသင့်မည်ဖြစ်ပါသည်။ အဆိုပါဆင်းမ်ကတ်တွင် အင်တာနက်ကို 1.5 GB အထိ အသုံးပြုနိုင်ခြင်း၊ ဖုန်းခေါ်ဆိုမှုနှင့် စာတိုပေးပို့မှုအတွက် အသုံးပြုရန် လက်ကျန်ငွေ ငါးထောင်ကျပ် ပါဝင်မည်ဖြစ်သည်။ (ပြည်တွင်းဖုန်း ခေါ်ဆိုမှုများနှင့် စာတိုပေးပို့မှုတို့ကိုဆွေသဟာ အစီအစဉ်မှဈေးနှုန်းများအတိုင်း အသုံးပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတကာသို့လည်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။)

"ခရီးသွားရာသီ စတင်လာတာနဲ့ တစ်ကမ္ဘာလုံးကနေ ရောက်လာမယ့် သန်းပေါင်းများစွာသော ခရီးသွားတွေကိုကြိုဆိုဖို့မြန်မာနိုင်ငံက အဆင်သင့်ဖြစ်နေပါပြီ''ဟု MPT-KSGM Joint Operations ၏ Chief Commercial Officerဖြစ်သူ Mr. Koichi Kawaseက ပြောသည်။

ဒီနေ့ခေတ်မှာ ကမ္ဘာလှည့်ခရီးသွားဧည့်သည် တော်တော်များများက အင်တာနက်ကို အမြဲသုံးတဲ့သူတွေ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာအနေနဲ့ ဒီလိုရှေ့ဆောင် အစီအစဉ်သစ်တစ်ခုအနေဖြင့် ယခုလိုဝန်ဆောင်မှုတွေကို စတင်ရင်း လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ ခံယူထားပါတယ်။ ငွေကြိုဖြည့်ပေးထားတဲ့ ဆင်း(မ်)ကတ်တွေကို ရောင်းချပေးရင်း ခရီးသွားဧည့်သည်တွေကို အတွေ့အကြုံအသစ်တွေ ခံစားစေ လိုပါတယ်။ မြန်မာပြည်ကို လာရောက် လည်ပတ်တဲ့ဧည့်သည်တိုင်းက မြန်မာ ပြည်ရဲ့ အကြီးဆုံး ဆက်သွယ်ရေး ကွန်ရက်ဖြစ်တဲ့ MPT ကွန်ရက်ကို ချိတ်ဆက် ပြီး တစ်နိုင်ငံလုံးအနှံ့ ခရီးသွားလာရင်းအဆင့်မြင့် 3G နည်းပညာတွေ ကို ခံစားအသုံးပြုနိုင်မှာပါ"ဟု Mr. Koichi Kawase က ဆက်လက် ပြောကြားသည်။

MPT ၏ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက် ထုတ်လုပ်ရောင်းချသည့်ဆင်းမ်ကတ်၏ အင်တာနက် ဒေတာ 1.5 GB နှင့် ဖုန်းဘီလ်ငွေ ငါးထောင်ကို ၁၀ ရက်အတွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ သတ်မှတ်ရက်ကုန်ဆုံးချိန်တွင် ဆက်လက်အသုံးပြုလိုပါက ဆွေသဟာဆင်းမ်ကတ်များ အသုံးပြုသကဲ့သို့ ကြိုတင်ငွေဖြည့်ကတ်ဝယ်ယူကာ ဖြည့်စွက်အသုံးပြုနိုင်သည်။

လက်ရှိတွင် MPT ၏ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအတွက်ဆင်း(မ်)ကတ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ MPT အရောင်းကောင်တာတွင် အဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်မည်ဖြစ်သည်။ မကြာမီအချိန်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်အဝင်အထွက်များသည့် ဒေသများရှိ ဟိုတယ်များနှင့် ခရီးသွားဝန်ဆောင်မှုကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

MPT သည်သုံးစွဲသူများ၏ အကြံပေးမှုများနှင့် တုံ့ပြန်မှုများကိုအလေးထားဆောင်ရွက်လျက်ရှိသည်။ သုံးစွဲသူများအားဝန်ဆောင်မှုပေးခြင်းနှင့် တုံ့ပြန်မှုများကို နားထောင်ခြင်း၊ လူမှုကွန်ရက်များတွင် MPT အကြောင်း အသိပေးခြင်းနှင့် အကြံပေးမှုများကို ဆောင်ရွက်လျက်ရှိခြင်းနှင့် လှူဒါန်းမှုများအား လုပ်ဆောင်ခြင်းစသည်တို့ကို ပြုလုပ်ရင်း မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး ကဏ္ဍကို မြှင့်တင်ပေးလျက်ရှိပါကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ■

# ရွှေ၊ ငွေ သတ္တုတင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုအား အိန္ဒိယအစိုးရ လျှော့ချ

အိန္ဒိယအစိုးရသည် ရွှေနဲ့ ငွေသတ္တုတင်သွင်းခြင်းကို အခွန် စည်းကြပ်မှုအား လျှော့ချသတ်မှတ်ပေးလိုက် တယ်လို့ အီကောနောမစ်တိုင်း အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်ခန့်က ရွှေတင်သွင်းမှုအပေါ် ရွှေသတ္တု ၁၀ ဂရမ်လျှင် ၃၅၄ ဒေါ်လာနှုန်းနဲ့ ငွေတင်သွင်းမှု အပေါ် ငွေသတ္တု တစ်ဂရမ်လျှင် ၄၇၀ ဒေါ်လာနှုန်းနဲ့ စည်းကြပ်ထားရာမှ ယခုအခါ ရွှေသတ္တု ၁၀ ဂရမ်လျှင် ၃၄၄ ဒေါ်လာနှုန်းနဲ့ ငွေသတ္တု ၁ ဂရမ်လျှင် ၄၆၁ ဒေါ်လာနှုန်း လျှော့ချစည်းကြပ်ပေးလိုက်တာဖြစ်ပါတယ်။ ယခုကဲ့သို့ စည်းကြပ်ခွန်နှုန်းထား ပြောင်းလဲခြင်းဆိုင်ရာ ကြေငြာချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်နဲ့ ယစ်မျိုးခွန် ဗဟိုက ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးကလည်း ယခုအခါ သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းနေရာ ရွှေ ၁ အောင်စလျှင် ၁၀၅၆ ဒေါ်လာဈေးပေါက်နေပြီး ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလက စင်ကာပူမှာ ပေါက်ခဲ့တဲ့ အနိမ့်ဆုံးဈေးက ၁၀၅၂ ဒသမ ၈၃ ဒေါ်လာဖြစ်ပါတယ်။ ယနေ့ လန်ဒန်ရွှေပေါက်ဈေးကတော့ ၁ အောင်စကို ၁၀၅၆ ဒသမ ၄၀ ဒေါ်လာဖြစ်ပါတယ်။

အိန္ဒိယပြည်တွင်း ရွှေဈေးကွက်ပေါက်ဈေးမှာ လွန်ခဲ့တဲ့ လေးလပေါက်ဈေးထက် ရူပီး ၉၀ လျှော့ကျခဲ့ပြီး ရွှေ ၁၀ ဂရမ်လျှင် ၂၅၂၅ ရူပီးဈေးပေါက်နေပါတယ်။ ကျောက်မျက်ရတနာ မှာယူမှုများမှာလည်း ကျနေပြီး ငွေသတ္တု ဈေးကလည်း ရူပီး ၁၀၀ ခန့်ဈေးကျနေတဲ့အတွက် ၁ ကီလိုဂရမ်လျှင် ရူပီး ၃၄၀၀၀ ပေါက်နေပါတယ်။

ယခုနှစ် စက်တင်ဘာလကစပြီး ပြည်ပမှ ရွှေတင်သွင်းမှု ကန်ဒေါ်လာ ၂ ဘီလီယံသာရှိပြီး ယမန်နှစ် ကာလတူမှာ ကန်ဒေါ်လာ ၃ ဒသမ ၇၈၃ ဘီလီယံဖိုးတင်သွင်းနိုင်ခဲ့ပါတယ်။ ကျောက်မျက်နဲ့လက်ဝတ်ရတနာ တင်ပို့မှုဟာ ကျဆင်းနေပြီး အပ်ကုန်စနစ်နဲ့ ပေးထားတဲ့ ပစ္စည်းများပြန်လည် ပေးပို့မှုကလည်း မြင့်တက်နေပါတယ်။

ရွှေဟာ ရေနံပြီးရင် အိန္ဒိယနိုင်ငံရဲ့ ဒုတိယအများဆုံးသွင်းကုန်ပစ္စည်းဖြစ်ပါတယ်။ ပြည်ပမှ ရွှေအများအပြားတင်သွင်းမှုကြောင့် အိန္ဒိယရဲ့ သွင်းကုန်ဟာ ပို့ကုန်ထက် အသာစီးရရှိနေတယ်လို့ အစိုးရရဲ့ ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရသိရှိရပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ကုန်သွယ်ရေးဝန်ကြီးဌာနက ပြည်ပရွှေတင်သွင်းမှုအပေါ် စည်းကြပ်ခွန်များအား လျှော့ချပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အဆိုပြုထားခဲ့တာ ဖြစ်ပါတယ်။

CMK

# မူဆယ်(၁၀၅)မိုင် Mobile Team မှ ကျောက်စိမ်းများဖမ်းဆီးရမိ

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး၊ ပြည်သူလူထုစားသုံးရန် မသင့်သည့် ကုန်ပစ္စည်းများဝင်ရောက်မှုမရှိစေရေး၊ ကုန်သွယ်မှုတန်ဖိုး မြင့်တက်လာစေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ တိုးမြှင့်ရရှိစေရေးတို့အတွက် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိတဲ့ မူဆယ်စခန်းထုတ်နုတ် လှုပ်ရှားအဖွဲ့ အနေဖြင့် ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီ ၃၀ မိနစ်တွင် မူဆယ်(၁၀၅)မိုင်ဇုန်အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာသော ယာဉ်ငယ်များအား စစ် ဆေးနေစဉ် ရောက်ရှိလာသောယာဉ်အမှတ် (7D/------) Harrier (အနက်) ယာဉ်အား သတင်းအရ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ် နောက်ခန်းထိုင်ခုံအောက်နှင့် ရှေ့ခန်းထိုင်ခုံ အောက်တို့တွင် အံ့ဝှက်ပြုလုပ်၍ သိုဝှက်သယ် ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးနှင့် ကျောက်ဖြတ်စ ၃၈၀ ကီလို ဂရမ်အားတွေ့ရှိခဲ့သဖြင့် ကန့်သတ်ကုန်ပစ္စည်းများ တင်ဆောင်လာသောယာဉ်နှင့် ယာဉ်ပေါ်ပါပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရေး အကောက်ခွန်ဦးစီးဌာနတွင် အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MML







# မူဆယ်(၁၀၅)မိုင် Mobile Team မှ တမလန်းသစ်များ ဖမ်းဆီးရမိ

ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ်စခန်းထုတ်နုတ် Mobile Team အဖွဲ့အနေဖြင့် အေးရှားဝေါလ်တိုးဂိတ်အနီး မန္တလေးမှ မူဆယ်သို့ထွက်ခွာလာတဲ့ ယာဉ်ငယ်များအား စစ်ဆေးနေစဉ် ဒီဇင်ဘာ ၃ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိလာသော ယာဉ်အမှတ် (EE/------) Toyota Probox Succed ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ခန်းထိုင်ခုံအား ဖြုတ်၍ တင်ဆောင်လာသော တမလန်းဟုယူဆရသည့် သစ်တုံးဆိုဒ်စုံ (၉) တုံးအား ရှာဖွေတွေ့ရှိခဲ့သဖြင့် သစ်တောဥပဒေအရ တားမြစ်ကန့်သတ်ထားသောကုန်ပစ္စည်းအား တင်ဆောင်လာခြင်းဖြစ်သဖြင့် အဆိုပါယာဉ်နှင့် ယာဉ်ပေါ်ပါပစ္စည်းများအား သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

MML

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ ၊ ဒီဇယ် ၃၉၈ တန် ကျော်ဝင်

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၁၄၃၂၄၇ ကျော် တန်ဖိုးရှိ ဒီဇယ် ၉၉ဒသမ ၃၅၅ တန်နဲ့ ကန်ဒေါ်လာ ၁၈၅၈၆၆၉၂ တန်ဖိုးရှိ ဓာတ်ဆီ ၂၉၉ဒသမ ၀၈၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှု လမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ၉၇ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁ ဒသမ ၈ တန်ကျော် အဝင် ပိုခဲ့သလို ဓာတ်ဆီအဝင်မှာ တန်ချိန် ၂၅၀ ကျော်အဝင် ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် အောက်တိုဘာလမှာ ဓာတ်ဆီ၊ဒီဇယ်အဝင်စုစုပေါင်းမှာ တန်ချိန် ၁၃၆၀ ကျော်ရှိခဲ့ပြီး နိုဝင်ဘာလမှာ တန်ချိန် ၆၃၀ ကျော်သာရှိခဲ့တာကြောင့် နိုဝင်ဘာလမှာ တန်ချိန် ၇၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဒီဇင်ဘာ ပထမပတ်အတွင်း ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီးမှာ ဈေးငြိမ်နေပြီး ရန်ကုန်မှာဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးငြိမ်ခဲ့ပြီး၊ ဒီဇယ်ဈေး အနည်းငယ်ကျတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95) မှာ ဈေးကျလာ တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၃၀ ကျပ်၊အောက်တိန်း (92) ၆၅၀ ကျပ်၊ အောက်တိန်း (95) ၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ နိုဝင်ဘာလ ၃၀ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ကတည်းက ဈေးငြိမ်နေတဲ့ ဓာတ်ဆီက ဒီတစ်ပတ်လည်း ဈေးငြိမ်နေပါတယ်။ ဒီဇယ်ဈေးမှာ နိုဝင်ဘာလ ၃၀ ရက်မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဒီဇင်ဘာ ၃ ရက်နေ့တွင် ဝယ်ဈေး ၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီ ဈေးငြိမ်နေခဲ့သော်လည်း ဒီဇယ်မှာ ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာဒီဇယ်၊အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျပြီး ဓာတ်ဆီဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၅၀ကျပ်၊ ဒီဇယ် ၆၂၅ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၇၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ နိုဝင်ဘာလ ၃၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ဒီဇင်ဘာ ၁ ရက်နေ့မှစပြီး ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ နိုဝင်ဘာလ ၃၀ ရက်နေ့ မှာ ဝယ်ဈေး ၁၄၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၂၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်းကျလာပြီး ဓာတ်ဆီကဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီ၊ ဒီဇယ် ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ပြင်ပ လက်လီဆိုင်များမှာဓာတ်ဆီ ၃၀၀၀ ကျပ်၊ဒီဇယ် ၃၃၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်းဈေးမှာ ငြိမ်နေတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၃၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ **MIRT-DOT**

### Energy NYMEX 4-12-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.21 | 0.13 | 0.32 |
| Brent Crude Futr (USD/bbl) | 43.81 | -0.03 | -0.07 |
| Gasoline Rbob Fut (Cent/gal) | 129.60 | -0.03 | -0.02 |
| Natural Gas Futr (USD/MMBtu) | 2.19 | 0.01 | 0.28 |
| Heating Oil Futr (Cent/gal) | 136.21 | 0.35 | 0.26 |

## ဗဟိုဘဏ်သတ်မှတ်နှုန်းများ ကျဆင်းလာမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာ

ဗဟိုဘဏ်သတ်မှတ်နှုန်းများ ကျဆင်းလာမှုကြောင့် ပြည်တွင်းငွေလဲနှုန်း များ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ နိုဝင်ဘာလကုန်ပိုင်းက ဗဟိုဘဏ်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ၁၃၀၀ ကျပ်အထိသတ်မှတ်ခဲ့သဖြင့် ဈေးကွက် အတွင်း ငွေလဲနှုန်းများမြင့်တက်ခဲ့သည်။

ယင်းကဲ့သို့ ငွေလဲနှုန်းများ မြင့်တက်လာမှုကြောင့် ဗဟိုဘဏ်၏ရည်ညွှန်းငွေနှုန်းထား သတ်မှတ်မှုအပေါ် ဝေဖန်မှုများထွက်ပေါ်ခဲ့သည်။ ဗဟိုဘဏ်သည် ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ပြင်ပဈေးကွက်တွင်ရှိနေသည့်ဈေးနှုန်းအတိုင်း သတ်မှတ်နေခြင်းသည် ကာလတစ်ခုအတွင်းသာ အဆင်ပြေသော်လည်း ကာလရှည်ပြုလုပ်နေခြင်းသည် အဆင်မပြေနိုင်ကြောင်း၊ ပြင်ပငွေဈေးကွက်အခြေအနေကိုလိုက်၍ ဈေးနှုန်းသတ်မှတ်ခြင်းသည် ငွေဈေးကစားသူများ၏လက်တွင်းသို့ ဝကွက်အပ်လိုက်သလိုဖြစ်သွားနိုင်ကြောင်းဖြင့် ငွေလဲစင်တာတွင် ဝယ်ရောင်းလုပ် ကိုင်နေသူများက ဝေဖန်ပြောကြားခဲ့ သည်။

“ပြီးခဲ့တဲ့ရက်သတ္တပတ်တုန်းက ငွေလဲနှုန်းတွေက ကျပ် ၁၃၀၀တောင်ကျော်သွားသေးတယ်။ ငွေလဲနှုန်းတွေ မြင့်တက်လာတာ မကောင်းပါဘူး။ ကုန်ဈေးနှုန်းတွေ မြင့်တက်လာနိုင်ပါတယ်။ ဗဟိုဘဏ်အနေနဲ့လည်း အပြင်ကငွေဈေးအတိုင်းသူ့ရဲ့ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းကို လိုက်ပြီးသတ်မှတ်တော့ အပြင်ကလူတွေက ဒီစကားအတိုင်းငွေဈေးကို နေ့တိုင်းမြှင့်နေတာ။ အဝယ်လိုက်နေတယ်ဆိုပြီး လိုသလောက်မရနိုင်အောင် ကောလာဟလတွေလွှင့်ပြီး ဈေးကိုဆွဲတင်တယ်။ ဗဟိုဘဏ်ကလည်း ပြည်တွင်းငွေလွှဲနှုန်းကိုကြည့်ပြီး ငွေဈေးကို သတ်မှတ်ပေးတော့ ဈေးက မတက်သင့်ဘဲနဲ့ တက်နေတာ”ဟု ငွေလွှဲလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုဝင်ဘာလ ၃၀ ရက်တွင် ရည်ညွှန်းငွေလဲနှုန်းကို ကျပ် ၁၃၀၀ ဟုသတ်မှတ်ခဲ့သော်လည်း ဒီဇင်ဘာ ၄ ရက်တွင် ၁၂၉၅ ကျပ်ဟုပြောင်းလဲသတ်မှတ်ခဲ့သည်။

နိုဝင်ဘာလ ၃၀ ရက်က ရောင်းဈေး ၁၂၉၉ ကျပ်၊ ဝယ်ဈေး ၁၂၉၅ ကျပ်ဖြင့်ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၉၄ကျပ်၊ ဝယ်ဈေး၁၂၈၉ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။ ဒီဇင်ဘာလ ၃ရက်တွင် ရောင်းဈေး ၁၂၉၂ကျပ်၊ ဝယ်ဈေး ၁၂၈၇ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် ရောင်းဈေး ၁၂၈၉ကျပ်၊ ဝယ်ဈေး ၁၂၈၅ကျပ်ဖြင့် ရောင်း ဝယ်လျက်ရှိသည်။ **မယ်သီတာ**

## တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး ကျပ်ကိုးထောင်နီးပါး ကျဆင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အတက်အကျများဖြင့် ရှိခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဆက်လက်ကျဆင်းလာခဲ့ကြောင်း သိရသည်။

အဆိုပါရွှေဈေးသည် ဆက်တိုက်ကျဆင်းနေခြင်းမဟုတ်ဘဲ နေ့စဉ်အတက်အကျများဖြင့် ဈေးကွက်အတွင်း လှုပ်ရှားနေကြောင်း သိရသည်။

ထိုကဲ့သို့ဖြစ်ရခြင်းမှာ ကမ္ဘာ့ရွှေဈေး အတက်အကျများ များပြားနေသလို ငွေလဲနှုန်းမှာလည်း အကျဖက်သို့ ဦးတည်နေသဖြင့် ယခုကဲ့သို့ ဖြစ်ရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဒီတစ်ပတ်ထဲမှာ ရွှေဈေးက အတက်အကျ တော်တော်များတယ်။ ကမ္ဘာ့ရွှေဈေးကလည်း ဒီတစ်ပတ်ထဲမှာ အတက်အကျတွေတော်တော်လေးကို များတယ်။ ကမ္ဘာ့ရွှေဈေးက ၁၀၅၃ ဒေါ်လာအထိကျသွားတဲ့အခါကျတော့ မြန်မာ့ရွှေဈေးက လိုက်ပြီး ကျလာတယ်။ ရွှေဈေးကျလာတဲ့အခါကျတော့ အဝယ်ထက် အရောင်းက ပိုများလာတယ်။ ဆက်ကျလိမ့်မယ်လို့ ယူဆထားရောင်းတဲ့သူတွေ ပိုများလာတယ်။ ဒီလကုန်ပိုင်းဆိုရင် ဈေးကျဖို့များတယ်။ နှစ်သစ်ကူးပိုင်းကို ရောက်လာတော့မှာဆိုတော့ ဈေးကွက်ထဲမှာ ဈေးကျဖို့ အရိပ်အယောင်တွေပြနေတယ်”ဟု ရွှေဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် နိုဝင်ဘာလ ၃၀ ရက်နေ့က ကျပ် ၇၄၁၀၀၀ ရှိခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် ကျပ် ၇၄၆၀၀၀ သို့ အနည်းငယ်မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ ၃ရက်တွင် ကျပ် ၇၃၁၅၀၀ သို့ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၄ ရက်နေ့တွင် ကျပ် ၇၃၆၀၀၀ သို့ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၃၀ရက်နေ့တွင် ၁၀၅၆ ဒေါ်လာရှိခဲ့ရာမှ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ၁၀၇၂ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ ဒီဇင်ဘာလ ၂ရက်နေ့တွင် ၁၀၆၉ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး ဒီဇင်ဘာလ ၃ ရက်နေ့တွင် ၁၀၅၃ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။ သို့သော် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ၁၀၆၂ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

December 4, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 79.02 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.40 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.83 |
| I DR | Indonesia Rupiahs | 13830.20 |
| JPY | Japan Yen | 122.73 |
| MYR | Malaysia | 4.21 |
| PKR | Pakistan Rupees | 105.37 |
| PHP | Philippines Pesos | 47.07 |
| RUB | Russia Rubles | 67.64 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1158.79 |
| LKR | Sri Lanka Rupe | 140.71 |
| THB | Thailand Baht | 35.81 |
| GBP | United Kingdom Pounds | 0.66 |
| VND | VietnamDon | 22471.91 |

*Source : xe.com*

### World Gold Price

December, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 30 | 1053 | 1055 | 1053 |
| 1 | 1070 | 1070 | 1070 |
| 2 | 1066 | 1066 | 1066 |
| 3 | 1050 | 1051 | 1050 |
| 4 | 1058 | 1058 | 1058 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 30-11- 2015 | 739.50 | 738.50 |
| 1-12- 2015 | 745.00 | 745.00 |
| 2-12- 2015 | 743.50 | 743.30 |
| 3-12- 2015 | 732.50 | 732.30 |
| 4-12- 2015 | 736.00 | 735.20 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 30 | 6 .39 | 35.87 | 77.30 | 66.77 |
| 1 | 6. 40 | 35.83 | 78.95 | 66.52 |
| 2 | 6 40 | 35.81 | 77.86 | 66.78 |
| 3 | 6 .40 | 35.88 | 78.45 | 66.66 |
| 4 | 6.40 | 35.81 | 79.02 | 66.83 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 30- November | 14.02 | 1572.26 | 1477.95 | 4663.23 | 825.00 |
| 1- December | 14.17 | 1569.57 | 1476.83 | 4706.24 | 839.00 |
| 2- December | 14.16 | 1565.98 | 1487.81 | 4691.68 | 838.00 |
| 26- December | 13.91 | 1540.67 | 1487.58 | 4617.54 | 830.00 |
| 27- December | 14.07 | 1538.43 | 1492.29 | 4641.06 | 846.00 |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက်တန်ချိန် ၃၇၀၀၀ ကျော် အဝင်လျော့

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၄၇၀၆၅၅ တန်ဖိုးရှိ ဘိလပ် မြေ ၁၇၁၁၇ ဒသမ ၁၄ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ ၁၄၃၅၃၇၅တန်ဖိုးရှိ ဘိလပ်မြေ ၁၆၉၄၉ ဒသမ ၁၄ တန်နဲ့ တရုတ်နိုင်ငံမှ ကန်ဒေါ်လာ၃၅၂၈၀ တန်ဖိုးရှိ ဘိလပ်မြေ ၁၆၈တန်ကိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၄၀၀၀ ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၇၀၀၀ ကျော် အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် အောက်တိုဘာလ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၄၁၁၅၆ ကျော်ရှိခဲ့ပြီး နိုဝင်ဘာလမှာ ၁၄၂၀၆၂ တန်ကျော် ရှိခဲ့တာကြောင့် နိုဝင်ဘာလမှာ တန်ချိန် ၉၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ဈေးမပြောင်းဘဲ အရောင်းသွက်နေ

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှဘိလပ်မြေအဝင်မှာ ၁၇၁၁၇ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၅၄၃၆၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၃၇၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၀၀၃၉ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၃၆၀၂ တန် ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၆၃ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အေသုံးလုံး၊ ကျားခေါင်းနဲ့ ဆင်တံဆိပ်ဘိလပ်မြေများ ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စိန်တံဆိပ်က ဈေးနည်းနည်း မြင့်လာပေမယ့် အပါချီနဲ့နဂါးက ဈေးနည်းနည်းကျလာပြီး ကမ္ဘောဇက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၇၁၀၀ကျပ်၊အပါချီ ၅၀၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊နဂါး ၅၀၀၀ ကျပ်၊ စိန် ၇၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိပေမယ့် ဈေးက နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဆင်က ၁၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) နဲ့ စိန် က၅၀ ကျပ် ဈေးကျလာပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ၅၆၀၀ ကျပ်၊ စိန်(ထိုင်း) ၅၄၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိ ရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ကောင်းတယ်။ ပွင့်လင်းရာသီကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာကြသလို ပြုပြင်ရေးလည်း လုပ်ကိုင်လာတာကြောင့် အရောင်းအဝယ်လိုက်တယ်။ အရောင်းရှိတာနဲ့အမျှ အဝင်လည်းကောင်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်နဲ့ ဆင်က ဈေးအနည်းငယ်ကျပြီး ဆင်မင်း(ကျောက်ဆည်)က ဈေးနည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၅၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၇၀၀ ကျပ်၊ ကျားခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊ စိန် ၆၈၀၀ ကျပ်၊ ဆင် ၆၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ခတ်မြေသြဇာ

### ယခင်တစ်ပတ်ထက် တန်ချိန် သုံးထောင်ကျော် အဝင်လျော့

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၉၅၃၈၅ တန်ဖိုးရှိတဲ့ မြေသြဇာ ၃၃၁၃ ဒသမ ၈၉၈ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၁၅ ဒသမ ၈၉၈ တန်၊ အိုင်ယာလန်နိုင်ငံမှ ၄၈ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၇၁၀၊တရုတ်နိုင်ငံမှ ၂၅၄၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာတဲ့အမျိုးအစားများမှာ စူပါ ဖော့စဖိတ်၊ ကွန်ပေါင်း၊ နိုက်တြိုဂျင်၊ သြဂဲနစ်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်နဲ့ အမိုးနီးယမ်းဆာလဖိတ် စတဲ့အမျိုးအစားများဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၆၇၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၃၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် အောက်တိုဘာလ မြေဆီအဝင်မှာ တန်ချိန် ၁၅၇၄၀ကျော်ရှိခဲ့ပြီး နိုဝင်ဘာလမှာ ၂၂၁၉၄ တန်ကျော်ရှိခဲ့တာကြောင့် နိုဝင်ဘာလမှာ ၆၄၅၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် လှုပ်ရှားလာ

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပြည်တွင်း ကိုရေလမ်းမှ မြေသြဇာ ၃၃၁၃ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၆၇၀၄ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၃၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၈၃၁၁ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၉၅၆၀တန်ကျော် ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၁၂၄၈ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာက ရောင်းလိုအားကောင်းတယ်။ ကုမ္ပဏီချဈေးပေါ်မူတည်ပြီး ကွန်ပေါင်း မြေသြဇာဈေးအတက်အကျ အနည်းငယ်ရှိခဲ့ပြီး ကျန်မြေသြဇာက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ကွန်ပေါင်း၁၅ ပတ်လည် (အစိမ်း)၂၀၀ ကျပ်၊ ၁၆း၁၆း၈ က ၅၀၀ ကျပ် ဈေးမြင့်ပြီး တီစူပါ ၄၆% က ၅၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၇၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၈၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ရာသီသီးနှံ စိုက်ပျိုးမှုနည်းနေတာကြောင့် အရောင်းအဝယ်ပါးတယ်။ ယူရီးယား(ရွှေတောင်)ဈေးငြိမ်နေပေမယ့် (ပန်းဖူး)က ၂၀၀ ကျပ်ဈေးကျပြီး တီစူပါ ၄၆%က ၂၀၀ကျပ်၊ ကွန်ပေါင်း က ၄၀၀ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်လည်း ဈေးကွက်ထဲ တီစူပါ ၁၆% နဲ့ ၁၂%က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းဖြစ်တဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၅၀၀ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၀၀၀၀ကျပ်၊ တီစူပါ (GTSP၄၆%တရုတ်)၁၉၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ယူရီးယားက အရောင်းပုံမှန်ရှိနေပေမယ့် ဈေးငြိမ်နေပြီး တီစူပါနဲ့ပိုတက်က ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၄၅၀၀ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၂၄၃၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၃၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၄၃၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၃၄၅၀၀ ကျပ် ၊ ကွန်ပေါင်း ၂၅း၇း၇ ၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီအချိန်က ကြက်သွန်ဖြူစပြီး စိုက်ပျိုးချိန်ကြောင့် မြေဆီအသုံးနည်းတယ်။ ဒါကြောင့် အရောင်းအဝယ်က ဆက်ပြီးအေးနေသေးသလို ဈေးလည်းငြိမ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၅၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည်(တရုတ်)၃၆၅၀၀ ကျပ်၊တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၆၅၀၀ ကျပ်၊ ခတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ၁၇၀၀၀ကျပ်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၂၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၆၀ ကျော်ဝင်

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၂၀၃၃၈ တန်ဖိုးရှိ နို့ဆီ ၂၀ ဒသမ ၄၀ တန်ကို တင်သွင်း ခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၁၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၅၁ ဒသမ ၂၀ တန်နဲ့ အိုင်ယာလန်မှ ၁၁ ဒသမ ၃၉၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၅၄၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် အောက်တိုဘာလမှာ နို့ဆီအဝင် တန်ချိန် ၇၂၀ကျော်ရှိခဲ့ပြီး နိုဝင်ဘာလမှာ ၁၈၀ ကျော်သာ ရှိခဲ့တာကြောင့် နိုဝင်ဘာမှာ တန်ချိန် ၅၃၀ ကျော်အဝင်လျော့ခဲ့ပြီး နို့မှုန့်က အောက်တိုဘာမှာ တန်ချိန် ၄၅၀ ကျော်ရှိခဲ့ပြီး နိုဝင်ဘာမှာ တန်ချိန် ၁၂၀၀ ကျော်ရှိခဲ့တာကြောင့် နိုဝင်ဘာမှာ တန်ချိန် ၇၅၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် နိုဝင်ဘာလမှာ နို့ဆီအဝင်လျော့ခဲ့ပြီး နို့မှုန့် အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၁ မှ ၂၇/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၁ မှ ၂၀/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၄၉.၀၀ | ၁၀၆၃.၀၀ | (-) | ၂၁၄.၀၀ |
| ၂။ | လွယ်ဂျယ် | ၇၄၈.၀၀ | ၆၃၈.၀၀၀ | (+) | ၁၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၇.၀၀ | - | (+) | ၁၇.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၉၉၁.၀၀ | ၂၆၄၄.၀၀ | (+) | ၃၄၇.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၄၅၀၀.၀၀ | (-) | ၁၅၀၀.၀၀ |
| ၆။ | မြဝတီ | ၅၉၄.၄၀ | ၁၀၇၅.၆၇ | (-) | ၄၈၁.၂၇ |
| ၇။ | ကော့သောင်း | ၁၀၅၉၀.၀၀ | ၁၃၃၂၂.၀၀ | (-) | ၂၇၃၂.၀၀ |
| ၈။ | မြိတ် | ၁၂၅၀.၀၀ | ၃၆၀.၀၀ | (+) | ၈၉၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၀၀၃၉.၄၀ | ၂၃၆၀၂.၆၇ | (-) | ၃၅၆၃.၂၇ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၁ မှ ၂၇/၁၁ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၄/၁၁ မှ ၂၀/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၀၅၄.၄၆၅ | ၁၉၀၁၂.၆၃၁ | (-) | ၄၉၅၈.၁၆၆ |
| ၂။ | လွယ်ဂျယ် | ၃၁.၀၀၀ | - | (+) | ၃၁.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၃၉.၅၀၀ | - | (+) | ၁၃၉.၅၀၀ |
| ၄။ | တာချီလိတ် | - | ၆၀.၀၀၀ | (-) | ၆၀.၀၀၀ |
| ၅။ | မြဝတီ | ၄၄၆.၅၀၀ | ၂၇၄.၉၀၀ | (+) | ၁၇၁.၆၀၀ |
| ၆။ | ကော့သောင်း | ၃၄၄၀.၅၀၀ | ၂၁၂.၀၀ | (+) | ၃၂၂၈.၀၀၀ |
| ၇။ | မြိတ် | ၂၀၀.၀၀၀ | - | (+) | ၂၀၀.၀၀၀ |
| ၈။ | ရိုဒ် | - | - | | - |
| | စုစုပေါင်း | ၁၈၃၁၁.၉၆၅ | ၁၉၅၆၀.၀၃၁ | (-) | ၁၂၄၈.၀၆၆ |

တင်တင်ထွန်း MIRT

## နှမ်း/မြေပဲ

### ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၅၅၄ သန်းတန်ဖိုးရှိတဲ့ နှမ်းရောင်စုံ ၂၁၁၀ တန် တင်ပို့ခဲ့ပါတယ်။ နှမ်းနက် ၁၈၀၈ တန်၊ နှမ်းဖြူ ၂၁၈ တန်နဲ့ နှမ်းညို ၈၄ တန် တင်ပို့ခဲ့တာပါ။ ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၉၃၁ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှုမှာလည်း ချင်းရွှေဟော်မှ ၁၇၉ တန် ပိုမိုလာပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခုသီတင်းပတ်မှာ နှမ်းဖြူ ၁၇ တန်ခွဲ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ကန်ကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) တန် ၂၀ တင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန်ကို မိမိဘက်စျေး ၁၅၉၆၆၈၇ ကျပ်မှ ယခုတစ်ပတ်တွင် ၁၆၀၃၁၂၅ ကျပ်သို့လည်းကောင်း၊ နှမ်းနက် တစ်တန် ၁၉၉၈၂၉၃ ကျပ်မှ ၂၀၀၆၃၅၁ ကျပ်သို့ လည်းကောင်း စျေးထပ်မံမြင့်တက်လာခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း တင်ပို့ နိုင်ခဲ့တဲ့ နှမ်းရောင်စုံ တန်ချိန် ၇၇၂၄ တန်ခွဲ ရှိခဲ့ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာ နှမ်းဖြူ တစ်အိတ်ကို ၉၅၀၀၀ ကျပ်မှ ၁၁၀၀၀၀ ကျပ်၊ နှမ်းနက်တစ်အိတ်ကို ၁၃၀၀၀၀ ကျပ်မှ ၁၇၀၀၀၀ ကျပ်စျေးရှိနေပါတယ်။

**မော်မော်အောင်**

### ပြည်စျေးကွက်သို့ ဆောင်းမြေပဲသစ်များ စတင်ဝင်ရောက်

ယခုတစ်ပတ်အတွင်း ပြည်စျေးကွက်၌ ဆောင်းမြေပဲအသစ်များ စတင်ဝင်ရောက်လာတာတွေ့ရပါ တယ်။ ပြည်မြို့နှင့် အောင်လံမြို့အကြားရှိ ကျေးရွာများနဲ့ ရွှေတောင်ဘက်မှ တစ်နေ့လျှင် အိတ် ၃၀၀ ခန့် ဝင်ရောက် လာတယ်လို့ သိရပါတယ်။ မြေပဲအဟောင်းလက်ကျန်များ စျေးကွက်တွင် မရှိချိန် အသစ် များဝင်ရောက်လာသဖြင့် အရောင်းအဝယ်ပျက်မသွားဘဲ တစ်နေ့လျှင် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဆောင်းမြေပဲများ ပေါ်စဖြစ်သဖြင့် အဝင်နည်းနေသော်လည်း ဝယ်လက်များ အဝယ်ရှိနေ၍ စျေးမှာအဟောင်းစျေးအတိုင်း ဖြစ်နေတာတွေ့ရပါတယ်။ မြေပဲဆီဆန်စျေးမှာ အဖြူတစ်ပိဿာ ၁၉၀၀ ကျပ်၊ အနီတစ်ပိဿာ ၂၀၀၀ ကျပ်နှင့် လုံးဆန်အဖြူ တစ်ပိဿာ ၂၄၀၀ ကျပ်နှင့် အနီတစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် ပြည်စျေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

### သုံးရက်ခန့်ကျဆင်းတဲ့ စားအုန်းဆီစျေးများ အခြားဟင်းရွက်ဆီစျေးများနဲ့အတူ ပြန်လည်မြင့်တက်

သုံးရက်ခန့်ကျဆင်းနေတဲ့ မလေးရှားစားအုန်းဆီ ကြိုရောင်းစျေးက အခြားဟင်းရွက်ဆီစျေးနှုန်း မြင့်တက်မှုနဲ့အတူ ဒီဇင်ဘာ ၃ရက်က ပြန်လည်မြင့်တက်လာတာကို တွေ့ရကြောင်း theedgemarkets ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းမှုနဲ့ လာမယ့်ရက်သတ္တပတ်တွေမှာ ထုတ်လုပ်မှုကျဆင်းမယ့် လက္ခဏာတွေကလည်း စားအုန်းဆီစျေးမြင့်တက်မှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စားအုန်းဆီရဲ့ ဖေဖော်ဝါရီအတွက် အခြေခံစံထားစျေးနှုန်းက ဒီဇင်ဘာ၃ရက်က တစ်ရက်အတွင်း ၁၂ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၃၅၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၈)နှုန်းရှိခဲ့ပါတယ်။ ရောင်းချရတဲ့ ပမာဏက ၂၅တန်ရှိ အတွဲပေါင်း ၁၅၁၅၂ တွဲရှိခဲ့ပါတယ်။

“ရင်းဂစ်တန်ဖိုးက မနေ့ကနဲ့ နှိုင်းယှဉ်ရင် ကျဆင်းလာပါတယ်။ ရာသီဥတုနဲ့ပတ်သက်ပြီး စိုးရိမ်တာတွေ လည်းရှိနေပါတယ်။ ဒါပေမယ့် အားလုံးခြုံကြည့်ရင် ဝယ်လိုအားကနည်းနည်း ကျဆင်းနေပါတယ်”လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးကပြောပါတယ်။

ရင်းဂစ်တန်ဖိုးကျဆင်းရင် တခြားနိုင်ငံခြားငွေကြေးကိုကိုင်ပြီး ဝယ်ယူသူတွေအတွက် စားအုန်းဆီစျေးက စျေးသက်သာတတ်ပါတယ်။ ဒါကြောင့် သာမန်အားဖြင့် စားအုန်းဆီဝယ်လိုအားကို မြင့်တက်စေပါတယ်။ မုတ်သုံရာသီဥတုအခြေအနေက စားအုန်းဆီထုတ်လုပ်မှုအပေါ် အကျိုးသက်ရောက်မှုဖြစ်လာတဲ့ အတွက် လာမယ့်လတွေမှာ ထုတ်လုပ်မှု ကျဆင်းမယ့် အလားအလာတွေကို တွေ့ရလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ ဒါကြောင့် စားအုန်းဆီစျေးကလည်း တစ်တန်ကို ၂၃၇၅ ရင်းဂစ်ထိရောက်ရှိပြီး ရက်သတ္တပတ် သုံးပတ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

နိုဝင်ဘာလ စားအုန်းဆီတင်ပို့မှုကို ယခင်လနဲ့နှိုင်းယှဉ်ရင် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက်က ထုတ်ပြန်ခဲ့တဲ့ စစ်တမ်းများအရ သိရပါတယ်။

လောလောဆယ်မှာ ဝယ်လိုအားကျဆင်းပြီး သိုလှောင်လက် ကျန်ကျဆင်းအောင် လုပ်နေရတဲ့အတွက် သိုလှောင်လက်ကျန်မြင့်တက်မှုကို ထုတ်လုပ်သူတွေက စိုးရိမ်နေပါတယ်။ အောက်တိုဘာလအကုန်မှာ မလေးရှား စားအုန်းဆီလက်ကျန်က ၁၅နှစ်အတွင်းမှာ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ နောက်ဆုံးကောက်ယူတဲ့ စာရင်းများအရ သိုလှောင်လက်ကျန်က ၇ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တန် ၂ဒသမ ၃၃ သန်းထိရောက်ရှိ ခဲ့ပါတယ်။

“သိုလှောင် လက်ကျန်မြင့်တက်မှုက ရေတိုမှာ စားအုန်းဆီကြမ်း (စီပီအို) စျေးမြင့်တက်ဖို့အတွက် အဟန့်အတားတစ်ခုဖြစ်စေပါတယ်။ ရေတိုကာလအတွင်း စားအုန်ဆီစျေးတစ်တန်ကို ရင်းဂစ် ၂၁၀၀နဲ့ ၂၅၀၀ ကြားရှိမယ်လို့ခန့်မှန်းပါတယ်”လို့ CIMB သုတေသနဌာနမှ လေ့လာစစ်ဆေးရေးမှူး အိုဗီအင်းက ပြောပါ တယ်။ ၂၀၁၆ခုနှစ် ပထမသုံးလပတ်မှာ စားအုန်းဆီထုတ်လုပ်နိုင်တဲ့ နိုင်ငံတွေမှာ လက်ကျန်ကျဆင်းမယ့် လက္ခဏာတွေကိုတွေ့ရမှသာ စားအုန်းဆီကြမ်းစျေးတွေ စတင်မြင့်တက်လာနိုင်ကြောင်း သူကပြောပါတယ်။

Fibonacci ဆန်းစစ်ချက်အရ စားအုန်းဆီစျေးက တစ်တန်ကို ၂၃၆၁ ရင်းဂစ်နှုန်းထိမြင့်တက်နိုင်ကြောင်း ရိုက်တာသတင်းဌာနမှ လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။ ဒီဇင်ဘာ ၂ ရက်မှာ စားအုန်းဆီစျေးက တစ်တန်ကို ၂၃၁၇ ရင်းဂစ်နှုန်းကို ရောက်ရှိပြီး နိုဝင်ဘာ ၂၆ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

အလားတူ ဟင်းရွက်ဆီစျေးကွက်တွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု ဒီဇင်ဘာပဲပုပ်ဆီစျေး နှုန်းက သုညဒသမ ၆ရာခိုင်နှုန်း ကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်စျေးကွက်မှာ ပဲပုပ်ဆီစျေးက သုညဒသမ၇ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒီဇင်ဘာ ၂ရက်မှာ ချီကာဂို ပဲပုပ်ဆီစျေးက သီတင်းငါးပတ်အတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။

“ကျွန်တော်တို့လည်း ပဲပုပ်ဆီစျေးနှုန်းအတိုင်းဖြစ်လာလိမ့်မယ်”လို့ ဒီဇင်ဘာ ၂ရက်နေ့က အခြေအနေကို ရည်ညွှန်းပြီး တခြားကုန်သည်တစ်ဦးက ပြောပါတယ်။ တခြားဆက်နွယ်နေတဲ့ စျေးကွက်တွေဖြစ်တဲ့ ရေနံစိမ်းစျေးကွက်ကိုကြည့်ရင် ဆော်ဒီအာရေးဗီးယား နိုင်ငံက ရေနံစျေးကွက် ထိန်းညှိရေးညှိနှိုင်းဖို့အဆိုပြုလာတာကို တွေ့ရတဲ့အတွက် ရေနံစိမ်းစျေးနှုန်းတွေ ပြန်လည်မြင့်တက်လာပါတယ်။

၂၀၁၄ခုနှစ် ဇွန်လနောက်ပိုင်း ရေနံစိမ်းစျေးနှုန်းတွေ ခေါက်ချိုးကျဆင်းပြီး နောက်ပိုင်း ရေနံအများဆုံး ထုတ်လုပ်တဲ့နိုင်ငံက ပထမဆုံးအကြိမ် လိုက်လျောခဲ့တာဖြစ်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီစျေးနှုန်းများ (၄-၁၂-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၅၀၀ | ▽ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၄၂၀၀ | ▽ | ၁၃၆၀ | ၁၃၀၀ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၅၀ | ၁၄၃၀ | ▽ |
| ပဲခူး | ၂၈၀၀ | ၂၈၀၀ | □ | ၄၈၀၀ | ၅၀၀၀ | △ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၃၀၀ | ▽ | ၃၈၀၀ | ၃၇၀၀ | ▽ | ၁၄၉၀ | ၁၄၆၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၄-၁၂-၂၀၁၅ **US$/Ton**

| အမျိုးအစား | နိုဝင်ဘာလစတုတ္ထပတ် | ဒီဇင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၁၀.၀၀ | ၅၂၅.၅၀ | △ |
| **RBD P.Olein** | ၅၂၄.၅၀ | ၅၂၈.၀၀ | △ |
| **RBD P.Strarin** | ၄၄၄.၅၀ | ၄၇၃.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၄- ၁၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၂၃၃.၆၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၆.၅၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၈၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၃၇၅.၁၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၄-၁၂-၂၀၁၅)နေ့ (CIF စျေး Cloud Point 8 ˚C Max ၅၈၃ဒေါ်လာ၊ FOB ၅၅၈ ဒေါ်လာနှင့် USD စျေး ၁၂၉၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၄-၁၂-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာစျေး ၁၂၉၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF စျေးနှုန်းများ အပါအဝင် ဖော်ပြပါစျေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

Vol: 15, No.47 Monday December 7 2015



# လေ့ကျင့်ခြင်းဖြင့် ရွက်ဆောင်စို့

|မျိုးသူ|

ကျွန်တော်တို့သည် အလေ့အကျင့်လိုအပ်သည်ဆိုသည်ကို လူတိုင်းနားလည်သိရှိကြပါသည်။ အကြီးဆုံး ပြောရမည်ဆိုလျှင် ဘုရားရှင်တောင် ခြောက်နှစ်လေ့ကျင့်တရားအားထုတ်ခဲ့ရပါသည်။ တရားစစ် တရားမှန် ကိုရရန်ခက်ခဲလှသဖြင့် လူတိုင်းရခဲသောအဆင့်တစ်ခုအဖြစ် လက်ခံထားကြပါသည်။ မည်သူမဆို လေ့ကျင့်အားထုတ်လျှင် ရသည်ဟု မြတ်စွာဘုရားမှအာမခံထားပါသည်။ သို့သော်လူတိုင်း လူတိုင်းသည်မိမိတို့ နေ့စဉ်ဆောင်ရွက်နေသော လုပ်ငန်းများတွင်ပင်မည်သည့်အတိုင်း အတာအထိလေ့ကျင့်ရမည်၊ မည်သည့်အချိန်တွင်လေ့ကျင့်မည်၊ မည်သို့ကျင့်ကြံအားထုတ်ရမည်၊ လုပ်ရမည်တို့ကိုပြတ်ပြတ်သားသား မသိရှိကြသည်ကများသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ကျွန်တော်တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားလုံးတွင်မည်သို့သော လုပ်ငန်းများကိုမဆိုအလေ့အကျင့်ကောင်း မွေးရမည်၊ အလေ့အကျင့်ကောင်းကျင့်သုံးရမည်ဆိုသည်ကို တွေးတွေးဆဆလုပ်သင့်ပါသည်။ ကိုင်သင့်ပါသည်။ အလေ့အကျင့်ကောင်းမှကျွမ်းကျင်မှုကိုရရှိမည်ဖြစ်ပါသည်။ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍသည် အလေ့အကျင့်ကောင်း မည်မျှလိုသည်ကိုထင်ထင်ရှားရှား ပြသနေသောနေရာတစ်ခုဖြစ်ပါသည်။ လက်ဆေးခြင်း ကိုပင်အလေ့အကျင့်တစ်ခု Good health practice အဖြစ်short information အနေဖြင့် တီဗွီများတွင် လာနေသည်ကို တွေ့ရပါသည်။

အလားတူပင် စီးပွားရေးတွင်လည်း ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်တို့မည်မျှပင် အဆင်ပြေစေကာမူ၊ အလေ့အကျင့်ကောင်းများသည်မိမိတို့စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးတွင် လိုအပ်နေပါသေး သည်။ စီးပွားရေးကဏ္ဍတစ်ခုလုံးကိုကြည့်လျှင် လုပ်ကိုင်နေကြသော လုပ်ငန်းရှင် အများအပြားသည် မိမိတို့စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်မည်သို့လေ့ကျင့်ရမည်၊ မည်သည်တို့ကို လေ့ကျင့်သင့်သည်ကို သေသေချာချာ မသိကြဟုထင်ရပါသည်။ မိမိတို့လုပ်ကိုင်နေသော အလုပ်အကိုင်များကို မည်သည့် အလေ့အကျင့်ကောင်းများဖြင့် မည်သို့တည်ဆောက်ရမည်ကို သေသေချာချာသိမှသာလျှင် လုပ်ငန်းတိုးတက်မှုပိုမိုကောင်းမည်မှာသေချာသည်ဟု လုပ်ငန်းရှင်တိုင်းကသိပြီးဖြစ်ပါသည်။ ယင်းအတိုင်း လိုက်နာပါရဲ့လား၊ လိုက်နာနိုင်ရဲ့လားလို့ စစ်စစ်ပေါက်ပေါက် မေးကြည့်ပါ။ အားနည်းမှုအများအပြား တွေ့ရမည်ဖြစ်ပါသည်။

အလေ့အကျင့်ကောင်းများကိုမွေးသည်မှသေသည် အထိ လုပ်ကိုင်နိုင်သူသည် သေချာပေါက်ကြီးပွားတိုးတက်သူဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့တွင်အလေ့အကျင့်ဆိုး များကသာ ပိုများနေတတ်ပါသည်။ မိမိတို့ငယ်စဉ်ကတည်းက အလေ့အကျင့် တစ်ခုကို စွဲစွဲမြဲမြဲလုပ်ကိုင်လာပါက ကြီးလာသည့်အခါ ပြောင်းလဲရန်အလွန်ခက်ခဲသည်ကိုလူတိုင်း သိရှိပြီးဖြစ်ပါသည်။ ဥပမာပြစရာအများအပြားရှိပါသည်။ သွားတိုက်သည့်အလေ့အထသည်ကောင်းသည်ဟု လူတိုင်းနားလည်ပါသည်။ နံနက်တစ်ခါအပြင်ညတစ်ခါ ထပ်တိုက်ပါကတစ်ကြိမ်ပိုတိုက်တိုင်း အသက်တစ်ရက် ပိုရှည်သည်ဟု သိရသော်လည်း ယင်း Practice ကိုလိုက်နာနိုင် ပါရဲ့လား၊ တစ်နေ့အတွက် သွားတစ်ကြိမ်ပိုတိုက်တိုင်း မိမိအသက်တစ်ရက် ပိုရှည်သွားသည်ဆိုသော်လည်း ယင်း Good practice ကို လုပ်နိုင်ပါရဲ့လား၊ အကျင့်တစ်ခုဖြစ်သွားအောင် practice to habit ဖြစ်အောင်လုပ်နိုင်ကြပါရဲ့လားဟု မိမိကိုယ်ကိုမေးကြည့်လျှင် ပေါ်လွင်လာမည်ဖြစ်ပါသည်။

မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆို ဝန်ထမ်း၊ အလုပ်သမား မရှိဘဲနှင့်မလုပ်ကိုင်နိုင်ပါ။ အလုပ်သမား ကောင်းဖြစ်ရေးအတွက် ကျွန်တော်တို့သည်အလေ့အကျင့်ကောင်းများလေ့ကျင့်ယူရေးကို မဖြစ်မနေ ဆောင်ရွက်ကြ ရမည်ဖြစ်ပါသည်။ Good Stuff Practice များကို ကျင့်သုံးနိုင်သောလုပ်ငန်း၊ ယင်းအလေ့အကျင့်ကောင်းများ များများရှိသောဝန်ထမ်းများဖြင့် တည်ဆောက်ထားသော ဌာနသည် သေချာပေါက် အောင်မြင်မည်သာဖြစ်ပါသည်။ အစားအသောက် ထုတ်လုပ်သောစက်ရုံတစ်ရုံပိုင်ရှင်က ပြောဖူးပါသည်။ သူ့စက်ရုံ အလုပ်သမား များကိုဦးထုပ်များ အမြဲဆောင်းထားရန်နှင့် သူတို့၏ ဆံပင်များကိုထုတ်ကုန်တွင် မပါသွားရန်မှာကြားသော်လည်း ကြီးကြပ်သူလစ်သည်နှင့် ဦးထုပ်များကို ချွတ်ပစ်တတ်ကြကြောင်း၊ အလေ့အကျင့်ကောင်းကို နားမလည်ကြောင်း ညည်းသည်ကို ကြားဖူးပါသည်။ ကျွန်တော်တို့အနေဖြင့် ယင်းကဲ့သို့ပင်ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အကာအကွယ် ဦးထုပ်မဆောင်းဘဲ အလုပ်လုပ်နေသူ အများအပြားကိုတွေ့ရမည်ဖြစ်ပါသည်။ အကာအကွယ်များသုံးရမည်ကို ရှက်စရာဟုပင် ထင်တတ်ကြပါသည်။ အမှန်မှာ ယင်းအလေ့အကျင့်ကောင်းများကို မိမိတို့မလိုက်နာဘဲအလုပ်လုပ်နေခြင်း၊ ကုန်ထုတ်နေခြင်းကသာရှက်စရာဖြစ်သည်ဟု နားလည်ရန် လိုအပ်ပါသည်။

> အလေ့အကျင့်ကောင်းများကို
> မိမိတို့မလိုက်နာဘဲအလုပ်လုပ်နေခြင်း၊
> ကုန်ထုတ်နေခြင်းကသာ ရှက်စရာဖြစ်သည်ဟု
> နားလည်ရန်

ပိုင်ရှင်များ၊ မန်နေဂျာများ အနေဖြင့်လည်း အလေ့အကျင့်ကောင်းများကို လိုက်နာရေး၊ အလေ့အထဖြစ်ရေးတို့ကိုမဖြစ်မနေ မိမိတို့လုပ်ပေးရမည့် တာဝန်ဟုခံယူသင့်ပါသည်။ စီးပွားရေးလုပ်ငန်းများအနက်စိုက်ပျိုးရေးလုပ်ပါက Good agricultural practiceကို လိုသကဲ့သို့၊ စက်မှုလုပ်ငန်းများတွင်လည်း Good Manufacturing Practice ကို လိုအပ်နေပါသည်။ ယင်းလိုအပ်ချက်များကို မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာလေ့ကျင့်နိုင်ပါကမိမိတို့၏ စီးပွားရေးလုပ်ငန်းများ သေချာပေါက် အောင်မြင်မည်ဖြစ်ပါသည်။ သို့ရာတွင်မိမိတို့နိုင်ငံ၏ လုပ်ငန်းရှင်များသည် မိရိုးဖလာလုပ်ငန်းများပေါ်တွင်သာ အခြေပြုထားသဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် Good practice များကို လိုက်နာကြရန်လိုပါသည်။မိမိတို့ ထုတ်လုပ်သောသီးနှံများအတွက်ကုန်ကျစရိတ်စာရင်းများကို တိတိကျကျ မှတ်သားခြင်း၊ သုံးစွဲသည့်မျိုး၊ ဓာတ်မြေသြဇာအမျိုးအစား၊ အရေအတွက်၊ အလေးချိန်၊ သုံးစွဲသည့်အချိန်ကာလ၊ ဖြစ်ပေါ်သည့် အကျိုးသက်ရောက်မှုများစသဖြင့် သီးနှံစတင်စိုက်ပျိုးရန်ရည်ရွယ်သည်မှ နောက်ဆုံးသီးနှံထွက်ပေါ်ချိန်အထိ နောက်ဆုံး မိမိရောင်းချပြီး မိမိလက်ဝယ်တွင် ကုန်ပစ္စည်းကုန်ဆုံးသွားသည်အထိ မှတ်တမ်းမှတ်ရာများဖြင့်မှတ်သားခြင်း ဆိုသည့်အလေ့ အထကိုပင် Good Agricultural Practice ဟုခေါ်သည်ဟုနားလည်ထားပါသည်။ ယင်းတို့ကိုလိုက်နာခြင်းဖြင့် ပထမဆုံးအကျိုးကျေးဇူးကို ခံစားရသူသည်မိမိကိုယ်တိုင်ဖြစ်သည်ဆိုသည်ကိုမမေ့သင့်ပါ၊ သတိပြုသင့်ပါသည်။ ရာသီတိုင်းမှတ်သားထားပါကမိမိတို့၏ သုံးစွဲသောမျိုးစေ့ကောင်းမကောင်း၊ ဝယ်ခဲ့သည့်ဆိုင်မှ ဈေးနှုန်း၊ အပင်ပေါက် နှုန်းစသည့်အချက်များကိုတစ်ရာသီနှင့်တစ်ရာသီ၊ မိမိအနားမှအခြား စိုက်ပျိုးသူများနှင့် နှိုင်းယှဉ်ကာ မိမိ အခြေအနေသည်ကောင်းသည်၊ သင့်သည်၊ ညံ့သည်ကို ဝေဖန်သုံးသပ်နိုင်ပြီး အလျင်အမြန်ပြုပြင်ပါက အခြေအနေမကောင်းသည့်တိုင်အောင် ကောင်းမွန်သည့် အခြေအနေသို့ လျင်မြန်စွာပြောင်းလဲသွားမည်မှာ မုချမသွေဖြစ်ပါသည်။

အလေ့အကျင့်ကောင်းများကိုနည်းလမ်း သို့မဟုတ်နည်းစနစ်ဟုလည်း ခေါ်ဝေါ်ကြောင်းသိရပါသည်။ သို့ဖြင့်အလေ့အကျင့်ကောင်းရှိသူသည်နည်းမှန်လမ်းမှန်ဆောင်ရွက်တတ်သူဟု ခေါ်နိုင်မည်ဖြစ်ပါသည်။ ယင်းဆောင်ရွက်ချက်များကိုကောင်းမွန်သောဝန်ဆောင်မှု ဆိုင်ရာအလေ့အကျင့်များဟုပင် ခေါ်ဝေါ်သင့်သည်ထင်ပါသည်။ ကုန်ထုတ်လုပ်မှုများ၊ ဝန်ဆောင်မှုများ စသည့်စီးပွားရေးလုပ်ငန်းတိုင်းတွင် ယင်းအလေ့အကျင့်ကောင်းများရှိမှသာနည်းဗျူဟာမြောက် စီမံကွပ်ကဲမှုပညာရပ်များကိုကောင်းစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။ မိမိတို့ ကုန်သည် များ၊ လုပ်ငန်းရှင်များသည်အဆိုပါ အလေ့အကျင့်ကောင်းများကို အလေ့အထဖြစ်သည်အထိ ဆောင်ရွက် နိုင်ပြီ ဆိုလျှင်ရှုံးနိမ့်မှုဆိုသည်မှာ အဝေးရောက်သွားပြီဖြစ်ပါသည်။ သို့ဖြစ်သဖြင့် လုပ်ငန်းရှင်တိုင်း အလေ့အကျင့်ကောင်း များကိုလေ့ကျင့်ခြင်းဖြင့်မိမိလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

# အမျိုးသားပို့ကုန် မဟာဗျူဟာလုပ်ငန်းအဖွဲ့များအလိုက် ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံရဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES )အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့များနှင့် နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာနမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၃ ရက် နံနက် ၉နာရီခွဲက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းရုံး စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသတင်းရရှိပါတယ်။

ဆွေးနွေးပွဲမှာ နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာနမှ ကျွမ်းကျင်သူများနဲ့ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များဖြစ်တဲ့ ရော်ဘာကဏ္ဍ၊ သစ်နဲ့သစ်တောထွက်ပစ္စည်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍများမှ လုပ်ငန်းအဖွဲ့ Working Group များနဲ့တွေ့ဆုံပြီး ဦးစားပေးဆောင်ရွက်မယ့် လုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီရရှိနိုင်ရေး ကြိုတင်ညှိနှိုင်းခြင်း ဖြစ်ပါတယ်။


ဆွေးနွေးပွဲမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း၊ အီးယူ၊ အာဆီယံ၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနဲ့ ပူးပေါင်းလုပ်ဆောင်ချက်များရှိကြောင်း၊ NES ကို အီးယူနဲ့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လုပ်ဆောင်ချက်များ ကောင်းမွန်လာမှာဖြစ်ကြောင်း၊ အရေးကြီးဆုံးမှာ တာဝန်ရှိသူများက စီမံခန့်ခွဲမှုပေးနိုင်ပါက ပိုမိုအောင်မြင်မှာဖြစ်ကြောင်း၊ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များခွဲပြီး ဆောင်ရွက်စေခြင်းကြောင့် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါကြောင်း၊ နောင်လာမယ့် ငါးနှစ်တာကာလအတွင်းမှာလည်း ထိုအဖွဲ့များက အရေးပါလာမှာဖြစ်ကြောင်း။ ဒါကြောင့် မိတ်ဖက်အဖွဲ့အစည်းများလုပ်ဖော်ကိုင်ဖက်များနဲ့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခုလုပ်ဆောင်မယ့် လမ်းကြောင်းအတိုင်း ဝိုင်းဝန်းဆွေးနွေးပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း၊ အစိုးရက စီမံခန့်ခွဲခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးပြီး ကျန်ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် အကျိုးရှိလာမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။



NES ကိုအကောင်အထည်ဖော်ရာတွင် အချို့သောလုပ်ငန်းများမှာအစိုးရနဲ့ ပုဂ္ဂလိကတို့က အကောင်အထည်ဖော်ရန်အခက်အခဲရှိတဲ့အတွက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အပြည်ပြည်ဆိုင်ရာအကူအညီပေးမဲ့ မိတ်ဖက်အဖွဲ့အစည်းများနဲ့ တွေ့ဆုံတဲ့အခါ အကူအညီပေးမယ့် ကဏ္ဍအလိုက် အကောင်အထည်ဖော်မယ့် Project လုပ်ပေးရမှာ ဖြစ်ပါတယ်။ Project လုပ်တဲ့အခါ မိမိတို့ လုပ်မယ့်စီမံကိန်းရဲ့ အဓိကရည်မှန်းချက်၊ အကျိုးသက်ရောက်မှု၊ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ၊ ဆက်နွယ်အကျိုးခံစားခွင့်ရှိသူများ၊ လုပ်ငန်းဆုံးရှုံးမှုများ အခက်အခဲများရှိပါက ဖြေရှင်းနိုင်မယ့်နည်းလမ်းများရှာဖွေခြင်း၊ အဓိကဦးဆောင် အကောင်အထည်ဖော်ဆောင်မယ့်သူ၊ စီမံကိန်းကာလနဲ့ သုံးစွဲရမယ့်ငွေကြေးများကို ထည့်သွင်း စဉ်းစားရမှာဖြစ်ပါတယ်။ အဲဒီစီမံကိန်းဟာ NES ရဲ့ အကောင်အထည်ဖော်မယ့် လုပ်ငန်းများနဲ့ ကိုက်ညီမှုရှိရမှာဖြစ်ပြီး Project များကိုနယ်ပယ်အလိုက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း Donor ကိုပြန်တင်ပြရမှာဖြစ်ပါတယ်။ စီမံကိန်းကိုလာမယ့် ဇန်နဝါရီတွင် စတင်အကောင်အထည်ဖော်မှာဖြစ်ပြီး ဒီဇင်ဘာလမှာ အပြီးသတ်လုပ်ဆောင်မှာဖြစ်ပါတယ်။

အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားပို့ကုန် မဟာဗျူဟာအကောင်အထည်ဖော်မှု အစီအစဉ်မှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီရယူရန် ပြင်ဆင်ထားသည့်စီမံကိန်းများအားကဏ္ဍအလိုက် တစ်ဖွဲ့ချင်းစီမှတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပါတယ်။ နိုင်ငံတကာ ကုန်သွယ်မှုဌာနမှလည်း စီမံကိန်းတင်ပြချက်များအပေါ် အကြံပြုချက်များ ကူညီပံ့ပိုးပေးခဲ့ပါတယ်။

ဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနဲ့ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနဲ့ အရာထမ်း၊ အမှုထမ်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံ ပရိဘောဂထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ကြိမ်၊ ဝါးလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ဈေးကွက်နှင့် သုတေသနဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်နဲ့ ဆက်စပ်အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ စုစုပေါင်း ၅၀ဦးခန့် တက်ရောက်ခဲ့ပါတယ်။ **MIRT**



# အိန္ဒိယနှင့် တရုတ်နိုင်ငံမှ ကြက်သွန်နီများတင်သွင်းခွင့်ပြု

ပြည်တွင်းကြက်သွန်နီဈေးနှုန်းများ တည်ငြိမ်စေရေးနှင့် စားသုံးသူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေး ရည်ရွယ်၍ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှ ကြက်သွန်နီများ တင်သွင်းရန် သွင်းကုန်လိုင်စင်အား မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့သူများအသင်း ထောက်ခံချက်ဖြင့် ကုမ္ပဏီ ခြောက်ခုအား တင်သွင်းခွင့်ပြုခဲ့ရာ နိုဝင်ဘာလ ၂၇ရက်နေ့ထိ နယ်စပ်နည်းဖြင့် တရုတ်နိုင်ငံ မူဆယ်နယ်စပ်မှ တင်သွင်းရန် သွင်းကုန်လိုင်စင် နှစ်စောင်၊ တန်ချိန် ၂၅၀၊ ပင်လယ်ရေကြောင်းဖြင့် အိန္ဒိယနိုင်ငံမှ တင်သွင်းရန် သွင်းကုန်လိုင်စင် သုံးစောင်၊ တန်ချိန် ၃၈၀ တန်၊ စုစုပေါင်း ကြက်သွန်နီ တန်ချိန် ၆၃၀ တန် ခွင့်ပြုပေးပြီးဖြစ်ပါတယ်။

ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် မည်သူမဆို ကြက်သွန်နီ ပြည်ပမှ တင်သွင်းခွင့် လျှောက်ထားလာပါကလည်း ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ ကြက်သွန်နီများ တင်သွင်းခွင့်ပြုလိုက်သည့်အတွက် မကြာမီ ကြက်သွန်နီဈေးနှုန်း တည်ငြိမ်လာမည်ဟု မျှော်မှန်းရပါကြောင်း တင်ပြလိုက်ရပါတယ်။ **သွင်းကုန်**

# မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ လျာထားချက်ထက်ကျော်လွန်ဆောင်ရွက်

မြန်မာ-ထိုင်းနယ်စပ်ရှိ မောတောင်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ငါးမျိုးစုံ၊ ဆီအုန်းကြိတ်ဖတ်၊ ပရိဘောဂအချောထည်များ တင်ပို့လျက်ရှိပါတယ်။ တစ်ဖက်နိုင်ငံမှ မော်တော်ဆိုင်ကယ်၊ လုပ်ငန်းသုံး မော်တော်ယာဉ်၊ ဘိလပ်မြေ၊ ကွန်ကရစ်ပိုက်၊ သံပိုက်၊ သစ်သီးမျိုးစုံတို့တင်သွင်းနေတာဖြစ်ပါတယ်။ ပို့ကုန်ပိုင်းမှာ လျာထားချက်ကိုပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း သွင်းကုန်ပိုင်းမှာ ကျော်လွန် ဆောင်ရွက်နိုင်တာကြောင့် ကုန်သွယ်မှုပမာဏ လျာထားချက်ထက် ၁၀.၂ ဒသမ ၇၉ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ ပါတယ်။ မောတောင်ကုန်သွယ်ရေးစခန်းအတွက် လျာထားချက်နဲ့ ဆောင်ရွက်နိုင်မှုကို နှိုင်းယှဉ် ဖော်ပြပေးလိုက် ရပါတယ်-

**တန်ဖိုး- ကန်ဒေါ်လာကိန်းပြည့်**

| | လျာထားချက် | ဆောင်ရွက်နိုင်မှု |
|---|---|---|
| **ပို့ကုန်** | ၃၇၅၀၀၀ | ၈၆၄၁၉ |
| **သွင်းကုန်** | ၂၅၀၀၀၀ | ၅၅၆၀၃၁ |
| **ကုန်သွယ်မှု** | ၆၂၅၀၀၀ | ၆၄၂၄၅၀ |

မိမိတို့ဘက်က ထုတ်လုပ်နိုင်မှုအင်အားနည်းပါးသဖြင့် ပိုမိုကြိုးစားကြရန်လိုကြောင်း၊ ယခုအခါ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်တဲ့အပြင် တနင်္သာရီလမ်းပိုင်းပြင်ဆင်မှုများလုပ်နေပြီဖြစ်လို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာတာနဲ့အမျှ အခွင့်အလမ်းကောင်းများ ရရှိလာမှာဖြစ်ကြောင်း စခန်းတာဝန်ခံက နိုဝင်ဘာလ ၃၀ ရက်နေ့ကပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။


ITC ကတ်ပြုလုပ်ထားသူ ၃၄ ဦးရှိသော်လည်း တကယ်တမ်းလုပ်ဆောင်နေသူမှာ ၁၀ ဦးခန့်သာရှိပါကြောင်း၊ ITC ကတ်ထုတ်ပေးရခြင်းရဲ့ ရည်ရွယ်ချက်မှာ ကုမ္ပဏီတည်ထောင်၍ လုပ်ငန်းမလုပ်ဆောင်နိုင်တဲ့ ဒေသခံများ လုပ်သာကိုင်သာရှိစေရေးခွင့်ပြုထားတာဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြဖို့လည်း စခန်းတာဝန်ခံက တိုက်တွန်းပြောကြားခဲ့ပါတယ်။

မောတောင်ကုန်သွယ်ရေးစခန်း စတင်ဖွင့်လှစ်ချိန်ကစပြီး ကုန်သွယ်မှုပမာဏတိုးတက်လာရာ ယခုလမှာ လျာထားချက်ပြည့်မီကျော်လွန်တဲ့တွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ OSSအဖွဲ့များ ပေါင်းစည်းညီညွတ်မှုအကျိုးရလဒ်ဖြစ်ကြောင်းလည်း အကောက်ခွန်ဦးစီးဌာန တာဝန်ခံကပြောကြားတယ်လို့ သိရပါတယ်။

မောတောင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသက်ခိုင်ကမောတောင် ဒေသအား အခြားနယ်စပ်ပေါက်များကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ ဒေသခံပြည်သူများဟာ ရုံးလုပ်ငန်းများ သိရှိနားလည်ခြင်းမရှိတဲ့အတွက် ဝင်ထွက်ဆက်ဆံရန် မဝံ့မရဲဖြစ်နေကြကြောင်း၊ ပညာပေးစည်းရုံးပြီး လမ်းမှန်ပေါ်သို့ ဆွဲခေါ်ရမှာဖြစ်ကြောင်း၊ မြိတ်မှ တစ်ဖက်နိုင်ငံသို့ သင်္ဘောနဲ့ပို့ရင် တစ်ညအိပ်ခရီးကြာမြင့်ပြီး တနင်္သာရီလမ်းပိုင်းပြီးစီးပါက မောတောင်မှ နေ့ချင်းပေါက် တင်ပို့နိုင်မှာဖြစ်ကြောင်း၊ ကုန်သွယ်မှု တိုးတက်လာ နိုင်မှာဖြစ်ကြောင်း၊ ပရိဘောဂသစ်အချောထည်များလည်း တစ်ဖက်နိုင်ငံဈေးကွက်ရရှိနေပြီဖြစ်လို့ ပိုမိုတင်ပို့ လာနိုင်မယ်လို့ ခန့်မှန်းထားတယ်လို့လည်း ဦးသက်ခိုင် ကပြောပါတယ်။ **MIRT**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၇-၁၂-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲလက်ကျန်နည်းပြီး အရောင်းအဝယ်ပါး

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို အိန္ဒိယဘက်ကလည်း ဝယ်လိုအားလျော့သွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၂၃၂၀၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ရာသီဥတု မမှန်တာကြောင့် ပဲအထွက်နှုန်းလျော့ကျခဲ့ပေမယ့် အိန္ဒိယရဲ့ ဝယ်လိုအားသွက်မှုကြောင့် တစ်တန်ကို ၂၅၀၀၀၀၀ ကျပ်ဝန်းကျင်အထိ ဈေးကောင်းရခဲ့တာကြောင့် ဒီနှစ်မှာ တောင်သူရော ကုန်သည်ပါ ထိုက်သင့်တဲ့အမြတ်ကို ရရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်အေးပြီး ပြောင်းသီးနှံသာ အရောင်းအဝယ်အနည်းငယ်ဖြစ်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲပစ္စည်းလက်ကျန်နည်းနေပြီး ပဲအရောင်းအဝယ်လည်း အေးနေကြောင်း သိရပါတယ်။ ဒေသထွက်ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၅၀ ကျပ်ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအလိုက် ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၂၅ ကျပ်(တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်)ဈေးဖြင့် နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များက တစ်ပိဿာကို ၁၉၂၅ကျပ်(တစ်တန်ကို ၁၁၇၈၈၅၀)ဈေးဖြင့် ဝယ် လိုအား ပုံမှန်ရှိပေမယ့် ကုန်သည်လက်ဝယ်မှာ ပဲလက်ကျန်နည်းနေကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲ အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ပဲတီစိမ်းကြီး နယ်စုံမှ ဝင်ရောက်မှုနည်းသွားပေမယ့် မန္တလေးဝယ်လက်ကတော့ ဝယ်လိုအားအထိုက်အလျောက်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၀၀ ကျပ်(တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဈေး ဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)အနေဖြင့် ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၁၅ ကျပ် (တစ်တန် ကို ၁၁၁၁၄၈၇ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနှင့် သိပ္ပံနှမ်း ပုံမှန် အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပဲတီစိမ်းကြီးတွေ ဝင်ရောက်မှုလျော့သွားပေမယ့် မန္တလေးဝယ်လက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၅၅၆ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲဟောင်းအများစု လက်ကျန်နည်းနေပြီး ကုလားပဲတစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲဟောင်းအများစု ပဲလက်ကျန်နည်းနေပြီး ကုလားပဲ(ထိုင်ဝမ်)သာ ပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၅၀ ကျပ်(တစ်တန်ကို ၁၁၃၂၉၂၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် ဖြစ်ခဲ့ကြောင် းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးနှင့် ကုလားပဲ အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၀၅၃ ကျပ် (တစ်တန်ကို ၁၂၅၇၂၃၆ ကျပ်)ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်)ကတော့ ဒေသတွင်း လုပ်ငန်းသုံးဝယ်လက်များနှင့် ပဲခွဲစက်များက ပုံမှန်အဝယ်ရှိတာကြောင့် တစ်ပိဿာကို ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်)ဈေးဖြင့် နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံအနေဖြင့် နယ်စုံမှ ပုံမှန်ဝင်ရောက်မှုရှိသလို ရန်ကုန်-မန္တလေးဝယ်လက်နှင့် မူဆယ်ဝယ်လက်ကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲသွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ဒေသထွက်ပြောင်းသီးနှံအနေဖြင့် နယ်စုံမှ ပုံမှန်အဝင်ရှိသလို တရုတ်ဝယ်လက်ကလည်း ဝယ်လိုအားသွက်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၂၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၈ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒီအချိန်ဟာ ပြောင်းအဝင်လှိုင်တာကြောင့် ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်များလာ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန်ချိန် ၄၃၆၀၀ ခန့် ဝင်ရောက်ခဲ့တာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက အဝင်ပိုလာကြောင်း အဝင်ရှိသလောက်လည်း တရုတ်ဘက်မှ ဝယ်လိုအားရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၈၂ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××


## ရေစကြိုဈေးကွက်မှာ ကုလားပဲသာ အရောင်းအဝယ် ပါးပါးဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက်များနှင့် နယ်ဝယ်လက်တချို့က ဝယ်လိုအားခပ်ပါးပါးရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၂ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၁၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ လက်ကျန်နည်း၊ အရောင်းအဝယ်အေး၊ ပဲတီစိမ်းကြီးနှင့် ကုလားပဲသာ အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲဟောင်းများဖြစ်တဲ့ မတ်ပဲနှင့် ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို အရောင်းအဝယ်လည်း အေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ တရုတ်ဝယ်လက်က တစ်ပိဿာကို ၂၁၁၆ ကျပ် (တစ်တန်ကို ၁၂၉၅၈၁၇ ကျပ်) ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို တရုတ်ဝယ်လိုအား ဆက်တိုက်ရှိပေမယ့် ကုန်သည်လက်ဝယ်မှာပဲ လက်ကျန် လျော့နေကြောင်း တချို့ကုန်သည်တွေက ဈေးကောင်းရရင် ထုတ်ရောင်းနေကြပြီး ဈေးကျရင်တော့ ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို ပဲခွဲစက် လုပ်ငန်းသုံးသမားများနှင့် ကြာဆံစက်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးက တစ်ပိဿာ ၁၉၀၀ ကျပ် (တစ်တန်ကို ၁၁၆၃၅၄၁ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်)ဈေး ဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၇၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ ဖျန်ရေကျော် အ-လ-ကတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပ



ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိဝန်ထမ်းများသည် ဒီဇင်ဘာလ ၂ ရက်နေ့ နေ့လယ်ပိုင်းတွင် ငပုတောမြို့၊ ဖျန်ရေကျော် အလယ်တန်းကျောင်းတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် တိုင်းညွှန်ကြားရေးမှူး ဦးစိုးအောင်က အစားအသောက်များ စားသောက်မည်ဆိုပါက (Ever Suspect) အမြဲသံသယစိတ်နဲ့ စစ်ဆေးပြီးစားရမည် ဖြစ်ကြောင်း၊ နေ့စဉ် စားသောက်နေသော အစားအစာများ အန္တရာယ်ကင်းရှင်းရန်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် ကုန်ဆုံးရက်ကျော်လွန်မှု ရှိ/မရှိ စစ်ဆေးရန်လိုအပ်ကြောင်း၊ ၁၉၇၀ပြည့်နှစ် စင်ကာပူနိုင်ငံ၏ လူနေမှုဘဝပုံစံနှင့် ၂၀၁၅ ခုနှစ် လူနေမှု ဘဝပုံစံ ပြောင်းလဲတိုးတက်မှုများကို ပရိုဂျက်တာနှင့်တကွ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က ရှေ့ဆက်ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ (Trichlorofom) ယင်မနား ဆေးနှင့် (Formalin) တာရှည်ခံ ဆေးများ အကြောင်းကို လည်းကောင်း၊ စားသုံးရန် မသင့်သောအစားအစာများနှင့် ဘေးအန္တရာယ်ဆိုးကျိုးအကြောင်းကို မုန့်နမူနာများနှင့်တကွ ပရိုဂျက်တာဖြင့် လည်းကောင်း၊ အကျယ်တဝင့်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သော ရည်ရွယ်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၂၈၂ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် - ပုသိမ်**

## ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ ချောင်းသာ အ-ထ-ကတွင် စားသုံးသူ အကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပ



ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဦးစောမိုက်ကယ်နှင့် တာဝန်ရှိသူများသည် လူနေမှုဘဝပုံစံများ၊ တွေးခေါ်နေထိုင်မှုနှင့် စားသောက်သုံးစွဲမှုပုံစံများ ပြောင်းလဲမှသာ သက်တမ်းကြာရှည်မှာဖြစ်ပြီး ခန္ဓာကိုယ်ပျိုးထောင်ရန်အတွက် စားသောက်မှုသာမက ဝယ်ယူသုံးစွဲမှုပါ ရွေးချယ်စားသောက်တတ်ရန် ရည်ရွယ်၍ နိုဝင်ဘာလ ၂၇ ရက်နေ့လယ်ပိုင်း ရွှေသောင်ယံမြို့၊ ချောင်းသာ အ. ထ. က တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ဒုတိယ တိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က နေ့စဉ် စားသောက်နေသော အစားအစာများတွင် အန္တရာယ်ရှိ ဓာတုဆိုးဆေးများ၊ တာရှည်ခံ ဓာတုပစ္စည်းများ ထည့်သွင်းထား၍ အပေါ်ယံအမြင်ကို ကြည့်ပြီး မစားဘဲ ဂရုတစိုက် ဝယ်ယူစားသုံးကြရန် လိုအပ်ကြောင်း၊ အစားအသောက်ကြောင့် အားဖြစ်သလိုအစားအသောက်ကြောင့် ဘေးဖြစ်စေကြောင်း၊ စားသုံးရန် မသင့်သော အစားအသောက်များနှင့် ဘေးထွက်ဆိုးကျိုးများ၊ စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၊ အန္တရာယ်ရှိသော သို့မဟုတ် စားသုံးရန်မသင့်သော အစားအသောက်များကို နမူနာပြ၍ ပရိုဂျက်တာနှင့် ရှင်းလင်းပြောကြားပါသည်။

ဆက်လက်၍ ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဟောပြောပွဲကို ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၁၁၂၀ ဦး တက်ရောက်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက အဆိုပါဟောပြောပွဲအခမ်းအနားကို ပြုလုပ်လိုသည်မှာ ကြာပြီဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းနိုင်အောင် လာရောက်ဆွေးနွေးပြောကြားသော တာဝန်ရှိပုဂ္ဂိုလ်များထံမှ ဆောင်ရန်/ရှောင်ရန်များ သိရှိရ၍ ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာစောင်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် - ပုသိမ်**

## ကုန်အမှတ်တံဆိပ် နှစ်ခုနှိုင်းယှဉ်၍ အခြားပစ္စည်းကို ချိုးနှိမ်ဖော်ပြပြီး အရောင်းမြှင့်တင်ခြင်းမှာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့ ငြိစွန်း

၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်၍ ဈေးကွက်အတွင်း မိတ်ဆက်ရောင်းချခဲ့သော xxxx မျက်နှာသစ်ဆပ်ပြာကို xxxx Energy Charge မျက်နှာသစ်ဆပ်ပြာနဲ့ xxxx Acne Clear Oil Control အစရှိတဲ့ အမျိုးသားသုံး မျက်နှာသစ်ဆပ်ပြာ အမျိုးအစားများကို အများပြည်သူတို့က နှစ်သက်စွာ ဝယ်ယူသုံးစွဲနေကြောင်း သိရပါတယ်။ တစ်ဖက်ကလည်း xxxx မှ ရွှံ့စေးနဲ့ပြုလုပ်ထားတဲ့ ဆပ်ပြာနဲ့ xxxx အဆီနဲ့ ဝက်ခြံတို့အတွက် xxxx xxxx မျက်နှာသစ်ဆပ်ပြာအရောင်းမြှင့်တင်ရေးကို စီစဉ်တင်ဆက်ရာမှာ ကုန်အမှတ်တံဆိပ် နှစ်မျိုးကို ကုန်ပစ္စည်း အချင်းချင်းနှိုင်းယှဉ်ပြီး အရောင်းမြှင့်တင်ရေး ဝန်ထမ်းများက နိုင်ငံတစ်ဝန်းလက်ကမ်းကြော်ငြာများနဲ့ အရောင်းမြှင့်တင်ရေးကို လုပ်ဆောင်နေကြပါတယ်။

ဒီကိစ္စနဲ့စပ်လျဉ်းပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အခြားသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြခြင်းသည် ဝယ်ယူသူ သို့မဟုတ် အသုံးပြုသူအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းများ မပြုလုပ်ရဟု စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ အခန်း (၇) စီးပွားရေးလုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ အပိုဒ် ၁၀၊ အပိုဒ်ခွဲ (ခ)တွင် အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အပိုဒ် ၁၄၊ အပိုဒ်ခွဲ ခ တွင်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ လူမှုကျင့်ဝတ်များကို ဖောက်ဖျက်တဲ့ ကြော်ငြာများကို ကြော်ငြာခြင်း မပြုရဟုလည်း ပြဋ္ဌာန်းထားပါတယ်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအခန်း (၈)၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းတာဝန်များ၊ အပိုဒ် ၁၇ ၌ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေနဲ့ စားသုံးသူအငြင်းပွားမှုများကိုစေ့စပ်ညှိနှိုင်းပေးခြင်း၊ ဖြေရှင်းခြင်း၊ စားသုံးသူအကာအကွယ်ပေးရေးနဲ့ စပ်လျဉ်းတဲ့ အသိပညာ ဗဟုသုတများကို စားသုံးသူများအား ဖြန့်ဖြူးပေးခြင်း၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနဲ့ စပ်လျဉ်းပြီး စားသုံးသူရဲ့ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားမှုကို လက်ခံစစ်ဆေးခြင်း၊ ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်းစတဲ့ တာဝန်များကို ပေးအပ်ထားပြီး ဖြစ်ပါတယ်။

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဟာ စီးပွားရေးလုပ်ငန်းရှင်က ပုဒ်မ (၇)၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားတဲ့ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ (၈) မှာဖော်ပြထားတဲ့ တားမြစ်ချက်တစ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက သတိပေးခြင်း/ ပြင်းထန်စွာသတိပေးခြင်း/ လျော်ကြေးပေးစေခြင်း/ အငြင်းပွားလျက်ရှိသော ကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလ အကန့်အသတ်ဖြင့် တားမြစ်ခြင်း၊ ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေခြင်း၊ စားသုံးသူတို့အား ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော ကုန်စည်များကို ဖျက်ဆီးခြင်း၊ လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းတို့ကို လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်းစတဲ့ စီမံခန့်ခွဲရေး နည်းလမ်းများနဲ့ လိုအပ်သလိုအရေးယူသွားမှာဖြစ်ပါတယ်။ စီမံခန့်ခွဲရေးနည်းလမ်းတွေနဲ့ အရေးယူရုံနဲ့ မလုံလောက်ခဲ့ရင်လည်း ဥပဒေအရ တရားစွဲဆို အရေးယူသွားမှာဖြစ်ပြီး ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားခဲ့ရင် ဒဏ်ငွေ ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ ထောင်ဒဏ် (၇) နှစ်အထိ ဖြစ်စေ၊ နှစ်ရပ်စလုံးဖြစ်စေ ပြစ်ဒဏ်များကျခံရမှာဖြစ်ပါတယ်။

ကုမ္ပဏီကြီးများဖြစ်ကြတဲ့အတွက် ကုမ္ပဏီအနေနဲ့ ရှေ့နေများငှားရမ်းပြီး တရားမကြောင်းမှလည်း တရားစွဲဆိုမှုများ ပြုလုပ်နိုင်ပါတယ်။ ယခုဖြစ်စဉ်ကိုကြည့်လျှင် မိမိပစ္စည်းရောင်းအား မြှင့်တင်ရေးလုပ်ရာမှာ အခြားကုမ္ပဏီပစ္စည်းတစ်ခုရဲ့ ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ချိုးနှိမ် ဖော်ပြထားသည်မှာ ပေါ်လွင်လျက်ရှိရာ ကုန်ပစ္စည်းတင်သွင်းရောင်းချသူများအနေနဲ့ ရှောင်ရှားသင့်ရန် လိုအပ်သလို စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို သိရှိနားလည် သဘောပေါက်ထား ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း အသိပေးလိုက်ရပါတယ်။

**မယ်စားသုံး**

# ကျပ်သိန်းရှစ်ဆယ်ကျော်တန်ဖိုးရှိ လူသုံးကုန်များအား လရ (၂) အဖွဲ့က သိမ်းဆည်းရမိ

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှုတားဆီးရေး တာဝန် ထမ်းဆောင်နေတဲ့ မိုဘိုင်း လရ -၂ အဖွဲ့သည် နိုဝင်ဘာလ ၁၉ ရက်မှ ၂၆ ရက်ထိကာလအတွင်း စစ်ဆေးရေးစခန်းသို့ ဝင်ရောက်စစ်ဆေးခံတဲ့ ၁၂ ဘီးယာဉ်၊ မှန်လုံယာဉ်၊ ၂၂ ဘီးယာဉ်များပေါ်မှ တရားမဝင် အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ခန့်မှန်းကျပ် ၈၃ သိန်းကျော်တန်ဖိုးရှိ လူသုံးကုန်များဖြစ်တဲ့ ပလပ်စတစ်ဖျာအသေး ၂၀၀ ချပ်၊ ဆင်ကြယ်ဖိနပ် ၁၅ ဒါဇင် ၄ ထုပ်၊ ကြာပန်းတံဆိပ်ဖိနပ် ဒါဇင် ၂၀ ပါ ၁၅ အိတ်၊ ကြွေအိမ်သာခွက် ၃၀ ခု၊ စမတ်ကုန်အမှတ်တံဆိပ် အဝတ်လျှော်ရာတွင် သုံးတဲ့ အဝတ်ပျော့ဆေးရည် ၉၉ ဖာ၊ Hot & Cool Cooler ခြောက်ခုပါ ၁၀ ဖာတို့ စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီအမှုတွဲများ ဖွင့်လှစ်သိမ်းဆည်းထားတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးအရွယ်စုံ ၃၀၀ ကျော်အား မိုဘိုင်း လရ (၁) အဖွဲ့က စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး တာဝန်ထမ်းဆောင်နေသော မိုဘိုင်းလရ ၁ အဖွဲ့သို့ နိုဝင်ဘာလ ၃၀ ရက် နေ့လည် ၂ နာရီခွဲအချိန်က ဝင်ရောက်လာသော မန္တလေး-မူဆယ် မောင်းနှင်တဲ့ ဗင်ကား 2B/xxxx အားရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းမှာ ယာဉ်ကိုထားခဲ့ပြီးထွက်ပြေးသွားခဲ့ရာ အဆိုပါယာဉ်အား လရ ၁ အဖွဲ့မှ စစ်ဆေးရာမှာ ယာဉ်ခေါင်းပိုင်း ကျောမှီထိုင်ခုံနှစ်ခုံအတွင်းနဲ့ နောက်ခန်းနှစ်ထပ်ကြမ်းခင်းပြုလုပ်ပြီးနေရာအနှံ့ သိုဝှက်သယ်ဆောင်လာတဲ့ ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံး၊ အခြမ်းအရွယ်မျိုးစုံ ၃၃၀ ကိုရှာဖွေတွေ့ရှိခဲ့ တယ်လို့ ရှေ့ပြေးသတင်းရရှိပါတယ်။

အသေးစိတ်စစ်ဆေး တွက်ချက်ပြီးနောက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများ ဖွင့်လှစ်နိုင်ရေးဆောင် ရွက်နေတယ်လို့ သိရပါတယ်။

**MIRT**

# မူဆယ်(၁၀၅)မိုင် Mobile Team မှ သစ်မွှေးဟုယူဆရသောသစ်များ ဖမ်းဆီးရမိ



ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် ထုတ်နုတ်အင်အားMobile Team အဖွဲ့ အနေဖြင့် အေးရှားဝေါလ် တိုးဂိတ်အနီး လားရှိုးမှ မူဆယ်သို့ထွက်ခွာလာသော ယာဉ်ငယ်များအား စစ်ဆေးနေစဉ် နိုဝင်ဘာ ၃၀ ရက်နေ့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိလာသော ယာဉ်အမှတ် (2I/------) Toyota Mark II (အဖြူ) ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ခန်းအတွင်း သိုဝှက် တင်ဆောင်လာသော သစ်မွှေးဟုယူ ဆရသည့် သစ်အပိုင်းအစ ၂၁၇ တုံး၊ အလေးချိန် ၁၈၆ ဒသမ ၁ ကီလိုဂရမ် ခုနစ်အိတ်အား ရှာဖွေတွေ့ရှိခဲ့သဖြင့် သစ်တောဥပဒေအရ တားမြစ်ကန့် သတ်ထားသော ကုန်ပစ္စည်းအား တင်ဆောင်လာခြင်းဖြစ်သဖြင့် အဆိုပါ ယာဉ်နှင့် ယာဉ်ပေါ်ပါပစ္စည်းများအား သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် နိုင်ရေး လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

# ကျိုန်စန်းကျော့-ခိုခေးရှောင်ကွင်းလမ်းပေါ်ရှိ ယာဉ် လေးစီးပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများကို မူဆယ်လှုပ်ရှားအဖွဲ့မှ စစ်ဆေးတွေ့ရှိ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ် အင်အား လှုပ်ရှားအဖွဲ့သည် ကျိုန်စန်းကျော့-ခိုခေး ရှောင် ကွင်းလမ်းပေါ်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင် လာတဲ့ ယာဉ်များ သွားလာနေကြောင်း သတင်းရရှိတဲ့အတွက် သွားရောက်ပိတ်ဆို့တားဆီးရာ ၈ည/xxxx လိုက်ထရပ်ယာဉ် ပေါ်မှ ဆိုလာဘက်ထရီမျိုးစုံ (TATA)၉၇လုံး၊ ဆိုလာပြားမျိုးစုံ (TATA) ၂၄၆ ပြား၊ FM Transreceiver လေးဖာ၊ ဆိုလာ အင်ဗက်တာ(၁၀၀ ဝပ်) ၃၆ လုံးကိုလည်းကောင်း၊ ၈ဃ/xxxx လိုက်ထရပ်ယာဉ်ပေါ်မှ တရုတ် စားသောက်ကုန်ကြမ်းမှုန့် (အစားအသောက်များကြာရှည်အထားခံအောင် အသုံးပြု) ၅၀ အိတ်၊ တရုတ်လေးညှင်း နှစ် အိတ်၊ မဆလာကုန်ကြမ်းမှုန့် သုံးအိတ်၊ ကြိတ်သားတံခါးဘောင် ၁၂ ချောင်းကိုလည်း ကောင်း၊ 5G/xxxx Canter ယာဉ်ပေါ်မှ တစ်ရှူး ၄၅ ထုပ်၊ ဖိနပ်ခုနစ်အိတ်၊ ခေါင်းစွပ်တစ်အိတ်၊ အထည်မျိုးစုံ ၁၀အိတ်၊ ဆင်ကော် ၁၉၅ ဖာ ၊ ကလေးသုံး တစ်ရှူး ၄၅ ဖာကိုလည်း ကောင်း၊ 9F/xxxx ကင်တာယာဉ် ပေါ်မှ တရုတ်အပင်ပိုး သတ်ဆေး ၁၄၅ ဖာ၊ အမျိုးသမီး လစဉ်သုံးပစ္စည်း ၁၆၀ ထုပ်၊ တစ်ရှူး ၁၇ ထုပ်၊ Water Cooler ၁၀ လုံး၊ ဆံပင်ပေါင်းစက် 650 W နှစ်လုံး၊ ကြွေထည်မျိုးစုံ ၂၉ ဖာ၊ ဆံပင်ပေါင်းဆေး တစ်ဖာ၊ ပန်းတု နှစ်ဖာ၊ Jar Set တစ်ဖာ၊ ဆံပင်ညှပ်ကလစ် တစ်ဖာ၊ ဆံပင်အခြောက်ခံစက် တစ်ဖာ၊ ဆုံလည်ထိုင်ခုံတစ်လုံး တို့ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ ပါတယ်။

အဆိုပါ တရားမဝင်ပစ္စည်းများကို အကောက်ခွန် အမှု တွဲဖွင့်လှစ်ပြီး (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကို ရှောင်ကွင်း၍ ရည်ရွယ်ချက်ရှိရှိဖြင့် တင်ဆောင်လာကြောင်း စစ်ဆေးတွေ့ ရှိရသဖြင့် ယာဉ်လေးစီးနဲ့ ယာဉ်ပေါ်ပါ ကုန်ပစ္စည်းအား လှုပ် ရှားအဖွဲ့စုံ ဆုံးဖြတ်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်း ဆည်းသွားမယ်လို့ သိရပါတယ်။ **MIRT**

# မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်း နဲ့ မြိတ် ကုန်သွယ်ရေးစခန်းတို့မှ နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်ကာလအတွင်း ကန်ဒေါ်လာ ၄ ဒသမ ၂၉၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၅၄၀ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၄၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၄ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ၊ ၇၄ တန်ကျော်၊ ကဏန်း ၂၅ တန်ကျော်နဲ့ ပုစွန် တစ်တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင် သီတင်း ပတ်နဲ့နှိုင်းယှဉ်ပါက တန် ၇၀ ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၇၈၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်သော ငါးမျိုးစုံ ၈၃၂ တန်ကျော်၊ ကင်းမွန် ၅၃ တန်ကျော်၊ ပုစွန် ၅ တန်ကျော်၊ အခြားရေထွက်ပစ္စည်း ၁၃ တန်ကျော်၊ ကဏန်း နှစ်တန်ကျော်၊ ပင်လယ်ငါးရှဉ့် တစ်တန်ကျော်နဲ့ ရေဘဝဲ ၅၄၄ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်း ယှဉ်ပါက ၁၄၉ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၃ ဒသမ ၃၇၂ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ် သော ငါးမျိုးစုံ ၁၄၁၄ တန်ကျော်၊ ငါးမှုန့်တန် ၈၆၀၊ ကဏန်းပျော့ ၄၈ တန်ကျော်၊ ကဏန်းနီ ၅၂ တန်ကျော်၊ ကင်းမွန် (အခွံချွတ်) ၅၇ တန်ကျော်၊ အေးခဲရေငန်ပုစွန် ၂၆ တန်ကျော်၊ အေးခဲငါးအသားလွှာ ၄၈ တန်ကျော်၊ ရေငန်ပုစွန် ၁၉ တန်၊ ပုစွန်ခြောက် နှစ်တန်ကျော်နဲ့ ကင်းမွန် နှစ်တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်း ပတ်နဲ့ နှိုင်းယှဉ်ပါက ၈၆၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# တာချီလိတ်စခန်းမှ လိမ္မော်သီးစတင် တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်စခန်းမှ နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်တာသီတင်းပတ်အတွင်း မှာကန်ဒေါ်လာ သုည ဒသမ ဝ၁၀ သန်း တန်ဖိုးရှိ လိမ္မော်သီးတန် ၇၀ ကိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုမရှိဘဲ ယခုသီတင်းပတ်မှ စပြီးတင်ပို့တာဖြစ်ပါတယ်။ လိမ္မော်ရာသီ ချိန်မို့ ဆက်လက်တင်ပို့သွားမယ်လို့ ကုန်သည်တစ်ဦးထံမှသိရပါတယ်။

**မြင့်မြင့်မာ**

# မြန်မာ-တရုတ်နယ်စပ်မှ ရေထွက်ကုန် တန်ချိန် ၁၃၀၀ ကျော်တင်ပို့

မြန်မာရေထွက်ကုန်များကို ကုန်သွယ်ရေးစခန်းများမှ တရုတ်နိုင်ငံ သို့ တင်ပို့ရာတွင် နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်နေ့ထိ သီတင်းပတ် ကာလအတွင်းမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂ ဒသမ ၁၁၉ သန်းဖိုးရှိ ရေထွက်ကုန် ၁၃၄၉ တန်ခန့် တင်ပို့ခဲ့ပါ တယ်။

တင်ပို့တဲ့ ရေထွက်အမယ်မျိုးစုံမှာ ကဏန်း ၂၂၆ တန်ခန့်၊ ငါးရှဉ့် ၆၈ တန်ကျော်၊ ရေခဲငါး ၂၀၂ တန်၊ ငါးမှုန့် ၈၆ တန်ကျော်၊ ငါးလေးခြောက် ၄၅၃ တန်ကျော်၊ ငါးဆားနယ် ၈၂ တန်၊ ငါးဟောက်အရှင် ၃ တန်၊ ငါး ခြောက် ၈ တန်နီးပါး၊ ကင်းမွန်ခြောက် ၁၅၅ တန်၊ ပုစွန်ခွံ ၂၆ တန်ကျော်နဲ့ ပုစွန်ခြောက်မှုန့် ၃၈ တန်တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၂၃ တန်ခန့် လျော့နည်းခဲ့ပါတယ်။ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ဝ၉၂ သန်းဖိုးရှိ ငါးရှဉ့် ၁၈ တန်ကျော်တင်ပို့ခဲ့ပြီး ယခင် တစ် ပတ်ထက် ၉ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ ငါးရှဉ့်ဈေးတက်ပြီး ကဏန်း ဈေးကျနေကြောင်း သိရှိရပါတယ်။ ငါးရှဉ့်ဈေးမှာ ယခင်တစ်ပတ်က တစ် တန်ကို ၆၈၆၈၀၀၀ ကျပ်ရှိပြီး ၊ ယခုတစ် ပတ်မှာ ၇၁၄၀၀၀၀ ကျပ်သို့ ဈေးတက် လာပါတယ်။ ကဏန်းဈေးကတော့ ယခင်တစ်ပတ်က ၇၉၉၅၇၆၆ ကျပ်ရှိ ရာမှ ယခုတစ်ပတ်မှာ ၇၂၂၅၀၆၈ ကျပ်သို့ ဈေးကျ လာကြောင်း သိရှိရပါ တယ်။

**ယဉ်ယဉ်အေး**

# ကျွန်ုပ်တို့၏ကျေးဇူးရှင်...

# အို-ကျွေးမိခင်

လောကတွင် သက်ရှိသတ္တဝါတိုင်း မိခင်ရှိကြသည်။ မိခင်၏ ကျေးဇူးကိုလည်း ခံစားဖူးကြပါသည်။ မိခင်၏ ကျေးဇူးကိုလည်း ဆပ်၍ မကုန်နိုင်မှန်းသိကြသည်။ ကျွန်တော်တို့ ဝန်ထမ်းများမှာလည်း မိမိတို့၏ မိသားစုစားဝတ်နေရေးတို့ကို ဖြေရှင်းပေးသော လူ့ဘဝ၏ သက်တမ်းထက်ဝက်မျှ မှီခိုအားထားရ သော မိမိတို့၏လုပ်ငန်းဌာနသည် ကျွေးမိခင်ပမာ ကြီးမားလှပါသည်။ သို့ကြောင့်ပင် မိခင်ဌာနဟု တင်စားခေါ်ဝေါ် ကြခြင်းဖြစ်ပါသည်။

ကျွန်ုပ်မှာလည်း ဝန်ထမ်းတစ်ဦးဖြစ်သည်နှင့်အညီ မွေးမိခင်ရှိသလို ကျွေးမိခင်ဌာနဆိုင်ရာလည်းရှိပါသည်။ ကျွန်ုပ်၏ ကျွေးမိခင် အမည်မှာ ယခု"ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန"ဟု အမည်တွင်နေပါသည်။ ဒီမိခင်၏ အရိပ်အာဝါသအောက်တွင် ကျွန်ုပ်၏ အနှစ် ၆၀ နီးပါးအနက် ၃၂ နှစ်ကျော် အသက်မွေးဝမ်းကျောင်းပြုကာ ကျင်လည်ကျက်စားခဲ့ပါသည်။ အသက် ၅ နှစ်မှ ကျောင်းစနေကာ အသက် ၂၁နှစ်တွင် ဘွဲ့ရသဖြင့် အခြေခံအထက်တန်းနှင့် တက္ကသိုလ်ပညာရပ်တွေကို ၁၆ နှစ်မျှ သင်ယူခဲ့ သော်လည်း မိခင်ဌာနသည် ၃၂ကျော်မျှ ဘဝတက္ကသိုလ်ဖွင့်ကာ ပညာအရပ်ရပ်ကို သင်ကြားပေးခဲ့သည်။

မိခင်ဌာနသည် လုပ်ငန်းဌာနဆိုင်ရာ ပညာရပ်များ အစဉ်တစိုက် သင်ကြားပေးခဲ့သလို ထက်အောက် ဝဲယာ ပေါင်းသင်းဆက်ဆံရေးနည်းပညာ၊ စီမံအုပ်ချုပ်မှု အတတ်ပညာ၊ ဇွဲလုံ့လဝီရိယစိုက်ထုတ်သူတို့၏ အကျိုးရလဒ်များ၊ ပျင်းတတ်ဖျင်းတတ်သူတို့၏ နောက်ကျမှုများ၊ အခြားလူမှုဆက်သွယ်ရေး နည်းပညာ အစရှိသည်တို့ကို သင်ကြားပေးခဲ့သည်။ ယခုလည်း သက်ပြည့်ပင်စင်ဆိုသည့် ပန်းတိုင်ဝင်ကာနီးအချိန်မှာ မိခင်ဌာန ၏ အကျိုးကျေးဇူး ဂုဏ်တော်အနန္တကို အောက်မေ့တသသောအားဖြင့် သမင်လည်ပြန်ဖျတ်ခနဲ လှည့်ကြည့်မိတဲ့အခိုက် ဟင် . . . ငါ့နောက်မှာ ဘယ်သူမှလည်းမရှိတော့ပါလား။


အထက်မှာဆိုခဲ့တဲ့ ကျွန်ုပ်၏ မိခင်ဌာန မြစ်ဖျားခံရာ သန္ဓေတည်ခြင်းကို ပြန်လည်တင်ပြရလျှင် လွတ်လပ်ရေးပင်မရမီ ၁၉၄၅ ခုနှစ် အောက်တိုဘာလကတည်းကပင် လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ (The Agricultural Project Board -APB) အဖြစ် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ ၁၉၄၇ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (Agricultural Marketing Board-UBAMB) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၃ တွင် ပြည်ထောင်စု မြန်မာနိုင်ငံကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (Union of Burma Agricultural Marketing Board - UBAMB) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၁၉၆၅ခုနှစ် ဒီဇင်ဘာလတွင် ကုန်ပစ္စည်း အမျိုးအစားအလိုက် ကဏ္ဍအလိုက် ကုန်သွယ်ရေးကော်ပိုရေးရှင်းအများအပြား ဖွဲ့စည်းခဲ့ရာတွင် ကုန်သွယ်ရေးကော်ပိုရေးရှင်း အမှတ်(၁)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ အဓိကတာဝန်အနေဖြင့် တောင်သူလယ်သမားများထံမှ စပါးများ ဝယ်ယူပြီး ဆန်များ ကြိတ်ခွဲကာ ပြည်တွင်းရှိ အခြေခံအိမ်ထောင်စုများသို့ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ ဆန်တင်ပို့ခြင်း၊ ပဲမျိုးစုံများကို ဝယ်ယူပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းစသည့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးရောင်းချ၊ တင်ပို့ခြင်း လုပ်ငန်းများကို မမောနိုင်မပန်းနိုင် ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၇၆ခုနှစ် မတ်လတွင်မူ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ ထွက်ပစ္စည်း ကုန်သွယ်ရေး ကော်ပို ရေးရှင်း (Agricultural and Farm Produce Trade Coportion-AFPTC) ပြောင်းလဲဖွဲ့စည်းပြီး အထက်ဖော်ပြပါ လုပ်ငန်းများအပြင် သီးနှံနှင့်ပတ်သက်သော သုတေသန ဈေးကွက်နှင့်ပတ်သက်သော လုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၈၈ခုနှစ်တွင် တပ်မတော်အစိုးရမှ တာဝန်ယူပြီးနောက် ၁၉၈၉ခုနှစ် ဧပြီလတွင် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး (Myanmar Agricultural Produce Tading-MAPT) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးသူ တောင်သူလယ်သမားများထံမှ စပါးကိုလိုအပ်သည့် အရေအတွက် အကန့်အသတ်ဖြင့် ဝယ်ယူပြီး နိုင်ငံတော်တာဝန် ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် သတ်မှတ်အင်အားစုများသို့ ထောက်ပံ့ရေးရိက္ခာဆန်များ ကြိတ်ခွဲ ဖြန့်ဖြူးပေးရသော တာဝန်များထမ်းဆောင်ခဲ့ပါသည်။

၂၀၀၃ ခုနှစ်အတွင်း စပါးသီးနှံဝယ်ယူရေးမူဝါဒအသစ် ပြောင်းလဲသတ်မှတ်ပြီး တံခါးဖွင့်စီးပွားရေး ဈေးကွက် စီးပွားရေးမူများအရ ပြည်တွင်းတွင် သီးနှံများကို လွတ်လပ်စွာကူးသန်းသွားလာရောင်းဝယ်နိုင်ကြပြီး ၂၀၁၃ခုနှစ် ဧပြီလတွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (Department of Trade Promotion -DTP) အဖြစ် ပြောင်းလဲ ဖွဲ့စည်း



ကာ ကုန်သွယ်မှုသတင်းအချက်အလက်များ စုဆောင်းထုတ်ပြန်ခြင်း၊ ကုန်သွယ်မှုမြှင့် တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယင်းမှတစ်ဖန် ၂၀၁၅ခုနှစ် ဧပြီလတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (Department of Trade Promotion and Consumer Affairs-DTPCA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

အဆင့်ဆင့်ကာလအလိုက် ခေတ်အလိုက်ပြောင်းလဲခဲ့သော မိခင်ဌာန၏ အမည်များမှာ တာဝန်ယူဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အစိုးရ ယင်းကာလ၏ စီးပွားရေးစနစ်တို့အပေါ် အခြေခံ၍ ပြောင်းလဲခြင်း အမည်နာမ တပ်ဆင်ခြင်းတို့ရှိခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့သော် အစဉ်တစိုက်အားဖြင့် ဝန်ထမ်းအပါအဝင် ပြည်သူလူထုတို့၏ အဓိကစားနပ်ရိက္ခာဖြစ်သော စားစရာဆန်ကို ဖြည့်တင်းပေးပြီး နိုင်ငံတော်၏ ပြည်ပဝင်ငွေများရရှိအောင် မိခင်ဌာနရှိ ဝန်ထမ်းများက ခေတ်အဆက်ဆက် ကြိုးပမ်းထမ်းဆောင်ခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပြီး အုပ်ချုပ်သည့် ဒီမိုကရေစီ အစိုးရလက်ထက်တွင်လည်း မိခင်ဌာန၏ တာဝန်ရှိသူများက ဌာနကြီး၏ ဦးတည်သွားရမည့် မျှော်မှန်းချက် (Vision) နှင့် ရည်မှန်းချက် (Mission) များကိုလည်း တိကျစွာ ချမှတ်ပေးပြီးဖြစ်ပါသည်။

မိခင်ဌာန၏ မျှော်မှန်းချက် (Vision) မှာ-

"နိုင်ငံ့စီးပွားရေးကို ထိရောက်စွာ မြှင့်တင်နိုင်မည့် စွမ်းဆောင်ရည်မြင့်မားသော၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူကာကွယ်ရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရန်"ဟု သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ရည်မှန်းချက် (Mission) မှာလည်း (၃)ရပ်ရှိရာ ယင်းတို့မှာ-

- ပို့ကုန်မြှင့်တင်ရန် (Export Promotion)
- ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် (Private Sector Development)
- စားသုံးသူအကျိုး ကာကွယ်ဆောင်ရွက်ရန် (Comsumer Protection) တို့ဖြစ်ကြပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် အဓိကနိုင်ငံ၏ စီးပွားရေးဦးမော့ရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်တို့မှာ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍမြင့်တက်နေရန် လိုအပ်ပါသည်။အဆိုပါလိုအပ်ချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကြီးရှိ 'ကုန်သွယ်မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန'မှ ဝန်ထမ်းကြီးငယ်ရွယ်လတ်အားလုံးတို့က ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

■

## ပင်နာဆိုးနစ်အမှတ်တံဆိပ်၏ 2015 Myanmar Air Conditioner Dealer Convention ကျင်းပ

ပင်နာဆိုးနစ်အမှတ်တံဆိပ် အရောင်းကိုယ်စားလှယ်ကြီးများ၏ ညီလာခံ (2015 Myanmar Air Conditioner Dealer Convention) အခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်နေ့က ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ် တွင် ကျင်းပခဲ့သည်။




အဆိုပါအခမ်းအနားတွင် ပင်နာဆိုးနစ်အမှတ်တံဆိပ်မှအသစ်ထုတ်လုပ်ပြီး ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် နည်းပညာမြင့်မားစွာဖြင့် ထုတ်လုပ်ထားသည့်လေအေးပေးစက်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

နည်းပညာမြင့်မားစွာဖြင့် ထုတ်လုပ်ထားသည့် ပင်နာဆိုးနစ် လေအေးပေးစက်များသည် နာနိုစနစ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစနစ်၊ စွမ်းအင်ချွေတာမှုကို အဓိကထားသည့် စနစ်များဖြင့် ထုတ်လုပ်ထားကြောင်းသိရသည်။

ထို့ပြင် ပင်နာဆိုးနစ်ကုမ္ပဏီသည် အဆိုပါအခမ်းအနားတွင် iAuto-X စနစ်၏ မြန်ဆန်စွာအေးမြစေသောနည်းပညာကို အဓိကထား၍ မိတ်ဆက်ခဲ့ကြောင်း သိရသည်။

အဆိုပါနည်းပညာ၏အကောင်းဆုံး လုပ်ဆောင်ချက်မှာ ပထမဆုံးစတင်လည်ပတ်ချိန်မှစတင်၍အချိန်တိုအတွင်း မှာပင် အမြင့်ဆုံးစွမ်းဆောင်ရည်ကို ရောက်ရှိစေရန် နည်းပညာသစ်များဖြစ်သည့် Econavi, Inverter နှင့် Nonoe-G တို့ကို ပေါင်းစပ်ထုတ်လုပ် ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလေအေးပေးစက်အသစ်များသည် စွမ်းအားမြင့်အေးမြခြင်းကို ပေးစွမ်းနိုင်ရုံသာမက စွမ်းအင်သုံးစွဲမှုကိုလည်း ၆၅ ရာခိုင်နှုန်းအထိ ချွေတာပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Nanoe-G လေသန့်စင်သောနည်းပညာကို အသုံးပြုထားသဖြင့် အခန်းတွင်းရှိ ပိုးမွှားများ၊ ဆိုဖာများနှင့် လိုက်ကာများတွင် ကပ်ငြိနေသည့်ပိုးမွှားကိုပါဖယ်ရှားပေးနိုင်ကြောင်း သိရသည်။

Aerowings ၏ လုပ်ဆောင်မှုအသစ်များကြောင့် လေစီးဆင်းမှုလမ်းကြောင်းကို ထိန်းချုပ်နိုင်သကဲ့သို့ တိုက်ရိုက်လေစီးဆင်းမှုကို မခံစားဘဲ အခန်းတစ်ခုလုံး အအေးချိန်ညီမျှ၍ သက်သောင့်သက်သာရှိသည့် အေးမြခြင်းကို ခံစားနိုင်ကြောင်း သိရသည်။ ပင်နာဆိုးနစ် အမှတ်တံဆိပ်လေအေးပေးစက်များကို မြန်မာနိုင်ငံ၏ အရောင်းကိုယ်စားလှယ်ကြီးများနှင့် အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **မယ်သီတာ**




အခုတစ်လော သတင်းစာ၊ ဂျာနယ်တွေမှာ သတိထားကြည့်မိတဲ့အကြောင်းကတော့ "ကြက်သွန်နီ" ပါပဲ။ လတ်တလော သတင်းအားလုံးရဲ့ အပေါ် လွှမ်းမိုးမှုကကြက်သွန်နီအကြောင်းပါ။ နိုင်ငံတော်က ထုတ်တဲ့ သတင်းစာတွေရဲ့ ကာတွန်းတွေမှာဆိုရင်ကို တစ်ကွက်က သူကဘာလို့ အချိန်တိုတိုအတွင်းမှာ ဘာအရောင်းအဝယ်လုပ်လို့ ကြီးပွားသွားတာလဲဆိုတော့ "ကြက်သွန်နီအရောင်းအဝယ်လုပ်လို့ပါတဲ့"။နောက်တစ်ကွက်က သစ်ပင်တက်နေသူကို ကြည့်ပြီးတော့ တက်သွားတာမြန်လိုက်တာ ကြက်သွန်နီဈေးတက်သွားတဲ့အတိုင်းပဲ။ နောက်တစ်ကွက်က ဦးသမီးကို ကျွန်တော်ကြက်သွန်နီတစ်အိတ်နဲ့ တင်တောင်းပါတယ်ဆိုတဲ့အကွက်၊ ခေတ်စနစ်နဲ့ လိုက်လျောညီထွေစွာ ကုန်ဈေးနှုန်းကို သရော်တဲ့နေရာမှာ ထိမိလှတဲ့ကာတွန်း ဆရာတွေ ရဲ့ပညာပါ။ ရုံးကိစ္စ၊ အိမ်ကိစ္စတွေမှာရော ကြက်သွန်နီတက်ရတဲ့ အကြောင်းရင်း၊ မိုးစိုက် (ဥစိုက်) ကြက်သွန်ဘယ်တော့ပေါ်မလဲ။ ယခုဈေးဘယ်လောက်လဲ၊ လက်ကျန်ဘယ်လောက်ရှိနေလဲ၊ မိုးစိုက် (ဥစိုက်) ပေါ်ရင်ရော ဘယ်ဈေးဖြစ်မလဲ။ အိမ်ကအိမ်ရှင်မကတော့ ဒီအချိန်မှာ ကြက်သွန်နီဟာ ရွှေဈေးထက်တန်ဖိုးရှိနေကြောင်း ညည်းနေတာဟာ ဆူးလေဘုရားကခိုအုပ်များ အညာဒေသက ကိုယ့်အိမ်ပြောင်းလာသလား အောက်မေ့ရလောက်အောင်ကို ညည်းပါတယ်။ လက်ဖက်ရည်ဆိုင်က စမူဆာထဲမှာထည့်တဲ့ ကြက်သွန်နီနေရာမှာ မုန်လာထုပ်ရောလာတာ၊ မုန့်ဟင်းခါးစားရင် ကြက်သွန်ချဉ်လာမချတော့တာကတော့ ကိုယ်တိုင်တွေ့ကြုံရတာပါပဲ။

လေးစားအပ်သော စာရှုသူခင်ဗျား။ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြပါဦးမယ်။ တစ်လောက နိုဝင်ဘာ ၂၃-၂၄ ရက်နေ့က ဆိပ်ဖြူမြို့နယ်ကို အလုပ်ရုံဆွေးနွေးပွဲတစ်ခု သွား လုပ်ပါ တယ်။ ကိုယ့်ရုံးနဲ့ ဆိပ်ဖြူမြို့ရဲ့ ညနေဈေးက နီးလေတော့ ဈေးသွား ဟင်းချက်စရာ ဝယ်ဟင်းချက်မယ်လုပ်တော့ ကြက်သွန်နီပါမလာလို့ ဆိပ်ဖြူမှာရှိတဲ့ ကိုယ့်ဝန်ထမ်း အမျိုးသမီးတစ်ယောက်ကိုကြက်သွန်နီ သွားဝယ်ပါဦးဗျာဆိုပြီး အကူအညီတောင်းတော့ သွားဝယ်ပါတယ်။ ပြန်လာတယ် ဆိပ်ဖြူဈေးထဲမှာ ကြက်သွန်နီဝယ်လို့ မရဘူး၊ ရောင်းသူလည်းမရှိဘူးတဲ့ဗျာ။ ဆိပ်ဖြူဆိုတာ တကယ့်ကြက်သွန်ထွက်တဲ့နေရာမှာ ကြက်သွန်နီမရှိတာ ကိုယ်တိုင်တွေ့ခဲ့ရတာပါဗျာ။

ကဲ---ကြက်သွန်နီသမိုင်းပြန်ကြည့်ကြဦးစို့။ ကျွန်တော်တို့ အညာဒေသမှာ ကြက်သွန်နီကို မိုးစိုက် (ဥစိုက်)နဲ့ ဆောင်းစိုက် (အပင်စိုက်)ဆိုပြီး နှစ်မျိုးရှိပါတယ်။ မိုးစိုက်ဆိုတာ ကိုင်းရယ်ကုန်းရယ် ချောင်းစပ်ရယ်မှာပဲ စိုက်ကြပါတယ်။ မိုးကြက်သွန်နီဆိုတာ ကြာကြာလှောင်လို့မကောင်းပါ။ ဆောင်းကြက်သွန်မပေါ်မီကြားမှာ အခုအခံသဘောထားတဲ့သဘောပါ။ အစိုက်လည်း နည်းတတ်ပါတယ်။ဆောင်းစိုက်ဆိုတာကတော့ ယောချောင်း၊ ကျောချောင်းတစ်လျှောက် ချောင်းရေကျ သဲသောင်တွေ ပေါ်တော့မှ ကာလအားဖြင့် ပြောရရင် ဒီဇင်ဘာလမှာပေါ်လာတဲ့ သဲသောင်တွေပေါ်မှာ ပျိုးစိုက် (အပင်စိုက်) တော်တော်များများစိုက်ပါတယ်။ ကျောချောင်း၊ ယောချောင်းတစ်လျှောက် ဆိပ်ဖြူမြို့နားက ဧရာဝတီမြစ်ဝအထိ စိုက်ကြပါတယ်။ ပေါက်မြို့နယ် ဆိပ်ဖြူမြို့နယ် နှစ်ခုစလုံးမှာစိုက်ပါတယ်။

ဒီဇင်ဘာမှာ စတင်စိုက်ပျိုးပြီး မတ်လနောက်ဆုံးပတ်မှာ စတင်ပေါ်ရာမှ ဧပြီလမှာဖြိုင်ဖြိုင်ပေါ်ပါတယ်။ ဆောင်းစိုက်ကြက်သွန်က အလှောင်ခံတယ် အထားခံတယ်၊ ပြည်တွင်းသုံးရုံမက ပြည်ပထိပို့ရတဲ့ Export ဈေးကွက်ဝင် သီးနှံပါ။ ဆောင်းစိုက်ကြက်သွန်ဆိုရင် ထားခဲ့တဲ့ မှတ်တမ်းများအရ ပေါက်နယ်မှာ နှစ်စဉ်ပိဿာချိန် သိန်း ၁၀၀ နဲ့ ၁၅၀ လောက်၊ ဆိပ်ဖြူမြို့နယ်မှာ ပိဿာချိန် ၂၅၀ နဲ့ ၃၀၀ ကြား နှစ်စဉ်ထွက်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ စားသုံးမှု၊ ပြည်ပပို့မှုကို ပေါက်(ပခုက္ကူ) ဆိပ်ဖြူ မြင်းခြံ၊ မြစ်သား စသည့်မြို့နယ်များမှ ထွက်ရှိတဲ့ဆောင်းစိုက် (ပျိုးစိုက်)ကို ကျောထောက်နောက်ခံပြုပြီး စိုက်ပျိုးထွက်ရှိတာပါ။

ကြက်သွန်နီဈေးကို ပြန်လည်ဆန်းစစ်လေ့လာကြည့်ကြပါဦးစို့။ ထွက်ပေါ်စ ဧပြီလမှာ ထိပ်စ တစ်ပိဿာ ၂၇၅ ကျပ်မှ ၃၀၀ ကျပ်၊ လတ်စ တစ်ပိဿာ ကျပ်၂၅၀ မှ ၂၇၅ ကျပ်၊ အောက်စ တစ်ပိဿာ ကျပ် ၇၀၊ ကျပ် ၁၀၀ မှ ၂၀၀ ကျပ်ဈေးတွင် စတင် အရောင်းအဝယ်ဖြစ်ခဲ့တာပါ။ ဒီလိုနဲ့ ဇွန်၊ ဇူလိုင်လမှာ တစ်ပိဿာထိပ်စ ၃၉၅ ကျပ်၊ ကျပ် ၄၈၀ မှ ၅၁၀ ကျပ်၊ လတ်စ တစ်ပိဿာ ၃၇၅ ကျပ်၊ ကျပ် ၄၀၀ မှ ၄၅၀ ကျပ်၊ အောက်စ တစ်ပိဿာ ကျပ် ၂၅၀၊ ၃၇၅ ကျပ်၊ ၄၀၀ ကျပ်ဈေးများစတင်ဆွဲလာခဲ့ပါတယ်။ နောက်ပိုင်း စက်တင်ဘာလမှာ ထိပ်စ တစ်ပိဿာ ၂၀၀၀ ကျပ်၊ ၂၅၀၀ ကျပ်၊ ၃၀၀၀ ကျပ်၊ လတ်စ တစ်ပိဿာ ၁၇၅၀ ကျပ်၊ ၂၀၀၀ ကျပ်၊ ၂၅၀၀ ကျပ် အောက်စ တစ်ပိဿာ ၁၆၀၀ ကျပ်-၂၀၀၀ ကျပ် - ၂၄၀၀ ကျပ်အထိဈေးများ တက်လာခဲ့တာကို လေ့လာရပါတယ်။

ကုန်ပစ္စည်းဆိုတာမျိုးက ကိုယ်လည်းစိုက်တယ်၊ သူလည်းစိုက်တယ်၊ ကိုယ်ထွက်မလား ပျက်သလား၊ သူထွက်မလား ပျက်သလားဆိုတာ မူတည်ပြီးတော့ လူတို့စားသုံးမှု၊ ဈေးကွက်ရဲ့ တောင်းဆိုမှုဆိုတာတွေကြောင့် ကုန်ဈေးနှုန်း တက်ခြင်း၊ ကျခြင်း ဖြစ်ပေါ်တတ်တာပါ။

> ကြက်သွန်များ ပျက်စီးမှာကို
> စိုးရိမ်သဖြင့် ဈေးကွက်သို့
> အလောတကြီး ထုတ်ရောင်းမှုတွေကြောင့်
> ပြည်တွင်းလက်ကျန် နည်းမှု၊
> မိုးစိုက်ကြက်သွန်များ
> အထွက်နောက်ကျမှုတို့ကြောင့်ဆိုပြီး
> အကြောင်းပြခဲ့ကြသော်လည်း

ယခုအနေအထားမှာ ကိုယ့်တိုင်းပြည်က ထွက်တယ်၊ ဒါပေမယ့် ရာသီဥတုတွေရဲ့ အနေအထား ပျက်စီးမှုကြောင့် ထွက်သင့်သလောက်၊ ရသင့်သလောက် ထွက်ခဲ့ကြသလား ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။ သူတစ်ပါးတိုင်းပြည်မှာ အကြောင်းကြောင်းသော အကြောင်းကြောင်းများကြောင့် မထွက်ဘူး လိုအပ်လာတယ်၊ ဒီအနေအထား ပြည်ပဈေးကွက်အဆွဲရှိလာတယ် ၊ အနုတ်ရှိလာတယ်ပေါ့၊ ပြည်ပဈေးကွက် အဆွဲရှိရင် ပြည်တွင်းဈေးလည်း တက်လာတယ်ပေါ့ဗျာ၊ ဒါဟာ အရောင်းအဝယ်လောကရဲ့ ဖြစ်တတ်တဲ့ သဘောတရားတစ်ခုပါ၊ ဒီအခြေအနေပေါ်မှာ လူတွေရဲ့ သဘာဝတရားဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်လာပြီး ဒါဟာ ဈေးကွက်က ပြောသောစကားပါ။ ဒီအပေါ်မှာ ဖြစ်သင့်သည်ထက်၊ ရထိုက်သည်ထက် ပိုပြီးရချင်တယ်၊ အမြတ်အစွန်းပိုလိုတယ်၊ လောဘဦးစီးတာပေါ့ဗျာ၊ ကိုယ့်ဆီမှာရှိတဲ့ လှောင်ထားတဲ့ ကြက်သွန်ဝယ်ကို ဝယ်မှာဆိုတာ သိနေလေတော့ ဆက်ကိုင်ထားမယ်လို့ မြတ်မှန်းသိလေဆုပ်ကိုင်ထားလေပေါ့၊ အချို့ဆို တစ်ပိဿာ ၄၀၀၀ ကျပ် ဈေးဖြစ်ကိုဖြစ်ရမယ်ပေါ့၊ ဖြစ်နိုင်တယ်ဖြစ်ရမယ်။ သို့သော် ကိုယ့်လက်ထဲမှာ ပိုက်ဘောဖြစ်နေမလားဆိုတာအထိ စဉ်းစားကြတယ်ဆိုတဲ့ အသံတွေကြားရပါတယ်၊ နိုဝင်ဘာ ၂၈ ရက်နေ့ထုတ် ကြေးမုံ သတင်းစာမှာ ဆောင်းပါးရှင် ဆရာမောင်စေအောင်ရဲ့ ကြက်သွန်နီ အသင်းမှ တာဝန်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်အရ စားရသလောက်လောဘကြီးလာခြင်းဖြစ်ကြောင်း၊ ကြက်သွန်စိုက်ဒေသတွေက ဘုရင့်နောင်ကုန်စည်ဒိုင်ကို တစ်နေ့ကြက်သွန်ကား ၂၅ စီး အနည်းဆုံးဝင်တယ်။ ဈေးမကျဘူး၊ ပစ္စည်းမရှိတာမဟုတ်ဘူး၊ အစကတော့ ကုန်သည်တွေစားပါစေဆိုပြီး ပြည်ပကမသွင်းဘဲထားတယ်။

စားရသလောက် လောဘကြီးလာတယ်။ တရားဝင်လမ်းကြောင်းကတင်သွင်းပါက တရုတ်ကြက်သွန်နီ တစ်ပိဿာကို ၁၀၀၀ ကျပ်မှ ၁၂၀၀ ကျပ်သာ ပေါက်ဈေးရှိနိုင်ပြီး ပြည်တွင်းမှာ ဈေးကျလာနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကြက်သွန်နီအဝင် နည်းတဲ့ရာသီ ကြက်သွန်နီက ၁၅ စီးခန့်ရှိသော်လည်း ယခုကဲ့သို့ ဈေးအဆမတန်မြင့်တက်လာခြင်းမရှိကြောင်း၊ အဝင်နည်းလို့ ဈေးတက်လာတာပါလို့ ပြော၍မရကြောင်း၊ ဒီနှစ်အဖို့ မနှစ်ကထက်ပင် အများကြီးပိုဝင်နေကြောင်း၊ အခုလပိုင်း စားသုံးသူများ အကြီးအကျယ်ငွေကြေးကုန်ကျမှုများနေသော်လည်း ပြည်တွင်းရှိကြက်သွန်နီလှောင် လက်များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ပြည်ပမှ တင်သွင်းရောင်းချသူများ၊ အဆမတန်မကြုံစဖူး အမြတ်အစွန်းရရှိနေပါတယ်။ ကြက်သွန်နီဈေးတက်မှုရဲ့ အဓိကအကြောင်းရင်းကို ပြည်သူများသိရှိခွင့်ရလာတယ်။ အောက်တိုဘာလဆန်း ကြက်သွန်ဈေးနှုန်း စတင်မြင့်တက်ချိန်မှာ လက်ရှိပြည်တွင်းဈေးထက် များစွာဈေးသက်သာတဲ့ ပြည်ပကြက်သွန်များကို တင်သွင်းခဲ့ပါလျှင် ယခုကဲ့သို့ ကြက်သွန်နီဈေး တစ်ပိဿာကျပ် ၃၀၀၀ အထက်သို့ရောက်ရှိခြင်း မရှိနိုင်ပါ။ အသင်းအဖွဲ့ရဲ့ စေတနာက စားသုံးသူပြည်သူများအပေါ် ဝေဒနာသဖွယ် ဖြစ်ပေမယ့် အသင်းသားများအတွက် များစွာအကျိုးရှိစေသည်ဟု ဆိုနိုင်ပါကြောင်း၊ ကြက်သွန်ဈေး အဆမတန် မြင့်တက်လာမှုကို ၂၀၁၅ ခုနှစ်နောက်ပိုင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှု၊ မိုးမိမှုတို့ကြောင့် ကြက်သွန်နီစိုက်ခင်း များပျက်စီးရမှု လှောင်ကြက်သွန်များပျက်စီးမှာကို စိုးရိမ်သဖြင့် ဈေးကွက်သို့ အလောတကြီး ထုတ်ရောင်းမှုတွေကြောင့် ပြည်တွင်းလက်ကျန်နည်းမှု၊ မိုးစိုက်ကြက်သွန်များ အထွက်နောက်ကျမှုတို့ကြောင့်ဆိုပြီး အကြောင်းပြခဲ့ကြသော်လည်း ယခုအနေအထားက ယင်းလုပ်ငန်းရှင်များရဲ့ လောဘကြီးမှုတို့ကြောင့် ဖြစ်ရတာပါလို့ ကြက်သွန်နီအသင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်များကြောင့် လုပ်ငန်းရှင်များရဲ့ လောဘကြီးမှုကို အများပြည်သူများ သိရှိရပါတယ်။ ယခုရက်ပိုင်း ပြည်ပနဲ့ ကုန်ပစ္စည်း အသွင်းအထုတ်ရှိတဲ့ လုပ်ငန်းရှင်များ အသိုင်းအဝိုင်းရဲ့ အဆိုအရ အိန္ဒိယပြည်မှ ကြက်သွန်နီ ကုန်သေတ္တာအလုံးရေ ၄၅ လုံး၊ ပိဿာချိန်အားဖြင့် ငါးသိန်းပတ်ဝန်းကျင် သင်္ဘောဖြင့် ပြည်တွင်းသို့ မကြာမီ ရောက်ရှိလာနိုင်မယ်လို့ သိရှိရပါတယ်။

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ကြက်သွန်နီဈေးနှုန်း တည်ငြိမ်ရေးနဲ့ ပတ်သက်တဲ့သတင်းကိုလည်း ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပါတယ်။ ကြက်သွန်နီဈေးနှုန်းများမှာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ပျမ်းမျှ တစ်ပိဿာ ၉၀၀ ကျပ်၊ အောက်တိုဘာလတွင် တစ်ပိဿာ ၁၂၀၀ ကျပ်ရှိနေရာမှ နိုဝင်ဘာလ တတိယပတ်တွင် တစ်ပိဿာ ပျမ်းမျှ ၄၀၀၀ ကျပ်နီးပါးဖြစ်ပေါ်နေခဲ့ပြီး ပြည်တွင်းမှ စိုက်ပျိုးသည့် မိုးကြက်သွန်များ ဒီဇင်ဘာလကုန်အတွင်းမှ လှိုင်လှိုင်ပေါ်မည်ဖြစ်သဖြင့် ကြက်သွန်နီဈေးနှုန်း ကြီးမြင့်မှုနဲ့တွေ့ကြုံရကြောင်း စားသုံးသူများ ဝန်ထုပ်ဝန်ပိုး မဖြစ်ပေါ်စေရေး ရည်ရွယ်လျက် အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့မှ ကြက်သွန်နီများ အကန့်အသတ်ဖြင့် ပြည်တွင်းသို့ တင်သွင်းပြီး၊ ပြည်တွင်းကုမ္ပဏီများအား မြန်မာနိုင်ငံကြက်သွန်နီ/ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများ အသင်းရဲ့ကြီးကြပ်မှုဖြင့် ခွင့်ပြုတင်သွင်းစေမည်ဖြစ်ကြောင်း၊ ကြက်သွန်နီ ပြည်ပမှ တင်သွင်းခွင့် တင်ပြလျှောက်ထားလာပါက သတ်မှတ်ချက်ဖြင့် ကိုက်ညီရင် ဆက်လက်တင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီက ဆိုပြီး နိုင်ငံပိုင်သတင်းစာတွေမှာ ထုတ်ပြန် ကြေညာထားတာကိုလည်း ဖတ်ခဲ့ရပါတယ်။

ဘာပဲပြောပြော ကြက်သွန်နီဈေးမြောက်နေတယ်။ ဈေးတက်နေတယ်။ ဖြစ်သင့်ဖြစ်ထိုက် တက်သင့် တက်ထိုက်လို့ဖြစ်တာလား၊ ထွက်ရှိမှုအနည်းအများ ဈေးကွက်ရဲ့ တောင်းဆိုမှုဆိုတာတွေကြောင့် ဖြစ်နေတာလား၊ ဒါမှမဟုတ်ဖြစ်သင့်တာထက် ပိုဖြစ်စေချင်လို့ လူတွေရဲ့ လောဘဦးစီးပြီးဆွဲကိုင်လှုပ်ရှား ကစားတာကြောင့် ဈေးတက်နေတာလား စဉ်းစားကြရအောင်ပါ။ မကြာခဲ့သော ကာလမှာ အာဆီယံနိုင်ငံများနဲ့ အပေါင်းနိုင်ငံများက အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို သဘောတူညီခဲ့ကြပြီးဖြစ်ပါတယ်။ အာဆီယံနိုင်ငံများနဲ့အပေါင်းနိုင်ငံများက ကုန်ပစ္စည်းများ လွတ်လပ်စွာ ရောင်းဝယ်ကြပါတော့မယ်။ ဒီနေရာမှာ အရောင်းအဝယ် သစ္စာဗျူဟာ အခင်းအကျင်းတွေမှာ ရိုးသားမှု သစ္စာရှိမှုတွေလိုလာပါပြီ။ တစ်ခါဆက်ဆံဆယ်ခါလန်ဆိုတဲ့ အဖြစ်မျိုးတွေ ရှောင်ကြဉ်ကြဖို့ လိုပါလိမ့်မယ်။ ဘယ်တိုင်းပြည်မှာမဆို ထွက်ကုန်အမျိုးမျိုး ရှိတတ်ကြပါတယ်။ ကိုယ့်တိုင်းပြည်က အပို သူတစ်ပါးတိုင်းပြည်ကအလို၊ ထိုနည်းတူစွာပဲ သူတစ်ပါးတိုင်းပြည်က အပို ကိုယ့်နိုင်ငံကလိုရင် တင်ပို့ခြင်း တင်သွင်းခြင်းဆိုတာတွေဟာ ဆက်ရှိနေမှာပါ။ အခုတလော ကိုယ့်တိုင်းပြည်မှာ ကြက်သွန်နီရှိနေပါလျက် ပြည်ပက တင်သွင်းရတယ်ဆိုတာ ဖြစ်သင့်ပါသလား။ ဖြစ်ထိုက်ပါသလား စဉ်းစားကြရတော့မှာပေါ့၊ အခုအနေအထားက ပခုက္ကူမှာ ရေစကြိုမြို့နယ်နဲ့ ပေါက်မြို့နယ်က မိုးစိုက် (ဥစိုက်)ကြက် သွန် အသစ်တွေဝင်နေပါပြီ။ စဝင်ကာစက တစ်နေ့ပိဿာချိန် ၅၀၀၊ ၁၀၀၀ မှသည် ယခုဆိုရင် တစ်နေ့ ပိဿာချိန် ၅၀၀၀ မှ ၁၀၀၀၀၊ ၁၇၀၀၀ ပိဿာအထိ ဝင်နေပါတယ်။ စဝင်ကာစက တစ်ပိဿာ ၁၁၀၀ ကျပ်မှ ၂၁၀၀ ကျပ်ဈေးတွေဖြစ်ခဲ့ပေမယ့် ယခုအနေအထားမှာ တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၁၉၀၀ ကျပ်ဈေးတွေကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရှေ့နောက် ဒီထက်များများပေါ်လာရင် ဈေးဆက်ကျလာမှာလားဆိုတာ စဉ်းစားကြရမှာပါ။ တစ်ခါပေါ်တဲ့ ကြက်သွန်က မိုးစိုက် (ဥစိုက်) ကြက်သွန်ဖော်ချိန်ကျလို့ ဖော်တာလား၊ ဈေးကောင်းလို့ အချိန်မကျဘဲ ဖော်တာလား။ ဒါဆိုရင် ဒီကြက်သွန်အရည်အသွေး ဘယ်လောက်ကောင်းမှာလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကြက်သွန်နီရဲ့ သတ္တိဟာ မွှန်တဲ့သဘောရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်သူ ဝယ်ယူစားသုံးသူ ရောင်းဝယ်ဖောက်ကားသူ အားလုံး ကို မျက်နှာမလိုက်ပါဘူး မွှန်တတ်ပါ တယ်။

"ဟုတ်ကဲ့ ကြက်သွန်ဟာ မွှန်တတ်ပါတယ်ဗျာ--"


## မြန်မာဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာများ၊ လေအေးပေးစက်ဆိုင်ရာ နည်းပညာများဆိုင်ရာ ကုန်စည်ပြပွဲ ပြသ

မြန်မာဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာများ၊ လေအေးပေးစနစ် ဆိုင်ရာ နည်းပညာများဆိုင်ရာ ကုန်စည်ပြပွဲ (MyanBuild'15, Myan Energy'15 & MIVAR'15) ကို ရန်ကုန် မြို့၊ ရှင် စောပုလမ်းရှိ Myanmar Event Park တွင် ဒီဇင်ဘာလ ၃ ရက်နေ့မှ ၅ ရက်အထိပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်း အစရှိသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကုမ္ပဏီ ပေါင်း ၃၅၀ ကျော်တို့က လာရောက်ခင်းကျင်းပြသရောင်းချခဲ့ကြကြောင်း သိရသည်။ ယင်းပြပွဲတွင် ခေါင်းစဉ်သုံးခုဖြင့် ခွဲခြားထားသော်လည်း တစ်နေရာတည်းတွင် ခေါင်းစဉ်သုံးခုကို စုပေါင်း၍ပြသထားခြင်းဖြစ်သည်။

ပြပွဲကျင်းပသည့် သုံးရက်အတွင်း ဆွေးနွေးပွဲများကို ထည့်သွင်းကျင်းပ ခဲ့ရာ Build Technology, Green Building, Quality Control of HIgh Rise Projects(CQHP), Electrical Engineering, Fire Safety Security, HVAC Technology အစရှိသော ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာနယ်ပယ် အသီးသီးမှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးဟောပြောခဲ့ကြောင်း သိရ သည်။

ပြပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင် ဘာလ ၃ ရက်နေ့ နံနက်ပိုင်းက ပြပွဲခင်း ကျင်းပသရာ Myanmar Event Park တွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စွမ်းအားနှင့် စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ စီးပွားရေးရာဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မယ်သီတာ**





## ပြောင်း

### ပြောင်းတန်ချိန် လေးသောင်းကျော် ပုံမှန်တင်ပို့

နိုဝင်ဘာလနောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀ ဒသမ ၆၈၂ သန်းဖိုးရှိတဲ့ ပြောင်းတန်ချိန် ၄၄၃၈၉ တန်တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုကတော့ မူဆယ်မှ ၄၂၉၇၀ တန်၊ ချင်းရွှေဟော်မှ ၈၇၇ တန်၊ လွယ်ဂျယ်မှ တန် ၅၁၀ နဲ့ ကန်ပိုက်တီးမှ ၃၂ တန် ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးမှ ၄၄၃၉၇ တန် တင်ပို့ခဲ့တာကြောင့် တရုတ်နယ်စပ်ကနေ ပြောင်းကို တန်ချိန် လေးသောင်းကျော် ပုံမှန်တင်ပို့နေပါတယ်။ နိုဝင်ဘာလ တစ်လလုံး တရုတ်နိုင်ငံကို ပြောင်းတန်ချိန် ၁၅၄၃၇၂ တန်ခွဲထိ တင်ပို့မှုရှိခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၁၁၅၄၆ ကျပ်မှ ၃၁၂၈၀၂ ကျပ်သို့ ဈေး ထပ်မံမြင့်တက်လာတာ တွေ့ရပါတယ်။ ပြောင်းတွေ အဝင်ရှိသလောက်လည်း တရုတ်ဘက်က ဝယ်လိုအားကောင်းနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### တရုတ်သို့ ပြောင်းကြိတ်ဖတ် တင်ပို့

နိုဝင်ဘာလတွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၀၀၆၂ တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် ၃၈၉ တန် တင်ပို့မှုရှိခဲ့ပါတယ်။ တရုတ်နိုင်ငံမှာ ပြောင်းကြိတ်ဖတ်မှုန့်ကို တိရစ္ဆာန်အစာအတွက် အသုံးပြုတာဖြစ်ပါတယ်။ အောက်တိုဘာလအတွင်းမှာတော့ ပြောင်းကြိတ်ဖတ် တန် ၆၀ သာ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်နိုင်ငံသို့ သကြားဖြူတန် တစ်သောင်းခွဲကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၂၁ ရက်မှ ၂၇ ရက်တာ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၀ ဒသမ ၁၅၈ သန်းတန်ဖိုးရှိသကြားဖြူ ၁၇၆၈၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၄၉၈၀ တန်ကျော် ပိုမိုတင်ပို့ခဲ့ ပါတယ်။

တရုတ်ဈေးကွက်တွင် သကြားလိုအပ်ချက်များနေ၍ မြန်မာနိုင်ငံမှ ရောင်းချတဲ့ သကြားများကို ပမာဏများစွာ ဝယ်ယူနေကြောင်း မူဆယ်မြို့ရှိ ကုန်သည်များထံမှသိရပါတယ်။ လက်လီသကြားဈေးကတော့ ယခင်သီတင်းပတ်က တစ်ပိဿာလျှင် ၁၂၅၀-၁၃၀၀ ကျပ်ဈေးရှိရာမှ ယခုသီတင်းပတ်တွင် ၁၃၀၀-၁၃၅၀ ကျပ် ဈေးသို့ ဈေးအနည်းငယ်မြင့်တက်သွားတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မြင့်မြင့်မာ**

| ၃၀-၁၁-၂၀၁၅ မှ ၄-၁၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 223 | 13,350,555.643 |
| 2 | Form D | 29 | 1,446,587.350 |
| 3 | Form E | 56 | 1,235,476.140 |
| 4 | Korea GSP | 2 | 20,668.000 |
| 5 | Form AK | 57 | 3,199,992.290 |
| 6 | Form AJ | 5 | 184,992.095 |
| 7 | Form AI | 65 | 3,301,771.770 |
| 8 | Form AANZ | 1 | 18,388.640 |
| 9 | Form DFTP | - | - |
| **Grand Total** | | **438** | **22,758,431.928** |

## ရော်ဘာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မလေးရှားတစ်နိုင်ငံတည်းကိုသာ ရော်ဘာတင်ပို့

နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းတစ်ပတ်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၂၇၆ သန်းဖိုးရှိ ရော်ဘာ ၂၈၆ တန်ကို မလေးရှား တစ်နိုင်ငံတည်းကိုသာ တင်ပို့မှုရှိခဲ့ပါတယ်။ အမျိုးအစားအလိုက် တင်ပို့မှုမှာ RSS-3 ၂၄၆ တန်နဲ့ MSR-20 တန် ၄၀ ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှားတစ်နိုင်ငံတည်းကိုသာ အပို့ရှိတဲ့အတွက် ယခင်တစ်ပတ် တင်ပို့မှုထက် ၇၃၇ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုလျော့ကျသော်လည်း နိုင်ငံတကာရော်ဘာဈေးကတော့ အတက်အကျ သိပ်မရှိဘူးလို့ သိရပါတယ်။ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းက မြန်မာ့ရော်ဘာ FOB ဈေးကို ယခင်တစ်ပတ်ဈေးအတိုင်း ထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀ - ၉၅၀** |
| **MSR 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀-၁၀၅၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀-၁၀၀၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၀၀ -၉၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၇၅၀ - ၈၅၀** |
| **Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ ၆၀၀ - ၇၀၀** |

**ယဉ်ယဉ်အေး**

### အပြည်ပြည်ဆိုင်ရာ သုံးနိုင်ငံရော်ဘာကောင်စီ အစည်းအဝေးကို ဂျကာတာ၌ ဒီဇင်ဘာလတွင် ကျင်းပ

အပြည်ပြည်ဆိုင်ရာ သုံးနိုင်ငံရော်ဘာကောင်စီ (International Tripartite Rubber Council - ITRC) ဝန်ကြီးအဆင့် အစည်းအဝေးနဲ့ ဝန်ကြီးများ အစည်းအဝေးကို ဒီဇင်ဘာလ ၃ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့မှ ရော်ဘာ လုပ်ငန်းရှင်များလည်း တက်ရောက်ကြပါတယ်။

နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ အဆင့်မြင့် အရာရှိကြီးများရဲ့ ကြိုတင်ပြင်ဆင်မှုပိုင်းဆိုင်ရာ အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံ သုံးနိုင်ငံဟာ ITRC အဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ထူထောင်ခဲ့တာဖြစ်ပါတယ်။ သဘာဝရော်ဘာထုတ်လုပ်တဲ့ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်နဲ့ ရော်ဘာဈေး တည်ငြိမ်စေရန်ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ITRC နိုင်ငံများရဲ့ ရော်ဘာထုတ်လုပ်မှုဟာ ကမ္ဘာ့ရော်ဘာထုတ်လုပ်မှုရဲ့ ၆၇ ဒသမ ၅ ရာခိုင်နှုန်း နေရာယူထားပြီးဖြစ်ပါတယ်။

ITRC အစည်းအဝေးမှာ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နဲ့ ထုတ်ကုန်ဖြန့်ဖြူးမှုစီမံခန့်ခွဲရေးအစီအစဉ် (Supply Management Scheme-SMS) ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကို အဓိကထား ဆွေးနွေးတယ်လို့ သိရပါတယ်။ SMS ရဲ့ ရည်ရွယ်ချက်ကတော့ ရော်ဘာထုတ်လုပ်မှုနဲ့ လိုအပ်ချက်အကြား ဟန်ချက်ညီစေရန် ရေရှည်စီမံကိန်းဖြစ်တယ်။

အစည်းအဝေးမှာ ဒေသတွင်း ရော်ဘာဈေးကွက်ထူထောင်ရန်၊ ပြည်တွင်းသုံးစွဲမှု တိုးမြှင့်ရေး ပူးပေါင်း ဆောင်ရွက်ရန်၊ ရော်ဘာထုတ်ကုန်အသစ်များ ထုတ်လုပ်မှုဖွံ့ဖြိုးရန် အပြန်အလှန် သတင်းဖလှယ်ရန်နဲ့ သဘာဝရော်ဘာဈေး တိုးမြှင့်ရရှိစေရန် ဆွေးနွေး သွားကြတယ်လို့ သိရပါတယ်။

ITRC ဝန်ကြီးများအနေနဲ့ CLMV- (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်) လေးနိုင်ငံတို့ သဘာဝရော်ဘာ ထုတ်လုပ်မှု တိုးမြှင့်ရန်နဲ့ ပူးပေါင်းဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြတယ်လို့ မလေးရှားနိုင်ငံ စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေးဝန်ကြီးဌာန ဝန်ကြီး Datuk Douglas Liggah Embas က ပြောကြားပါတယ်။

ITRC နဲ့ CLMV နိုင်ငံများအနေနဲ့ ကမ္ဘာ့သဘာဝရော်ဘာဈေးကွက်မှာ ၇၈ ရာခိုင်နှုန်းခန့် နေရာယူထားပြီးဖြစ်တယ်လို့ သိရပါတယ်။

**CMK**

### ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်ရှည်သီးနှံရော်ဘာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ရေမြေသဘာဝကောင်းမွန်ပြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်ရာတွင် အောင်မြင်ဖြစ်ထွန်းတဲ့အတွက်ရေရှည်စီးပွားရေး တွက်ချေကိုက်ပြီး ပြည်ပပို့ကုန်များတွင် ဈေးကွက်ခိုင်မာ၍ ဝယ်လိုအားရှိသော ရော်ဘာကိုတိုင်းအတွင်းမြို့နယ်များတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရပါတယ်။

တိုင်းအတွင်း ရော်ဘာစိုက်ပျိုးဧကမှာ ယခင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးဧက ၂၄၅၇၉ ဧက ရှိပြီး ထွက်ရှိမှုမှာ ၁၈၀၇၇၇ ပေါင်သာရှိသော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးဧက ၃၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးခဲ့ရာ စိုက်ဧက ၂၇၀၃၇ ဧက အထိရှိလာပြီး အထွက်နှုန်းမှာလည်း ၄၂၆၀၅၃ ပေါင်အထိ ရှိလာကြောင်း သိရပါတယ်။

ထို့အတူ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း ရော်ဘာစိုက်ဧက ၆၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ရာ ရော်ဘာစိုက်ဧကမှာ ၃၃၅၇၀ အထိရှိလာပြီး၊ အထွက်နှုန်းပေါင်မှာလည်း ယခင်ထက်ပိုမိုထွက်ရှိ၍ ၅၁၀၈၄၀ ပေါင်အထိ ထွက်နှုန်းတိုးလာကြောင်း၊ မြေယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှသိရပါတယ်။

ယခုနှစ်တွင်လည်း ရော်ဘာစိုက်ဧက ၂၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ဧရာဝတီတိုင်း ဒေသကြီးအတွင်းမှာ ယခင် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရော်ဘာစိုက်ဧက ၂၄၅၇၉ ဧကသာရှိသော်လည်း ယခုလက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စိုက်ဧက ၁၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့မှုကြောင့် လက်ရှိစိုက် ဧက စုစုပေါင်း ၃၅၂၇၄ ဧကအထိ ရှိလာပြီဖြစ်ကြောင်း သိရပါတယ်။


**မင်းမင်းဦး-ပုသိမ်**

# ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့(FAO)က ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ပိုမိုမြှင့်တင်ရန် အလားအလာကောင်းများရှိဟုပြော

|ကျော်မြင့်|


လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစာရင်းများအရ မြန်မာနိုင်ငံသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပဲမျိုးစုံဧက ၁၁ ဒသမ ၂၅၃ သန်း စိုက်ပျိုးခဲ့ပြီး၊ မတ်ပဲသည် စုစုပေါင်းပဲမျိုးစုံစိုက်ဧက၏ ၁၉ ရာခိုင်နှုန်း၊ ပဲစင်းငုံသည်စုစုပေါင်းပဲမျိုးစုံစိုက်ဧက၏ ၁၁ ရာခိုင်နှုန်း၊ ပဲတီစိမ်းသည်စုစုပေါင်းပဲမျိုးစုံစိုက်ဧက၏ ၂၁ ရာခိုင်နှုန်းပါဝင်စိုက်ပျိုးသဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သုံးမျိုးပေါင်း ၅၁ရာခိုင်နှုန်းစိုက်ပျိုးပြီး၊ အခြားပဲများကို ၄၉ ရာခိုင်နှုန်းစိုက်ပျိုးသဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သည် မြန်မာနိုင်ငံ ပဲမျိုးစုံစိုက်ပျိုးမှုတွင် အရေးပါသည်။ ပုံ-၁ ကို ကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၁။ မြန်မာနိုင်ငံ၏ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် အခြားပဲများစိုက်ပျိုးမှု (၂၀၁၄-၂၀၁၅)**





မြန်မာနိုင်ငံပဲမျိုးစုံစုစုပေါင်းစိုက်ပျိုးမှု၏၃၅ရာခိုင်နှုန်းကို မိုးရာသီတွင် အဓိကအားထားစိုက်ပျိုးပြီး၊ ကျန် ၆၅ရာခိုင်နှုန်းကို ဆောင်းရာသီတွင် စိုက်ပျိုးကြသည်။ ပုံ-၂ကို ကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၂။ မြန်မာနိုင်ငံ၏ မိုးရာသီနှင့် ဆောင်းရာသီတွင် ပဲမျိုးစုံစိုက်ပျိုးမှု (၂၀၁၄-၂၀၁၅)**




ကုန်သွယ်ရေးဝန်ကြီးဌာန စာရင်းများအရ၊ မြန်မာနိုင်ငံသည် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၄၅၉ သန်း တင်ပို့ရောင်းချခဲ့သည်။ စုစုပေါင်း ပဲမျိုးစုံတန်ချိန် ၏၃၂ ရာခိုင်နှုန်းသည် မတ်ပဲ၊ ၂၁ ရာခိုင်နှုန်းသည် ပဲစင်းငုံ၊ ၂၆ရာခိုင်နှုန်းသည် ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ သုံးမျိုးအပေါင်းတင်ပို့ရောင်းချမှု ပမာဏမှာ ၇၉ ရာခိုင်နှုန်းရှိပြီး ကျန် ၂၁ ရာခိုင်နှုန်းမှာ အခြားပဲများဖြစ်ကြသည်။ ပုံ-၃ကို ကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၃။ မြန်မာနိုင်ငံ၏ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် အခြားပဲများ တင်ပို့ရောင်းချမှု (၂၀၁၄-၂၀၁၅)**




**ဇယား ၁။ မြန်မာနိုင်ငံ၏ ပဲမျိုးစုံ တင်ပို့ရောင်းချမှု**

| ပဲမျိုးအမည် | ရေတွက်ပုံ | ၂၀၁၃-၂၀၁၄ | | | ၂၀၁၄-၂၀၁၅ | | |
|---|---|---|---|---|---|---|---|
| | | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
| ပဲစုစုပေါင်း | တန်ထောင်ပေါင်း | ၁၁၃၂. ၃၀ | ၁၆၈. ၆၀ | ၁၃၀၀. ၉၀ | ၁၂၄၂. ၃၀ | ၂၁၇. ၀၀ | ၁၄၅၉. ၃၀ |
| | ကန်ဒေါ်လာသန်းပေါင်း | ၇၄၂. ၅၉ | ၁၅၃. ၇၅ | ၈၉၆. ၃၄ | ၉၅၁. ၁၉ | ၁၈၈. ၆၉ | ၁၁၃၉. ၈၈ |
| ပဲမျိုးစုံ ၁တန်ပျမ်းမျှတင်ပို့ ရောင်းချ ရသည့်စျေး | | | | ၆၈၉ | | | ၇၈၁ |

**ဇာစ်မြစ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဗဟိုစီးပွားရေး စီမံကိန်းစနစ် (Centrally planned economic system) ကိုလက်ခံကျင့်သုံးခဲ့ပြီး စိုက်ပျိုးရေးထွက်ကုန်များပြည်ပသို့ တင်ပို့ရောင်းချခြင်းကို၊ နိုင်ငံတော် အစိုးရအဖွဲ့ အစည်းများ (State owned enterprise)က ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်တွင် စျေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလက်ခံကျင့်သုံးခဲ့ပြီး၊ ပြည်ပသို့တင်ပို့ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်းစီးပွားရေးလုပငန်းများကို ပုဂ္ဂလိက ကဏ္ဍအား ခွင့်ပြုအားပေးဆောင်ရွက်ခဲ့သည်။ ပဲမျိုးစုံကုန်သွယ်မှု မူဝါဒနှင့်ပတ်သက်၍ ပြောင်းလဲလာမှုကို အောက်တွင်စုစည်းထုတ်နုတ်ဖော်ပြပါသည်။

**ပဲမျိုးစုံကုန်သွယ်မှု မူဝါဒပြောင်းလဲမှု**
**(Evolution of trade policy of pulses in Myanmar )**

| ခုနှစ် | စီးပွားရေးစနစ် | ပဲမျိုးစုံကုန်သွယ်မှု မူဝါဒ |
|---|---|---|
| ၁၉၆၂ မှ ၁၉၈၈ | ဗဟိုစီးပွားရေး စီမံကိန်းစနစ် | နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ (State owned enterprise ) က တင်ပို့ |
| ၁၉၈၈ | စျေးကွက် စီးပွားရေး စနစ် | ပဲမျိုးစုံပြည်ပတင်ပို့ရောင်းချခြင်းကို ပုဂ္ဂလိကကဏ္ဍအား ခွင့်ပြုအားပေး |
| ၂၀၁၁ | နိုင်ငံတော်အစိုးရ အသစ် စျေးကွက် စီးပွားရေး စနစ် | ပဲမျိုးစုံပြည်ပတင်ပို့ရောင်းချခြင်းကိုပုဂ္ဂလိကကဏ္ဍအား ခွင့်ပြုအားပေး။ ပြည်ပတင်ပို့ရောင်းချခြင်းအတွက်၁၀ ရာခိုင်နှုန်း အခွန်ပေးခြင်းကို ပဲမျိုးစုံကုန်သွယ်မှု မူဝါဒတွင် ရပ်ဆိုင်း။ |
| ၂၀၁၃ | နိုင်ငံတော် အစိုးရ အသစ် စျေးကွက် စီးပွားရေး စနစ် | ပဲမျိုးစုံပြည်ပတင်ပို့ရောင်းချခြင်းအတွက် လိုင်စင် (License) လျှောက်ထားစရာမလို |
| ၂၀၁၃ | နိုင်ငံတော်အစိုးရ အသစ်စျေးကွက် စီးပွားရေး စနစ် | ပဲကြီး၊ စားတော်ပဲကို မြန်မာ-အိန္ဒိယ နယ်စပ်မှ တင်သွင်းခွင့်ပြု |

စီးပွားရေးသတင်းဂျာနယ်။ အတွဲ၁၃၊ အမှတ်-၃၄၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ၉ရက်

**ကမ္ဘာ့ပဲစျေးကွက် ။** ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အစားအစာ လေ့လာချက် စာတမ်းအရ ၁၉၉၈ မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့တစ်ခုလုံး ပဲမျိုးစုံတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းကို၊ အဓိကဖြည့်ဆည်း ဆောင်ရွက်သည့်နိုင်ငံပေါင်းမှာ ငါးနိုင်ငံရှိသည်။ ယင်းနိုင်ငံများမှာ ကနေဒါ၊ ဩစတြေးလျ၊ မြန်မာ၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ ပဲမျိုးစုံကို အစားအစာအဖြစ်အရေးပါ ကြီးထွားလာသော စျေးကွက်သည် တောင်အာရှ(South Asia)ရှိ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ ဖြစ်သည်။ ပဲမျိုးစုံကို မွေးမြူရေး အစားအစာ အဖြစ်ကြီးထွားလာသော စျေးကွက်မှာ ဥရောပသမဂ္ဂ (European Union-EU) မှ ၁၅ နိုင်ငံဖြစ်သည်။ ပဲမျိုးစုံအသုံးပြုမှုနှင့်ပတ်သက်၍ ပဲမျိုးစုံ ၆၀ ရာခိုင်နှုန်းမှာ စားသုံးမှုအတွက် အသုံးပြုကြပြီး ၂၅ ရာခိုင်နှုန်းမှာ တိရစ္ဆာန် အစားအစာအဖြစ် အသုံးပြုကြသည်။ အထူးသဖြင့် ကြက်မွေးမြူရေး (Poultry farm) နှင့် ဝက်မွေးမြူရေးတွင် အသုံးပြုကြသည်။ ဥရောပသမဂ္ဂ (European Union-EU) မှ၊ ၁၅နိုင်ငံမှာ ဩစတြီးယား၊ ဖင်လန်၊ ဂရိ၊ နယ်သာလန်၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ အိုင်ယာလန်၊ လူဇင်ဘတ်၊ ဆွီဒင်၊ ဒိန်းမတ်၊ ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့ဖြစ်သည်။

ဆက်လက်၍၊ 4th International Food Legumes Research Conference (IFLRC-IV) ကို အိန္ဒိယနိုင်ငံ နယူးဒေလီတွင်ကျင်းပခဲ့ရာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO ) ၏ *Food Legumes for Nutritional Security and Sustainable Agriculture* စာတမ်းပါ အချက်အလက်များကို ကောက်နုတ်ဖော်ပြထားပါသည်။

ပဲမျိုးစုံသည် လူပေါင်းများစွာ အာဟာရဖူလုံမှုအတွက် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် ပရိုတိန်းဇာစ်မြစ်အဖြစ် ကိုယ်စားပြုကြသည်။ အထူးသဖြင့် ဆင်းရဲသော လူအများစုသည်ပရိုတင်းနှင် စွမ်းအင်အတွက် ဟင်းသီးဟင်းရွက်ကို အားထားရသဖြင့် ပဲမျိုးစုံသည် အာဟာရဖူလုံမှုအတွက် အားထားရသည်။ ကမ္ဘာ့ပဲမျိုးစုံ စုစုပေါင်းအထွက်သည် ပြီးခဲ့သည့် ၂၅ နှစ်ကာလ (၁၉၈၀-၂၀၀၄)ထက်တစ်ဝက်နီးပါး တိုးတက်လာခဲ့သည်။ ပထမအကြိမ်အဖြစ် တန်ချိန်သန်းပေါင်း ၆၀ ထိ၊ ၂၀၁၄ ခုနှစ်တွင် ထွက်ရှိခဲ့သည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ (Industrialized countries)များမှ လူတစ်ဦးချင်းပဲမျိုးစုံ စားသုံးမှုသည် တိုးတက်လာခဲ့သည်။ ပဲမျိုးစုံသည်ကျန်းမာရေးအတွက် ကောင်းမွန်သော အစားအစာ အဖြစ် စားသုံးသူများက သတိပြုမိသောကြောင့် ဖြစ်သည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ (Industrialized countries)များမှစားသုံးသူများသည် တိရစ္ဆာန်မှရရှိသော ပရိုတင်း ရရှိမှုအစား ပရိုတင်း၊ အမျှင် (Fibre)နှင့် အဆီဓါတ်ပါဝင်မှုနည်းသော ပဲမျိုးစုံသည် အကောင်းဆုံးသော ဇာစ်မြစ်ဖြစ်သည်ဟု သတိပြုမိကြသည်။လေ့လာသည့်ကာလအတွင်း၊ အခြားသောအချက်တစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သောလူဦးရေ (International migration)အလျင်အမြန် တိုးတက်လာသည့်အချက်လည်း ပါဝင်သည်ဟု ဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ပဲမျိုးစုံကို ထုတ်လုပ်မှုအများဆုံး၊ စားသုံးမှု အများဆုံးနိုင်ငံဖြစ်ပြီး ပဲမျိုးစုံ လိုအပ်ချက်ကိုပြည်ပမှ အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံကုန်သွယ်မှုကိုတိုးမြှင့်ရန် များစွာသော နိုင်ငံများသည် အခွင့်အလမ်းကောင်းများရှိသည်။

ပဲမျိုးသစ်များ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများ၊ ထိရောက်သောမူဝါဒများ၊ လယ်သမားများအား စိုက်ပျိုးရေးသွင်းအားစုများ၊ ချေးငွေများ၊ လယ်သမားများအတွက် သင့်လျော်သော ရောင်းချမှုဆိုင်ရာ (Appropriate marketing channel) လုပ်ငန်းများ၊ အစိုးရများက ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးမှုအတွက် လုပ်သာကိုင်သာရှိသောပတ်ဝန်းကျင် အခြေအနေကောင်းများ (Create enabling environment) စီမံဖန်တီးပေးရန်လိုအပ်လာပါသည်။ အိန္ဒိယစျေးကွက်သာမက အရည်အသွေးကောင်းသော ပဲမျိုးစုံကို ဝယ်လိုအားရှိသော ( EU market) နှင့် ပဲမျိုးစုံတင်သွင်းသည့် နိုင်ငံများမှာ အီဂျစ်၊ အယ်လ်ဂျီးရီးယား၊ ယူအေအီး၊ တူနီးရှား၊ ဆော်ဒီ၊ ဆူဒန်၊ တူရကီ၊ မော်ရိုကိုနှင့် အာဗေးနီးယားနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံတန်ချိန် ၁သန်းကျော်ဝန်းကျင်ကို နှစ်ပေါင်းများစွာ တင်ပို့ရောင်းချလျက်ရှိပါသည်။ လက်ရှိအခြေအနေမှ ပိုမိုစိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အလားအလာကောင်းများအား ထိရောက်စွာစီမံအသုံးချရန်လိုအပ်လာပါကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

Reference; Pulses: past trend and future prospect ( FAO)
*Food Legumes for Nutritional Security and Sustainable Agriculture(FAO)*

# တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၏ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (လားရှိုးရုံးခွဲ)ဖွင့်လှစ်




ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းရဲ့ မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး(လားရှိုး)ဖွင့်လှစ်ခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (၃)၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်၊ ကုန်သည်၊ စက်မှုအသင်းဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပါတီကော်မတီအတွင်းရေးမှူး၊ ရွှေလီနိုင်ငံတော် အလေးပေးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တံခါးဖွင့် စမ်းသပ်မှုဇုန် လုပ်ငန်းကော်မတီ အတွင်းရေးမှူး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး စီးပွားရေးဌာနတာဝန်ခံ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါတယ်။

ဖွင့်ပွဲအခမ်းအနားတွင် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးတို့မှ အဖွင့်အမှာစကားများ ပြောကြားကြပြီး တရုတ် - မြန်မာနှစ်နိုင်ငံဟာ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပြီး နက်ရှိုင်းတဲ့ ချစ်ကြည်ရေး ပိုမိုခိုင်မြဲကာ စီးပွားရေးကုန်သွယ်မှုများ၊ အပြန်အလှန်ဖလှယ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံနဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း ၉ ဒသမ ၆ ဘီလီယံခန့် ရှိတဲ့အနက် နယ်စပ်ကုန်သွယ်မှုမှာ ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံ ခန့်ရှိခဲ့တဲ့အတွက် ယူနန်ပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံနဲ့ကုန်သွယ်မှုသည် ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ တက်ဟုန်းပြည်နယ်ခွဲ၊ ရွှေလီ- မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်က အဓိကဖြစ်ပြီး အရေးကြီးတဲ့ အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေး ဆောင်ရွက်ရာမှာလည်း ကုန်စည်ပြပွဲများ ကျင်းပခြင်း၊ ကုန်သွယ်မှုဆက်ဆံရေးရုံးခွဲများ ဖွင့်လှစ်ခြင်း၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းများကို ဆောင်ရွက်လျက်ရှိတာကြောင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု သည် အရေးကြီးတဲ့ အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ အစိုးရသစ် တာဝန်ယူခဲ့ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့် ဆောင်ရွက်ခဲ့ကြောင်း၊ တက်ဟုန်းပြည်နယ်ခွဲ၊ ကုန်သည်ကြီးများအသင်းရဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး (လားရှိုးရုံးခွဲ)ကို ဖွင့်လှစ်ခြင်းအားဖြင့် တရုတ်- မြန်မာနှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းနိုင်မှာဖြစ်ပြီး တက်ဟုန်းပြည်နယ်ခွဲနဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ အိမ်နီးချင်းပြည်နယ်များ အကြား လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်စီးပွားရေး စသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဘက်စုံပူးပေါင်း ဖလှယ်နိုင်ရေးအတွက်လည်းကောင်း၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတူတကွ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံပြည်သူ အချင်းချင်းဘက်စုံပူးပေါင်းဆောင်ရွက်မှုများ ဖလှယ်နိုင်ရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရပါတယ်။

**လှစိုး-လားရှိုး**

# ကျောက်ပန်းတောင်းမြို့နယ် ရွာလုကျေးရွာတွင် "ဝါးအခြေခံလက်မှုသင်တန်း" ဖွင့်ပွဲကျင်းပ

ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် ရှစ်ရပ်တွင် တစ်ခုအပါအဝင်ဖြစ်တဲ့ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ရွာလုကျေးရွာတွင် မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ "ဝါးအခြေခံလက်မှုသင်တန်း"ကို ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါ "ဝါးအခြေခံလက်မှုသင်တန်း" ဖွင့်ပွဲကို ဒီဇင်ဘာလ ၃ ရက်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်တို့ကို ပြောကြားပြီး ညောင်ဦးမြို့နယ် တာဝန်ခံ ဦးတင်မျိုးခိုင်ကလည်း သင်တန်းဖွင့်လှစ်ရခြင်းအား အကျဉ်းချုပ် ပြောကြားကြောင်း သိရပါတယ်။

ယင်းသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ သင်တန်းသူ၊ သင်တန်းသား ၃၀ ဦး စုစုပေါင်း ၅၀ ဦး ခန့် တက်ရောက်ပြီး အဆိုပါသင်တန်းအား ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်မှ ၆ ရက်နေ့အထိ ၄ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# မွန်ပြည်နယ် သံဖြူဇရပ် မြို့နယ်အတွင်း ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပတဲ့ ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို နိုဝင်ဘာလ ၃၀ ရက်နေ့၌ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် (ဘုရင့်နောင်) ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ဆွေးနွေးပွဲပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက် တန်ဖိုးမြှင့် ထုတ်ကုန် ထုတ်လုပ်ရန် လိုအပ်လာ ရခြင်းအကြောင်းများနဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။

ထို့နောက် မွန်ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ဒေါ်ခင်မော်သက်က အသေးစားစက်မှု လက်မှုလုပ်ငန်းများ အကြောင်း သိကောင်းစရာများ၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မတီဝင်များ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဇော်-မော်လမြိုင်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၇-၁၂-၂၀၁၅ မှ ၁၃-၁၂-၂၀၁၅ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်၍ ဖြည်းဖြည်းမှန်မှန်ဇွဲသန်သန် လုပ်ဆောင်ခြင်းဖြင့် တိုးတက်အောင်မြင်သော အခြေအနေကိုဖန်တီးနိုင်မည်ဖြစ်ပါသည်။ ငွေကုန်စရာလည်းများနေတတ်သည်။ စီးပွားရေးတွင် အထည်အလိပ်လုပ်ငန်းများ အကျိုးပေးပါသည်။ အချစ်ရေးတွင် အဆင့်မတန်းမမြင့်သော်လည်း ရိုးသားသောချစ်သူကို တွေ့ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်ကြီးမားသောဝေဒနာမရှိတတ်သော်လည်း အဆုတ်အအေးပတ်၍ ဖျားနာတတ်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။သံဃာတော်ကို ဝိနည်းစာအုပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** ပေါင်းသင်းဆက်ဆံရေးတွင် လူတကာကို အထင်မကြီးတတ်ဘဲ ဟန်ဆောင်ပေါင်းသင်းတတ်သည်။ ရေနှင့် ရေထွက်ပစ္စည်းများရောင်းဝယ်ခြင်း၊ စီးပွားရေး တိုးတက်အောင်မြင်မှု အားကောင်းလာတတ်ပါသည်။ အချစ်ရေးတွင် သစ္စာရှိသော ချစ်သူနှင့်ဆုံတွေ့ရတတ်ပါသည်။ ပညာရေးတွင် ကံကောင်းမှုများ ကြုံဆုံရလိမ့်မည်။ ကျန်းမာရေးတွင် အသည်းအဆီဖုံးခြင်း၊ ဆီးမကောင်းခြင်း၊ ကျောက်ကပ်နှင့်ပတ်သက်သောရောဂါတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။စေတီပုထိုးသို့သွား၍ တစ်ပတ် ပတ်ပြီး ဘုရားရှိခိုးပါ။**




**အင်္ဂါသားသမီးများအတွက်** အလုပ်ကိစ္စနှင့်ပတ်သက်ပြီး ဦးနှောက်ဉာဏ်အတွေးအခေါ် အယူအဆနှင့် အထူးကောင်းမွန်သော အနေအထားရှိတတ်ပါသည်။ စီးပွားရေးတွင် စားသောက်ကုန်ပစ္စည်းများ အဖျော်ယမကာများ ရောင်းဝယ်ရေးလုပ်ငန်းဖြစ်ထွန်းမှု ရှိပါလိမ့်မည်။ အချစ်ရေးသင့်ပါသည်။ ချစ်ခင်နှစ်သက်ရသော သူနှင့်ကြုံဆုံရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ခါးနာတတ်ခြင်း၊ အကြောရောဂါ၊ အစာအိမ်ရောဂါနှင့်ပတ်သက်ပြီး သတိပြုသင့်ပါသည်။

**ယတြာ။ ။သစ်တော်သီးဆွမ်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ကံတရားကတော့ ကောင်းပါသည်။ အထက်လူကြီးအကြီးအကဲတို့၏ ယုံကြည်အားထားရသော လူယုံတော်ဖြစ်ရတတ်သည်။ စီးပွားရေးလုပ်ငန်းတို့တွင် အောင်မြင်မည့် အနေအထားရှိလာတတ်ပါသည်။ ခရီးသွားလုပ်ငန်း၊ အထည်အလိပ် ရောင်းဝယ်ရေး လုပ်ငန်းအကျိုးပေး အားကောင်းတတ်ပါသည်။ အချစ်ရေးတွင် ချစ်ရသူများဝိုင်းဝိုင်းလည်နေ၍ ပျော်ရွှင်နေရတတ်ပါသည်။ အိမ်ထောင်ဖက်ရွေးချယ်ရန် ခက်နေတတ်သည်။ ကျန်းမာရေးကောင်းမွန်နေမည်။

**ယတြာ။ ။သကြားနှင့် ဆွမ်းကပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** မည်သည့်လုပ်ငန်းမဆို စိတ်ဓာတ်ခွန်အားအပြည့်ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိနေတတ်ပါသည်။ သစ်တောထွက် ပစ္စည်းများ၊ ပရိဘောဂလုပ်ငန်းများ တွင်ကျယ်မှုရှိလာနိုင်ပါသည်။ ဝင်ငွေရသော လုပ်ငန်းဖြစ်တတ်ပါသည်။ အချစ်ရေးတွင် အရွေးမှားတတ်သည်။ အပေါ်ယံ ရန်ကြောနှင့်ချစ်သူကိုတွေ့ရတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် သားသမီးအရေး ရှေ့တန်းတင်၍ ကြိုးစားနေရတတ်သည်။ ကျန်းမာရေး ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရတတ်သည်။

**ယတြာ။ ။မိမိကိုယ်ကို မေတ္တာပို့ပါ။**



**သောကြာသားသမီးများအတွက်** အမှန်တရားကို လက်ခံထားတတ်သော်လည်း လူ့ပတ်ဝန်းကျင်တွင် အမှန်တရားကို တွေ့ရန် အလွန် ခက်ခဲနေတတ်သည်။ စီးပွားရေးလုပ်ငန်းအနည်းငယ်တိုးတက်အောင်မြင်နေမည်။ အချစ်ရေးတွင် မိမိကို အကျိုးပြုမည့် ချစ်သူ၊ သစ္စာရှိသောချစ်သူ တွေ့ရတတ်ပါသည်။ ကျန်းမာရေးသတိပြုရပါမည်။ ခေါင်းမူး၊ ခေါင်းကိုက်သောရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါတို့ သတိပြုဆင်ခြင်သင့်ပါ သည်။

**ယတြာ။ ။ဘုရားတွင် ကျောက်ကျောလှူပါ။**



**စနေသားသမီးများအတွက်** ကြီးမားသောရည်ရွယ်ချက်ရည်မှန်းချက်ထားပြီး၊ ပညာရေး၌ဖြစ်စေ၊ စီးပွားရေးလောက၌ဖြစ်စေ၊ လူမှုဆက်ဆံရေး၌ဖြစ်စေ၊ ဝီရိယအားကိုး၍ ကြိုးစားတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် အဆင့်မြင့်ရာထူးတိုးရန် အလားအလာကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် စိတ်တူကိုယ်တူချစ်ရမည့်သူမတွေ့သေးလျှင် ခေတ္တစောင့်ရပါမည်။ ကျန်းမာရေးတွင် ဆီးနှင့်ပတ်သက်သော ဝေဒနာသွားကိုက်၊ သွားနာ၊ မျက်စိဝေဒနာတို့ သတိပြုသင့်ပါသည်။

**ယတြာ။ ။ကလေးများကို ပေါက်စီတစ်လုံးစီကျွေးလိုက်ပါ။**

# မိုဘိုင်းဗဟိုပြု သတင်းပလက်ဖောင်းသစ် Duwun အား စတင်မိတ်ဆက်

မိုဘိုင်းဗဟိုပြု သတင်းပလက်ဖောင်းသစ်ဖြစ်သည့် DUWUN ဝက်ဘ်ပေါ်တယ်လ် စတင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ Novotel Hotel Max တွင် ဒီဇင်ဘာလ ၄ ရက်ကကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ DUWUN ဝက်ဘ်ပေါ်တယ်လ်ကို မြန်မာနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Information Matrix Co., Ltd. နှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် နိုင်ငံတကာမီဒီယာကုမ္ပဏီတစ်ခုဖြစ်သည့် Ringier AG တို့ပူးပေါင်း၍ ဖန်တီးခဲ့ခြင်းဖြစ်သည်။

ယင်း DUWUN သည်စမတ်ဖုန်း သုံးစွဲသူများအတွက် ရသမျိုးစုံကို ပေးစွမ်းနိုင်မည်ဖြစ်သည့်အပြင် အဆိုပါ ဝက်ဘ်ဆိုက်စာမျက်နှာတိုင်း၏ သတင်းများ၏ အောက်ဆုံးပိုင်းတွင် "ရှယ်၊ ဟာသ၊ ဝမ်း၊ လန်း"ဆိုသည့်စကားလုံးများကို ဖော်ပြထားမည်ဖြစ်ကြောင်း သိ ရသည်။

အဆိုပါ "ရှယ်၊ ဟာသ၊ ဝမ်း၊ လန်း"ဆိုသည့်စကားလုံးများကို ထည့်သွင်းထားရသည့်ရည်ရွယ်ချက်မှာ သတင်း (သို့မဟုတ်) သတင်းဆောင်းပါးကို ဖတ်ရှုပြီးသူတစ်ဦးသည် မိမိဖတ်ရှုလိုက်သည့် အကြောင်းအရာအား ရှယ်သင့်ပါက "ရှယ်"ဟူသည့် စာသားအား ကလစ်တစ်ချက်နှိပ်ရန်ဖြစ်ပြီး ဟာသတစ်ပုဒ်အဖြစ်မှတ်ယူပါက "ဟာသ"စကားလုံးအား ကလစ်တစ်ချက်နှိပ်ရန်ဖြစ်ကြောင်း သိရသည်။

ထို့အတူမိမိဖတ်လိုက်သည့်သတင်းသည် ခေတ်ပေါ်စကားလုံးများဖြစ်သည့် "လန်းသည်"ဟု ယူဆပါက "လန်း'၊ ဝမ်းသွားပြီဟု ယူဆပါက "ဝမ်း"ဟူသည့် စကားလုံးအား ကလစ်နှိပ်ပေးရန်ပင် ဖြစ်ကြောင်း Information Matrix ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးသောင်းစုငြိမ်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## မြန်မာနိုင်ငံမှခရီးသွားများအတွက် အခမဲ့လေယာဉ်လက်မှတ်ထောင်ကျော်၊ စမတ်ဖုန်းနှင့် အပန်းဖြေခရီးလက်မှတ်များပါဝင်သည့် An amazing fairy tale အစီအစဉ်ကို Vietjet မှမိတ်ဆက်

Vietjet လေကြောင်းလိုင်းသည် ၂၀၁၅ ခုနှစ်အတွက် အကြီးမားဆုံး အစီအစဉ်တစ်ခုအဖြစ် Fly into an amazing fairy tale with Vietjet အမည်ရှိအစီအစဉ်တစ်ခုကို စတင် မိတ် ဆက်လိုက်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ရန်ကုန်နှင့် ဟိုချီမင်းသို့ သွားလာကြမည့် မြန်မာပြည်သူများအပါအဝင် Vietjet နှင့်ခရီးသွားလာသည့် ခရီးသည် များအားလုံးသည် အဆိုပါအစီအစဉ်တွင် အကျုံးဝင်မည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်ခုန်စိတ်လှုပ်ရှားဖွယ် အစီအစဉ်တွင် မြန်မာပြည်မှခရီးသွား များသည် နိုင်ငံတကာခရီးစဉ်များ အတွက် အခမဲ့လေယာဉ် လက်မှတ်များ ကံစမ်းခွင့်ရရှိခြင်း၊ စမတ်ဖုန်းများနှင့် ဗီယက်နမ်နိုင်ငံရှိကြယ်ငါးပွင့်အဆင့်ရှိ အပန်းဖြေစခန်းများတွင် အခမဲ့တည်းခိုနိုင်မည့် လက်မှတ်များရရှိနိုင်မည့် အခွင့်အလမ်းများ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် Vietjet အနေဖြင့် ခရီး သည်များပိုမိုစိတ်ဝင်စားစေမည့်ဖျော်ဖြေရေးအစီအစဉ်များနှင့် အထူးလက်ဆောင်များကို ဗီယက်နမ်ပြည်တွင်းလေဆိပ်များနှင့် ရန်ကုန်၊ ဘန်ကောက်၊ ဆိုးလ်၊ တရုတ်(တိုင်ပေ)နှင့် စင်ကာပူနိုင်ငံတို့ရှိ နိုင်ငံတကာလေဆိပ်များတွင် ခရီးသည်များအား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Vietjet ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်များပြားလာသည့်လေယာဉ်များနှင့်အတူ ခရီးသွားများသည် Vietjet ၏ SkyBoss ဝန်ဆောင်မှုအပါအဝင် အရည်အသွေးမြင့် ဝန်ဆောင်မှုများကို ခံစားရရှိနိုင်မည့်အပြင် ဈေးနှုန်းသင့်တင့်သည့် လက်မှတ်များကို ဝယ်ယူရရှိနိုင်ပြီး Vietjet ၏ အထူးအစီစဉ်များမှပေးအပ်သည့် စိတ်လှုပ်ရှားဖွယ် ဆုလက်ဆောင်များကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံမှမိသားစုများအတွက် တီထွင်ဆန်းသစ်မှုများကို Midea မှ ယူဆောင်လာ

မြန်မာနိုင်ငံသည် Midea ၏ ထုတ်ကုန်များအားလုံးကို နှစ်ခြိုက်စွာသုံးစွဲသည့် ကမ္ဘာ့နိုင်ငံများအနက် နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ယခုအခါ Midea နေဖြင့် မြန်မာနိုင်ငံမှမိသားစုများအတွက် ပိုမိုတီထွင်ဆန်းသစ်သောနည်း ပညာများဖြင့် ထုတ်လုပ်ထားသော အိမ်သုံးပစ္စည်းများကို တိုးချဲ့တင်သွင်း ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။ Midea ၏ အဓိကအိမ်သုံးထုတ်ကုန်များတွင် လေအေးပေးစက်၊ ပန်ကာ၊ ရေခဲသေတ္တာ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်လျှော်စက်နှင့် ရေသုံးစွဲမှုဆိုင်ရာ အိမ်သုံးပစ္စည်းတို့ပါဝင်သည်။

"မြန်မာနိုင်ငံကို ကမ္ဘာတစ်ဝန်းက မိသားစုအားလုံးနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိနေတဲ့ ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေ ယူဆောင်လာခွင့်ရတဲ့အတွက် တကယ့်ကိုဝမ်းမြောက်မိပါတယ်။ နိုင်ငံတကာ အိမ်သုံးပစ္စည်းဈေးကွက်ကို ဦး ဆောင်နေတဲ့ ကျွန်တော်တို့ Midea အနေနဲ့ အိမ်တိုင်းကို ရိုးရှင်းပြီး ခေတ်မီတဲ့ အိမ်သုံးပစ္စည်းတွေယူဆောင်လာပေးဖို့ အမြဲတမ်းကြိုးစားနေပါတယ်"ဟု Overseas Sales Company of Midea ၏အထွေထွေမန်နေဂျာဖြစ်သူ Mr. Bai Lin ကပြောသည်။

Midea မှ ထုတ်လုပ်ထားသည့် လေအေးပေးစက်များသည် ကျန်းမာရေးကိုထိခိုက်စေသည့် အခန်းတွင်း လေထုညစ်ညမ်းမှုကို ဖယ်ရှားပေးနိုင်မည့် နည်းပညာကိုအသုံးပြုထားပြီး လုံခြုံစိတ်ချရမှုနှင့် အခန်းတွင်း လေကောင်း လေသန့်ရရှိစေရန် ဦးစားပေးထုတ်လုပ်ထားသည်။ ထို့အပြင် အခြားသော အားသာချက်များဖြစ်သည့် အလိုအလျောက်သန့်စင်သည့် စနစ်နှင့် မှိုမစွဲအောင်ပြုလုပ်ထားသည့်စနစ်ကြောင့် အချိန်ကုန်သက်သာစေပြီး ပြုပြင်ထိန်းသိမ်းစရိတ်ကိုလည်း သက်သာစေမည်ဖြစ်သည်။

ထို့ပြင် Midea ၏ နောက်ဆုံးပေါ် ထုတ်ကုန်ဖြစ်သည့် လေပန်ကာ သည် အခြားပန်ကာများထက် အသံဆူညံမှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည့်အတွက် ကလေးငယ်များအား ပိုမိုအေးချမ်းစွာအိပ်စက်စေရန် ကူညီပေးမည်ဖြစ်သည်။ ထို့အပြင်အဆို ပါပန်ကာများသည် လေစီးဆင်းမှုကိုလည်း ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်စွမ်းရှိကြောင်း သိရသည်။

Midea ၏ ထမင်းပေါင်းအိုးများသည် အခြားသာမန်ထမင်းပေါင်းအိုးများထက် ၂၅ ရာခိုင်နှုန်းမြန်အောင် ထမင်းကျက်စေသဖြင့် အချိန်ကုန် အထူးသက်သာစေမည်ဖြစ်သည်။ ထိုနည်းတူ Midea ၏ ရေခဲသေတ္တာများသည် စွမ်းအင်ချွေတာခြင်းနှင့် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းရာတွင် နာမည်ကျော်ကြားသော ထုတ်ကုန်များ ဖြစ်သည်။

မြန်မာနိုင်ငံတွင် Midea ၏ ထုတ်ကုန်ပစ္စည်းများကို VSK International Company Limited မှ ဖြန့်ဖြူးရောင်းချလျက်ရှိပြီးရန်ကုန်နှင့် မန္တလေးမြို့တို့တွင် Midea အရောင်းပြခန်း ကိုးခန်းကို ဖွင့်လှစ်ထားသည်။ Midea ၏ ထုတ်ကုန်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးဝယ်စင်တာများနှင့် အရောင်းစင်တာပေါင်း ၅၀၀ ကျော်တို့တွင် အဆင်ပြေစွာဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မယ်သီတာ**



# မြို့ကြီးများ၏ ၇-၁၂-၂၀၁၅ မှ ၁၁-၁၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၇-၁၂-၂၀၁၅) | အင်္ဂါ(၈-၁၂-၂၀၁၅) | ဗုဒ္ဓဟူး(၉-၁၂-၂၀၁၅) | ကြာသပတေး(၁၀-၁၂-၂၀၁၅) | သောကြာ(၁၁-၁၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F | ၁၀% ၃၀˚C/၈၆˚F | ၁၀% ၃၁˚C/၈၇˚F |
| ရန်ကုန်မြို့ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၁˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| မန္တလေးမြို့ | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F |
| မြစ်ကြီးနား | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၉˚F |
| လားရှိုး | ၅၀% ၂၂˚C/၇၂˚F | ၄၀% ၂၂˚C/၇၁˚F | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F | နေသာ ၂၃˚C/၇၃˚F | နေသာ ၂၃˚C/၇၄˚F |
| ကျိုင်းတုံ | ၄၀% ၂၂˚C/၇၂˚F | ၆၀% ၂၂˚C/၇၂˚F | ၄၀% ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၇˚C/၈၀˚F |
| လွိုင်ကော် | ၆၀% ၂၄˚C/၇၅˚F | ၄၀% ၂၅˚C/၇၇˚F | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၉˚F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၂˚C/၇၁˚F | ၄၀% ၂၀˚C/၆၉˚F | တိမ်အသင့်အတင့် ၂၀˚C/၆၉˚F | နေသာ ၂၂˚C/၇၁˚F | နေသာ ၂၃˚C/၇၃˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၈၉˚F |
| ဘားအံ | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၈၉˚F |
| တောင်ငူ | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၁˚C/၈၇˚F |
| မုံရွာ | နေသာ ၃၂˚C/၉၀˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F |
| ပုသိမ် | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F |
| ပြည် | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| စစ်တွေ | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F |
| မကွေး | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| ဖလမ်း | နေသာ ၁၇˚C/၆၂˚F | နေသာ ၁၈˚C/၆၄˚F | နေသာ ၁၇˚C/၆၃˚F | နေသာ ၁၈˚C/၆၄˚F | နေသာ ၁၈˚C/၆၅˚F |



# အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ချင်းနိုင်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှု အဆိုးရွားဆုံးဖြစ်ပွား

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းငယ်၏ အရှိန်ကြောင့် အိန္ဒိယနိုင်ငံတောင်ပိုင်း ချင်းနိုင်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေလွှမ်းမိုးမှုသည် ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဒီဇင်ဘာလအတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုများအဖြစ် တည်ရှိနေကြောင်း တိုင်းမ်အော့ဖ်အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။

မုန်တိုင်းကြောင့် မိုးရွာသွန်းခြင်း မဟုတ်သော်လည်း လေဖိအားနည်းရပ်ဝန်းများဖြစ်ပေါ်လျက်ရှိနေမှုများကြောင့် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံ၏ ပဥ္စမမြောက် အကြီးဆုံးမြို့တစ်မြို့ဖြစ်သည့် တမီလ်နာဒူး ပြည်နယ်၏မြို့တစ်မြို့ဖြစ်သည့် ချင်းနိုင်မြို့တစ်မြို့လုံးနီးပါး အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် ချင်းနိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် လေယာဉ်ခရီးစဉ်များကို ပိတ်ထားခဲ့ရသည်ဟု ဆိုသည်။

ယခင်ကမဒရပ်စ်မြို့ဟု လူသိများခဲ့သည့် ချင်းနိုင်မြို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် ၂၄၅ မီလီမီတာ (၁၃ ဒသမ ၅၈လက်မ)ရွာသွန်းခဲ့သဖြင့် စံချိန်တင်ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၀၁ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်က မိုးရေချိန် ၁၉၁ ဒသမ ၁မီလီမီတာ (၇ ဒသမ ၅၂ လက်မ)သာ ရွာသွန်းခဲ့ရာ ယခုမိုးရေချိန်သည် စံချိန်သစ်ပင်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

နိုဝင်ဘာလလယ်ပိုင်းကတည်းက ရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူဦးရေမှာ ၂၈၈ ဦးရှိနေပြီဖြစ်ပြီး သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရာရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

ရေလွှမ်းမိုးခြင်းခံရသည့် ဒေသများသို့ အိန္ဒိယတပ်မတော်နှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့တို့က ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်ဟုဆိုသည်။

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွား

ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ် တစ်ခုဖြစ်သည့် နာရာသီဝပ်ပြည်နယ်၊ ဆွန်ဂိုင်းခိုလော့ခရိုင်တွင် လေးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

နာရာသီဝပ်ပြည်နယ်အတွင်းရှိ ချောင်းငယ်လေးများသည် စိုးရိမ်ရေမှတ်အထက်ကို ကျော်လွန်ရောက်ရှိလာသဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ဆွန်ဂိုင်းခိုလော့မြစ်သည်လည်း လေးရက်ဆက်တိုက် သည်းထန်စွာ ရွာသွန်းခဲ့သည့် မိုးကြောင့်စိုးရိမ်ရေမှတ်အထက်ကို ကျော်လွန်ရောက်ရှိလာခဲ့ပြီး နာရာသီဝပ်ပြည်နယ်၊



ဆွန်ဂိုင်းခိုလော့ခရိုင်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရသည်။

အဆိုပါမြစ်၏ စိုးရိမ်ရေမှတ်သည် ၄၀ စင်တီမီတာမှ ၅၀စင်တီမီတာအထိ သတ်မှတ်ထားသော်လည်း မြစ်ရေသည် ၈၀စင်တီမီတာမှ ၉၀ စင်တီမီတာအထိ မြင့်တက်လာခဲ့မှုကြောင့် ဆွန်ဂိုင်းခိုလော့မြစ်ကမ်းပါးတွင် နေထိုင်ကြသည့် ပြည်သူနှစ်ထောင်ကျော်တို့အား ရေဘေးမှ လွတ်ကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုများကြောင့် Hua Saphan, Tha Kor Phai, Tha Rong Luei, Tha Prapa, Tha Chompoo နှင့် Tha Jeh Kasem ဒေသများတွင် အဆိုးရွားဆုံးထိခိုက်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် စာသင်ကျောင်းများပိတ်ထားခဲ့ရပြီး ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်နှင့် ဆေးဝါးများ၊ အစားအစာများကို ဒေသခံတာဝန်ရှိသူများက ကူညီပေးလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြ ထားသည်။

ထို့ပြင် ထိုင်းနိုင်ငံ အနောက်ပိုင်းတွင်လည်း ဒီဇင်ဘာလ ၃ ရက်နေ့က လေပြင်းများတိုက်ခတ်ခဲ့ရာ ငှက်ပျောတောများ လဲပြိုခဲ့သည့်အပြင် ကျွန်းပင်များလည်း လဲကျခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

လဲကျခဲ့သည့်ကျွန်းပင်များမှာ နှစ်ပေါင်း ၁၅ နှစ်-အနှစ် ၂၀သက်တမ်းရှိသည့် ကျွန်းပင်များဖြစ်ကြောင်း၊ ငှက်ပျောပင်ပေါင်းမှာ ၁၀၀ ကျော်ခန့်ရှိကြောင်း ပက်ကောင်းရွာမှ ကျေးရွာအကြီးအကဲဖြစ်သူကပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.47 Monday December 7 2015

# အင်ဒိုနီးရှားကလပ်ကို အာရှချန်ပီယံလိဂ်ဝင်ခွင့်ပိတ်ခဲ့သဖြင့် ရန်ကုန်အသင်းခြေစစ်ပွဲ ဒုတိယအဆင့်မှ ကစားခွင့်ရ

အင်ဒိုနီးရှားနိုင်ငံအား ၂၀၁၆ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲဝင်ခွင့်ကို ဖီဖာမှပိတ်ပင်ခဲ့သဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေစစ်ပွဲဒုတိယအဆင့်မှ စတင်ကစားခွင့်ရခဲ့သည်။



အာရှချန်ပီယံလိဂ်တွင် လိဂ်ပြိုင်ပွဲအဆင့်သတ်မှတ်ချက်အရ ခြေစစ်ပွဲကစားခွင့်ကို အဆင့်သတ်မှတ်ထားပြီး မူလက မြန်မာ၊ မလေးရှား၊ အိန္ဒိယ၊ စင်ကာပူစသည့် လေးသင်းမှာ ခြေစစ်ပွဲပထမအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်ဇယားအရ ရန်ကုန်အသင်းသည် ဇန်နဝါရီ ၂၇ ရက်တွင် စင်ကာပူကလပ်တန်ပိန်းစ်ရိုဗာအသင်းနှင့် ကစားရမည်ဖြစ်သည်။ သို့သော် ယခုအခါ အင်ဒိုနီးရှားကလပ်အသင်းကို အာရှချန်ပီယံလိဂ်ဝင်ခွင့် ပိတ်ခဲ့သဖြင့် အောက်ဆုံးလေးသင်းတွင် အဆင့် သတ်မှတ်ချက် အမြင့်ဆုံးဖြစ်သော ရန်ကုန်အသင်းက ဒုတိယအဆင့်ကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

ပြင်ဆင်ရေးဆွဲခဲ့သော ပွဲစဉ်ဇယားအရ ရန်ကုန်ယူနိုက်တက်အသင်းမှာ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲ ဒုတိယအဆင့်(အရှေ့ဇုန်)ပွဲစဉ်အဖြစ် ထိုင်းပရီးမီးယားလိဂ် အဆင့် ၃ရရှိမည့် ကလပ်အသင်းနှင့် ဖေဖော်ဝါရီ ၂ရက်တွင် အဝေးကွင်းပွဲစဉ်ကစားရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ထိုင်းပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲလိုနေသေးပြီး တတိယနေရာအတွက် ချောင်ဘူရီ၊ ဆူဖန်ဘူရီ၊ ဘန်ကောက်ယူနိုက်တက်၊ ဘန်ကောက်ဂလက်စ်အသင်းတို့အပြိုင်ဖြစ်နေကြောင်း သိရသည်။

# ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိ

၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇွန်လအတွင်းကျင်းပရန် စီစဉ်ခဲ့သော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးပြိုင်ပွဲကို ၂၀၀၇ခုနှစ်နှင့် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ဖူးပြီး သုံးနှစ်အကြာတွင် တတိယအကြိမ် ထပ်မံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ပြီး အာဆီယံထိပ်သီးအသင်းများဖြစ်သည့် မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ ချန်ပီယံဆုနှစ်ကြိမ်စီရရှိထားကာ ဒုတိယဆုသုံးကြိမ်ရရှိထားသည်။ မြန်မာအသင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ သို့ရာတွင် မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၇ ခုနှစ်ပြိုင်ပွဲနောက်ပိုင်းတွင် ချန်ပီယံဆုရယူနိုင်ခြင်း မရှိတော့ပေ။ မြန်မာအသင်းသည် နောက်ဆုံးလေးကြိမ်တွင် သုံးကြိမ်အထိ ဗိုလ်လုပွဲတက် ရောက်နိုင်ခဲ့သော်လည်း သုံးကြိမ်စလုံး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် ယခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ခုနစ်လကျော်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားကြောင်းသိရသည်။ မြန်မာအမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုမရသည်မှာ ရှစ်နှစ်ရှိနေပြီဖြစ်ပြီး လာမည့်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်မှန်းထားရာ ပြင်ဆင်မှုများစွာပြုလုပ်မည်ဖြစ်သည်။

အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ နည်းစနစ်ဒါရိုက်တာဦးအေးမောင်ကြီး၊ လက်ထောက်နည်းပြ ဒေါ်စမ်းစမ်းသိမ်း၊ ဂိုးနည်းပြဦးကိုကိုအောင်၊ အားကစားသမားများအဖြစ် (ဂိုး)မြဖူးငုံ၊ ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ (နောက်တန်း) ဇာခြည်ဦး၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ ဇင်မာဝင်း၊ အေး အေးမိုး၊ ခင်လပြည့်ဝင်း၊ လဲ့လဲ့လှိုင်၊ ငုဝါသဲ၊ ဇင်မာထွန်း၊ ငယ်ငယ်ထွေး၊ ခင်သန်းဝေ၊ (အလယ်တန်း) ခင်မာလာထွန်း၊ သင်းသင်းယု၊ အေးမျိုးမြတ်၊ ရူပါနိုင်၊ မေစံပယ်ဖူး၊ ခင်မို့မို့ထွန်း၊ အိရတနာဖြိုး၊ (ရှေ့တန်း)ခင်မိုးဝေ၊ ရီရီဦး၊ နော်အားလိုဝါးဖော၊ လှယဉ်ဝင်း၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်၊ မေသူကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။

# အာဆီယံ ဖူဆယ်ကလပ်ချန်ပီယံရှစ် ၂၀၁၅ မြန်မာကလပ် MIC FC တတိယနေရာရရှိ

ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ အရီနာကွင်းတွင် နိုဝင်ဘာ ၂၃ရက်မှ ၂၉ရက်အထိကျင်းပသည့် အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ် ၂၀၁၅ ပြိုင်ပွဲတွင် ထိုင်းဖူဆယ်ကလပ် ထိုင်းဆိပ်ကမ်း (Thaiport FC) အသင်းသည် မလေးရှားကလပ် Felda United FC အသင်းကို ဗိုလ်လုပွဲတွင် ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးသွားခဲ့သည်။

ပြိုင်ပွဲအား အမျိုးသား/အမျိုးသမီး ပြိုင်ပွဲနှစ်ရပ် ကျင်းပခြင်းဖြစ်ပြီး ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ဩစတြေးလျနိုင်ငံတို့မှ ကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားအဆင့် ပြိုင်ပွဲတွင် မြန်မာကလပ် MIC FC အသင်းသည် Felda FC (မလေးရှား)၊ ထိုင်းဆိပ်ကမ်း (ထိုင်း)၊ East Coast Heat FC (ဩစတြေးလျ)၊ Sanna Khanh Hoa FC (ဗီယက်နမ်) စုစုပေါင်းအသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုင်းဆိပ်ကမ်းက ပထမ၊ Felda United FC (မလေးရှား)က ဒုတိယ၊ မြန်မာကလပ် MIC FC က တတိယနေရာ ရရှိခဲ့ကြသည်။

မြန်မာကလပ် MIC FC သည် အုပ်စု ပွဲစဉ်များတွင် ဗီယက်နမ်ကလပ်နှင့် တစ်ဂိုးစီသရေ၊ ဩစတြေးလျကလပ်နှင့် တစ်ဂိုးစီသရေ၊ မလေးရှားကလပ်နှင့် နှစ်ဂိုးစီသရေကျခဲ့ကာ၊ ထိုင်း ဆိပ်ကမ်းကို လေးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ တတိယနေရာလုပွဲတွင် ဩစတြေးလျကလပ် East Coast Heat FC ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသမီး ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ်ACE FC အသင်းသည် အုပ်စုတွင်းပြိုင်ပွဲတွင် Asian Scholars. C (ထိုင်း)၊ Felda United FC (မလေးရှား)၊ Dural Warriors (ဩစတြေးလျ)၊ Thai Son Nam FC (ဗီယက်နမ်)တို့နှင့်အတူ ကျရောက်ခဲ့ပြီး လေးပွဲစလုံး အရေးနိမ့်ကာ အုပ်စုနောက်ဆုံးတွင်သာ ရပ်တည်ခဲ့ရသည်။

# နေလင်းထွန်းနှင့် ဟိန်းသီဟဇော်တို့ကို သုံးနှစ်စာချုပ်ဖြင့် ကမ္ဘောဇအောက်ဖ်စီအသင်း(ရှမ်းယူနိုက်တက်အက်ဖ်စီ) ခေါ်ယူအားဖြည့်

လာမည့် ၂၀၁၆ ဘောလုံးရာသီအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသော ကမ္ဘောဇအက်ဖ်စီဘောလုံးကလပ်အသင်း (ရှမ်းယူနိုက်တက်အက်ဖ်စီ) သည် မြန်မာ့လက်ရွေးစင်ကစားသမားနှစ်ဦးဖြစ်သော နေလင်းထွန်းနှင့် ဟိန်းသီဟဇော်တို့ကို ခေါ်ယူအားဖြည့်လိုက်ပြီဖြစ်သည်။

ရေဝတီယူနိုက်တက် အက်ဖ်စီအသင်းနှင့် စာချုပ်သက်တမ်းပြည့်ပြီး အလွတ်ပြောင်းရွှေ့လာသူ နေလင်းထွန်းနှင့် ဟိန်းသီဟဇော်တို့ကို ရှမ်းပြည်နယ်တောင်ပိုင်းကိုယ်စားပြု အသင်းက ၃ နှစ်စာချုပ်အသီးသီးချုပ်ဆိုလိုက်ပြီဖြစ်သည်။

ပြီးခဲ့သောစင်ကာပူဆီးဂိမ်းစ်ပြိုင်ပွဲ ဒုတိယဆုရအသက် ၂၃နှစ်အောက် မြန်မာ့လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင် နေလင်းထွန်းသည် ရန်ကုန်ယူနိုက်တက်အကယ်ဒမီမှ ပေါ်ထွက်လာသူဖြစ်ပြီး ရန်ကုန်ယူနိုက်တက် လူငယ်အသင်းတွင် ၂၀၁၁၊ ၂၀၁၂ ဘောလုံးရာသီနှစ်ရာသီကစားခဲ့သည်။

ထို့နောက် ၂၀၁၂ ဘောလုံးရာသီတွင် ရေဝတီယူနိုက်တက်အက်ဖ်စီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး စီနီယာအသင်းတွင် ပါဝင်ခြေစွမ်းပြကာ လက်ရွေးစင်အဖြစ် အဆင့်ဆင့်ရွေးချယ်ခံခဲ့ရသည်။

နေလင်းထွန်းသည် ၂၀၁၁ ခုနှစ်တွင် အသက် ၁၉ နှစ်အောက် မြန်မာ့လက်ရွေးစင်အသင်း၌ ရွေးချယ်ခံခဲ့ရပြီး ဂျာမန်နည်းပြ ဂတ်ဖရိုင်းဒရစ်၏ ပထမမျိုးဆက်အသင်းအဖြစ် နာမည်ကျော်ကြားခဲ့သည်။

ရေဝတီနယ်သား နေလင်းထွန်းသည် ဒေသကိုယ်စားပြုအသင်းနှင့်အတူ မြန်မာနေရှင်နယ်လိဂ်ရှုံးထွက် ချန်ပီယံအဖြစ် ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်တို့တွင် သုံးကြိမ်အောင်ပွဲခံခဲ့သည်။

ကမ္ဘောဇအက်ဖ်စီအသင်း (ရှမ်းယူနိုက်တတ်အက်ဖ်စီ)သို့ပြောင်းရွှေ့လာသော မြန်မာ့လက်ရွေးစင်ညာတောင်ပံ ကစားသမား နေလင်းထွန်းက "မြန်မာနေရှင်နယ်လိဂ်မှာ အမှတ်ပေးချန်ပီယံ ဖြစ်ချင်ပါတယ်။ ကမ္ဘောဇအသင်းကလည်း ရည်မှန်းချက် ကြီးတယ်လေ။ ဒါကြောင့် ရည်မှန်းချက်ချင်းထပ်တူညီတဲ့အသင်းကို ပြောင်းလာတာပါ" ဟု ဆိုသည်။

နေလင်းထွန်းနှင့်အတူ ကမ္ဘောဇ (ရှမ်းယူနိုက်တက်)အသင်းသို့ ပြောင်းရွှေ့လာသူ ဟိန်းသီဟဇော်သည် ရတနာပုံလူငယ်အသင်းမှ ပေါ်ထွက်လာသူဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ရတနာပုံစီနီယာအသင်းသားဖြစ်လာသည်။

ထို့နောက် ၂၀၁၃ ခုနှစ်တွင် ရေဝတီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ရှုံးထွက်ချန်ပီယံဆုနှစ်ကြိမ်ရခဲ့သည်။ ဘယ်သန်ကစားသမား ဟိန်းသီဟဇော်သည် ၂၀၀၇ ခုနှစ်မှစပြီး အသက် ၁၃ နှစ်အောက် မြန်မာ့လက်ရွေးစင်အသင်းတွင် စတင်ရွေးချယ်ခံခဲ့ရသည်။ ထို့နောက် မြန်မာ ယူ ၁၄ အသင်း၊ မြန်မာ ယူ-၁၉အသင်း၊ မြန်မာ ယူ-၂၃ အသင်းတို့တွင် ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။ ယခုနှစ် ၂၀၁၅ ခုနှစ်တွင် ဟိန်းသီဟဇော်သည် မြန်မာ့လက်ရွေးစင်ဖြစ်လာပြီး ဘယ်နောက်ခံလူအဖြစ်သာမက ဘယ်တောင်ပံနေရာတွင်ပါ ကစားနိုင်ခဲ့သည်။



မန္တလေး၊ အမရပူရသား ဟိန်းသီဟဇော်က "ကျွန်တော်ကအောင်မြင်မှုကို လိုချင်တယ်၊ ကမ္ဘောဇ (ရှမ်းယူနိုက်တက်)ကလည်း ချန်ပီယံပြေးလမ်းပေါ်မှာရှိတယ်။ ဒါကြောင့် ဒီအသင်းကို ပြောင်းလာတာပါ" ဟုဆိုသည်။ နေလင်းထွန်းနှင့် ဟိန်းသီဟဇော်တို့သည် ကမ္ဘောဇအက်ဖ်စီအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီး ၎င်းတို့နှစ်ဦးမတိုင်မီက ရတနာပုံနှင့် ရေဝတီ ဂိုးသမားဟောင်း သီဟစည်သူကိုလည်း ယခုဘောလုံးရာသီအတွက် ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

# တိုင်ဆန်ဖူရီနှင့် ထပ်မံထိုးသတ်ဦးမည်ဟု ဝလာဒီမာကလစ်ချ်ကို အတည်ပြု



ယူကရိန်းနိုင်ငံသား ဟဲဗီးဝိတ်ချန်ပီယံ ဝလာဒီမာကလစ်ချ်ကိုက စိန်ခေါ်သူ တိုင်ဆန်ဖူရီနှင့်ထပ်မံ ထိုးသတ်ဦးမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၂၈ရက်နေ့က ဝလာဒီမာနှင့် တိုင်ဆန်ဖူရီတို့ ထိုးသတ်ခဲ့ရာတွင် ဝလာဒီမာ အနိုင်ရရှိခဲ့ပြီးနောက် ၎င်းက ထပ်မံထိုးသတ်ဦးမည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝလာဒီမာသည် ၂၀၁၆ ခုနှစ်အတွင်း တိုင်ဆန်ဖူရီနှင့်ထိုးသတ်မည်ဟု ၎င်း၏ Instagram တွင် ပြောကြားခဲ့ခြင်းဖြစ် သည်။

"တိုင်ဆန်က ကျွန်တော့်ကို ခရစ်စမတ်အကြို လက်ဆောင်ပေးလိုက်တယ်လို့ သဘောထားပါတယ်။ ဒီလက်ဆောင်ဟာ ကျွန်တော့်တစ်ယောက်ထဲအတွက် မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျွန်တော့်ရဲ့ ပရိသတ်တွေအတွက်လည်း ပါပါတယ်"ဟု ဝလာဒီမာကလစ်ရှ်ကိုက ပြောကြားခဲ့သည်။

ထို့ပြင် ဝလာဒီမာသည် လာမည့်နှစ်တွင် ထိုးသတ်မည့်ကိစ္စနှင့်ပတ်သက်၍ ဂျာမနီသို့မဟုတ် အင်္ဂလန်နိုင်ငံရှိ ဝင်ဘလေကွင်းနှင့် အိုးထရက်ဖို့ကွင်းတို့အနက် ကြိုက်နှစ်သက်ရာကို ရွေးနိုင်ကြောင်း ပြောကြားခဲ့သည်။

"၂၀၁၆ခုနှစ်မှာ သူတို့နှစ်ဦးထိုးသတ်ကြဦးမယ်ဆိုတော့ တော်တော်လေးကို စိတ်ဝင်စားဖို့ကောင်းနေပါပြီ။ ဒီစိန်ခေါ်ပွဲဟာ တစ်ကမ္ဘာလုံးက စိတ်ဝင်စားကြမှာ အမှန်ပါပဲ။ မီဒီယာတွေနဲ့ သတင်းထောက်တွေရဲ့မေးခွန်းတွေကိုလည်း ဖြေခဲ့ပြီးပါပြီ။ သူ့ရဲ့စိန်ခေါ်မှုဟာ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ဒီလက်ဝှေ့ကြိုးဝိုင်းထဲမှာ ပေါ်လာမယ့် ချန်ပီယံအသစ်ကို မျှော်လင့်နေသလိုပါပဲ"ဟု ဝလာဒီမာ၏ နည်းပြဖြစ်သူ ဘားနတ်ဘွန်နဲက ပြောကြားခဲ့သည်။

# ကိုးမိနစ်အတွင်း ငါးဂိုးသွင်းယူခဲ့သည့် စံချိန်သစ်ရှင် လီဝင်ဒေါ်စကီး ဂင်းနစ်စံချိန်တင်လက်မှတ် လေးခုရရှိ




ဘေယန်မြူးနစ်အသင်း၏ တိုက်စစ်မှူး ရောဘတ်လီဝင်ဒေါစကီးသည် ဝုဖ်ဘတ်နှင့်ပွဲစဉ်တွင် ကိုးမိနစ်အတွင်း ငါး ဂိုးသွင်းယူခဲ့သည့် ဂင်းနစ်စံချိန်တင်လက်မှတ်လေးခုကို ရရှိခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ပိုလန်နိုင်ငံ လက်ရွေးစင်အသင်း၏ တိုက်စစ်မှူး လီဝင်ဒေါစကီးသည် ယခုနှစ်ဘောလုံးရာသီတွင် ၂၅ပွဲကစားခဲ့ရာ ၂၆ ဂိုး သွင်းယူထားနိုင်ခဲ့သည်။

လီဝင်ဒေါစကီးသည် ဟက်ထရစ်ရသည့်အောင်မြင်မှုအပြင် လေးဂိုး၊ ငါးဂိုး သွင်းယူနိုင်ခဲ့ခြင်းနှင့် လူစားဝင်၍ကစားခဲ့ချိန်တွင်လည်း ဂိုးများသွင်းယူနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဂင်းနစ်စံချိန်တင်လက်မှတ်များကို ချီးမြှင့်ပေးအပ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

လီဝင်ဒေါစကီးသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ် တစ်ပွဲဖြစ်သည့် ဝုဖ်ဘတ်နှင့်ပွဲစဉ်တွင် ပထမ ၁၁ ယောက်စာရင်းတွင် မပါဝင်ခဲ့ဘဲ လူစားဝင်ကစားသမားအဖြစ် အရန်ထိုင်ခုံတွင် ပထမပိုင်းတစ်ပိုင်းလုံး ထိုင်နေခဲ့ရသည်။

ဒုတိယပိုင်းသို့ ရောက်ရှိခဲ့သော်လည်း ဘေယန်မြူးနစ်အသင်းသည် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်နေသဖြင့် လီဝင်ဒေါစကီးကို အစားဝင်ရောက်ကစားစေခဲ့သည်။

လီဝင်ဒေါစကီး ဝင်ရောက်ပြီးနောက် ပွဲချိန် ၅၁ မိနစ်တွင် ပထမဆုံးဂိုးကို စတင်သွင်းယူပေးနိုင်ခဲ့ပြီး ဆက်တိုက်ဆိုသလိုပင် ၅၂မိနစ်၊ ၅၅မိနစ်၊ ၅၇ မိနစ်နှင့် မိနစ် ၆၀တို့တွင် ဂိုးများ သွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ကိုးမိနစ်အတွင်း ငါးဂိုးသွင်းယူခဲ့ကာ ဝုဖ်ဘတ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဂျာမန် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ ဇယားတိုင်ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည့် ဘေယန်မြူးနစ်အသင်းသည် လာမည့် ဒီဇင်ဘာလ ၅ ရက်နေ့တွင် မိုချင်ဂလက်ဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်နေ့တွင် ချန်ပီယံလိဂ် ၁၆သင်းဆင့်ပြိုင်ပွဲတွင် ဒိုင်နမိုဇာဂရက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။




# ဖီဖာဒုတိယဥက္ကဋ္ဌနှစ်ဦးကို လာဘ်စားမှုနှင့် ပတ်သက်နေသည်ဟုဆိုကာ အမေရိကန်တရားရေးဌာနကိုယ်စား ဆွစ်ဖက်ဒရယ်ရုံးက ဖမ်းဆီး

ဆွစ်ဖက်ဒရယ်ရုံးအဖွဲ့သည် ဖီဖာဒုတိယဥက္ကဋ္ဌနှစ်ဦးဖြစ်သည့် အယ်လ်ဖရက်ဒိုဟာဝစ်နှင့် ဂျူအန်အိန်ဂျယ်လ် နာပေ့ါတ်တို့ကို အမေရိကန်တရားရေးဌာနကိုယ်စား ဖမ်းဆီးခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ အဆိုပါဖီဖာဒုတိယဥက္ကဋ္ဌနှစ်ဦးသည် ဖီဖာ၏လာဘ်စားမှုတွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ ဇူးရစ်မြို့ရှိ ကြယ်ငါးပွင့်အဆင့်ရှိသည့် Baur au Lac ဟိုတယ်တွင်းသို့ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမေရိကန်တရားရေးဌာန၏ ဖော်ပြချက်အရ အယ်လ်ဖရက်ဒိုဟာဝစ်နှင့် ဂျူအန်အိန်ဂျယ်နာပေ့ါတ်တို့နှစ်ဦးသည် သန်းပေါင်းများစွာတန်ဖိုးရှိသည့် လာဘ်စားမှုကြီးတစ်ခုကို ကျူးလွန်ထားသဖြင့် ဖမ်းဆီးရခြင်းဖြစ်သည်ဟုဆိုသည်။

၎င်းတို့နှစ်ဦးသည်လက်တင်အမေရိကဘောလုံးပြိုင်ပွဲများနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲဘောလုံးပွဲစဉ်များတွင် ဈေးကွက်ရှာဖွေရေးလုပ်ငန်းစဉ်များတွင် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ တန်ကြေးရှိသည့်ငွေများကိုရယူကာ လုပ်ကိုင်ခဲ့ကြကြောင်း အမေရိကန်တရားရေးဌာနက စွပ်စွဲပြောဆိုခဲ့သည်။

ဟာဝစ်နှင့် နာပေ့ါတ်တို့နှစ်ဦးသည် ဖီဖာတွင် အမြင့်ဆုံးလုပ်ပိုင်ခွင့်များကိုကိုင်ဆောင်ထားသူများဖြစ်ရာ အဆိုပါလုပ်ပိုင်ခွင့်များကို အသုံးချ၍ လာဘ်စားမှုများကို ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါဒုတိယဥက္ကဋ္ဌနှစ်ဦးကို ဖမ်းဆီးခဲ့ရာတွင် လာဘ်စားခဲ့သည့်ငွေပမာဏကို ဖော်ပြထားခြင်းမပြုဘဲ အမေရိကန်ဒေါ်လာကို သန်းပေါင်းများစွာရှိသည့် လာဘ်စားခဲ့သည်ဟုသာ ဖော်ပြခဲ့သည်။ အယ်လ်ဖရက်ဒိုဟာဝစ်သည် ဟွန်ဒူးရပ်စ်နိုင်ငံသားဖြစ်ပြီး ဂျူအန်အိန်ဂျယ်နာပေ့ါတ်သည် ပါရာဂွေးနိုင်ငံသားဖြစ်ကြောင်း သိရသည်။

ဆွစ်ရဲတပ်ဖွဲ့သည် Baur au Lac ဟိုတယ်တွင် တစ်ရက်လျှင် ၄၃၅ ပေါင်ပေး၍ တည်းခိုနေသည့် ဖီဖာဒုတိယဥက္ကဋ္ဌနှစ်ဦးကို ဒီဇင်ဘာ ၃ ရက်နေ့ နံနက် ၆နာရီကတည်းက ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖီဖာအလုပ်အမှုဆောင်အဖွဲ့သည် အမေရိကန်တရားရေးဌာနနှင့် ဆွစ်ဇာလန်ရဲတပ်ဖွဲ့တို့ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် ဖီဖာအတွင်း လာဘ်စားမှုများအားဖော်ထုတ်ရာတွင် ကူညီဆောင်ရွက်ပေးရန် သဘောတူညီထားသည်။

"ဒီနေ့ အမေရိကန်တရားရေးဌာနနဲ့ ဆွစ်ရဲတပ်ဖွဲ့တို့ရဲ့ လုပ်ဆောင်ချက်တွေကို သိထားပါတယ်။ လာဘ်စားမှုတွေ အမှန်အတိုင်းပေါ်ပေါက်ဖို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဆွစ်ဇာလန်နိုင်ငံရဲ့ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း အမေရိကန်စုံစမ်းစစ်ဆေးရေးဌာနနဲ့ အပြည့်အဝပူးပေါင်းသွားမှာပါ။ ဒီစုံစမ်းမှုတွေကိုလည်း ဆွစ်ဇာလန်နိုင်ငံတရားလွှတ်တော်ချုပ်ရုံးရဲ့ ခွင့်ပြုချက်အတိုင်း ဆောင်ရွက်နေတာပါ"ဟု ဖီဖာအမှုဆောင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ သို့သော် ဖီဖာအမှုဆောင်အဖွဲ့အနေဖြင့် ယခုဖမ်းဆီးခဲ့သည့်ဒုတိယဥက္ကဋ္ဌနှစ်ဦးနှင့်ပတ်သက်၍မူ မည်သည့်ဝေဖန်ချက်မှ ပြောကြားခြင်းမရှိခဲ့ပေ။

# ၂၀၁၅ ခုနှစ် အတွင်း ပေါင် ၆၇သန်း ဖီဖာအရှုံးပေါ်နေ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ၂၀၁၅ ခုနှစ်အတွင်း ပေါင် ၆၇သန်း အရှုံးပေါ်လျက်ရှိကြောင်းဖြင့် ဖီဖာ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ပြီးခဲ့သည့်နွေရာသီကတည်းက ဖီဖာအတွင်း ဖြစ်ပွားလျက်ရှိသည့် အကျင့်ပျက် လာဘ်စားမှုများကြောင့် ဖီဖာအရာရှိ ၁၄ ဦးကို ဖမ်းဆီးခဲ့ပြီးနောက် ယခုကဲ့သို့ အရှုံးပေါ်နေရခြင်းဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဖီဖာအား အဓိကကူညီပံ့ပိုးပေးလျက်ရှိသည့် ကုမ္ပဏီကြီးများက ပွင့်လင်းမြင်သာမှုရှိရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

ဖီဖာ အလုပ်အမှုဆောင်ကော်မတီသည် ဖီဖာအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို လုပ်ဆောင်ရန်ညီလာခံတစ်ရပ်ကို ဒီဇင်ဘာ ၂ ရက်နေ့က စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဖီဖာသည် ဥက္ကဋ္ဌဟောင်း ဆပ်ဘလတ္တာ တာဝန်ယူခဲ့သည့် ၁၂ နှစ်တာကာလအတွင်း သုံးစွဲခဲ့သည့်ငွေကြေးများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန်အချက်အလက်များ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖီဖာအလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ ဖီဖာအား ကူညီပံ့ပိုးပေးလျက်ရှိသည့် ကုမ္ပဏီကြီးများသည် ၂၀၀၁ ခုနှစ်မှစ၍ အမြတ်ငွေများ ရရှိခဲ့သော်လည်း ယခုနှစ်တွင်မူ အရှုံးပေါ်ခဲ့သည်ဟုဆိုသည်။

"ဖီဖာဟာ ရရှိထားတဲ့ငွေထက် ပိုသုံးထားတယ်ဆိုတာကို ခန့်မှန်းလို့ရပါတယ်။ ဒါပေမယ့် အဲဒါကို အတိအကျ ဖော်ထုတ်ဖို့က တော်တော်လေးကိုနက်နဲတဲ့အလုပ်ပါ။ ရရှိထားတဲ့ရန်ပုံငွေတွေကိစ္စကို ပြောင်းလဲပစ်ဖို့ဆိုတာကတော့ ခက်ပါတယ်"ဟု ဖီဖာမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရာထူးမှချထား ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကမူ စွပ်စွဲချက်များသည်မှားယွင်းနေသည်ဟု ငြင်းဆိုခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာလကတည်းကဖြစ် ပွားခဲ့သည့် ဖီဖာအတွင်းခြစားမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အမေရိကန် နိုင်ငံတရားလွှတ်တော်ချုပ်နှင့်ပူးပေါင်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

သင့်ကျန်းမာရေး

# အရက်ကြောင့်ဖြစ်တဲ့ အသည်းရောဂါများ

ဒေါက်တာလွင်သန့်

**မေး။** ဆရာခင်ဗျာ။ ကျွန်တော့်မှာ ၁၀ နှစ်ကျော် အရက်မသောက်ရမနေနိုင်တဲ့သားတစ်ယောက်ရှိပါတယ်။ အရက်ကြောင့်ဖြစ်တဲ့ အသည်းရောဂါများ အကြောင်းသိလိုပါတယ်ခင်ဗျာ။

**ဦးသိန်းထွန်း(ကမာရွတ်)**

**ဖြေ။** အရက်စွဲခြင်းဟာ နာတာရှည်အသည်းရောဂါဖြစ်ပွားရခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်တယ်။ ဥရောပနိုင်ငံများမှာ နှစ်စဉ်လူသုံးသောင်းခန့် အရက်ကြောင့် သေဆုံးလျက်ရှိတယ်။ အရက်ကြောင့်အသည်းရောဂါဟာ အမျိုးသားမှာတစ်ပတ်မှာ ၂၈ ယူနစ်နှင့်အမျိုးသမီးမှာ ၂၁ ယူနစ်အောက်သောက်သုံးသူများမှာမတွေ့ရဘူး။ ဘီယာ ၁၄ ခွက်၊ ဝိုင် ၂၅ ခွက်၊ ဝီစကီ ၇၀၀ မီလီမီတာတစ်ပုလင်းအောက်ဖြစ်တယ်။

**အရက်ကြောင့်ဖြစ်တဲ့အသည်းရောဂါများ** အရက်သောက်သုံးတဲ့ ပုံစံ၊ အရက်ကိုစဉ်ဆက်မပြတ် တောက်လျှောက်သောက်လာသူ ကျား၊ မ အချိုးတွင် အမျိုးသမီးများပိုအဖြစ်များတယ်။ မျိုးရိုးလိုက်တတ်တယ်။

**အာဟာရ-** ကိုလင်းဓာတ်ချို့တဲ့သော အစာစားသုံးသူများ (ကိုလင်းဓာတ်ကြွယ်ဝတဲ့အစားအစာတွေက ကြက်ဥ၊ ငါးကြီးဆီ၊ ဂျုံ၊ နို့၊ တို့ဟူး၊ ကြက်သား၊ ပဲ၊ စပျစ်သီး၊ ဗာဒံစေ့၊ ဆန်လုံးညိုစသည်တို့ဖြစ်တယ်။

**လက္ခဏာ။** အရက်ကြောင့်ဖြစ်တဲ့ လက္ခဏာများမှာ အသည်းအင်ဇိုင်းဓာတ်များပုံမှန်မရှိခြင်းကြောင့် အသည်းခြောက်တဲ့အထိ ဖြစ်ပွားတတ်တယ်။ ပထမပိုင်း အသည်းအဆီဖုံးရောဂါ (အင်ဇိုင်းများတတ်တယ်) အရက်ကြောင့် အသည်းရောင်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အသည်းကြီးခြင်းတွေ့ရတယ်။ အသည်းခြောက်ခြင်း၊ ရေဖျဉ်းစွဲခြင်း၊ သတိလစ်ခြင်းနဲ့သွေး အန်ခြင်းတွေ့ရ တယ်။ အသည်းကင်ဆာ အသည်းရောင် ဗိုင်းရပ်စ်ကြောင့်ဖြစ်တတ်တယ်။

**ရောဂါပျောက်နှုန်း** အသည်းအဆီဖုံးခြင်း၊ အရက်သုံးလရှောင်ရင် ပျောက်ကင်းနိုင်ပါတယ်။ အသည်းရောင်ခြင်း အရက်ကြောင့်အသည်းရောင်ခြင်းဟာ တစ်ခါတစ်ရံ ရုတ်တရက်အသည်းပျက်စီးတတ်တယ်။ အရက်ဖြတ်ပြီး ခြောက်လကြာရင် သက်သာနိုင်တယ်။ ငါးနှစ်ထိအသက်ရှင်နှုန်း (၇၀ ရာခိုင်နှုန်း)ရှိတယ်။ အရက်ဆက်သောက်ရင် သုံးနှစ်မှ ငါးနှစ်အသက်ရှင်နှုန်းဟာ ၃၄ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရှိတတ်တယ်။

**အသည်းခြောက်ခြင်း** နောက်ဆက်တွဲဆိုးကျိုးများမှာ သွေးအန်ခြင်း၊ ရေဖျဉ်းစွဲခြင်းဖြစ်ပေါ်ကာ လူနာတစ်ဝက်သာ ငါးနှစ်ခန့်အသက်ရှင်နေနိုင်တယ်။ အရက်ဖြတ်လိုက်ရင် ငါးနှစ်အထက်အသက်ပြန်ရှင်နိုင်တယ်။

**ရောဂါရှာဖွေစမ်းသပ်မှု** အရက်သောက်တဲ့ရာဇဝင်၊ ကာလပမာဏ အကြိမ်တို့စုံစမ်းမေးမြန်းရမယ်။ အခြားအသည်းရောင်ဖြစ်စေတဲ့ အသည်းရောင်စီပိုး၊ ဘီပိုးတို့မှာ အသည်း၌ သံဓာတ်စုပုံခြင်း ရှိ၊ မရှိစစ်ရမယ်။ အသည်းလုပ်ငန်းကောင်းမကောင်း အသည်းအင်ဇိုင်းစစ်ဆေးရမယ်။ ရင်ဘတ်ဓာတ်မှန်ရိုက်ကာ အကြောင်းမရှိဘဲနံရိုးကျိုးခြင်းရှိမရှိရှာရမယ်။ အသည်း၏ အသားနမူနာယူရမယ်။ အသားဓာတ်ပါဝင်နှုန်း ဗိုင်းရပ်စ်ပမာဏစစ်ဆေးခြင်း ကုသမှုအထောက်အကူပြုနိုင်ပါတယ်။

**ကုသခြင်း။** အရက်လုံးဝဖြတ်ခြင်းက အရက်ကြောင့်ဖြစ်တဲ့အသည်းရောဂါအတွက် အရေးကြီးဆုံးနည်းလမ်းဖြစ်တယ်။ အရက်ဖြတ်ခြင်းက အသည်းရောဂါပိုမိုဆိုးရွားလာကာ ကာကွယ်ရုံသာမက အသည်းကြောင့် သေဆုံးမှုလျော့ကျတယ်။ ပိုမိုဆိုးရွားတဲ့ အသည်းရောဂါများမှာ တစ်သက်လုံးအရက်ရှောင်ကြဉ်ရင် အကောင်းဆုံးဖြစ်ပါတယ်။

**အရက်ဖြတ်ဆေး။** ဒိုင်ဆာဖရင်၊ သောက်ဆေးပေးခြင်း၊ စီပီဇက်ကွေးခြင်း၊ အိပ်ဆေးဗေလီယမ်ပေးခြင်း၊ သွေးထိန်းဆေး၊ ဆီးချိုထိန်းခြင်းများလိုအပ်ပါက ပေးရမယ်။

**ကုသရာမှာ** အစာအိမ်လမ်းကြောင်းသွေးယိုလို့ လေဆာနဲ့ပစ်ခြင်း၊ ဦးနှောက်ရောင်သတိလစ်ကုသခြင်း၊ ရေဖျဉ်းစွဲကုသခြင်းတို့ရှိတယ်။

**အစာအာဟာရ။** အသားဓာတ်ပေါကြွယ်ဝတဲ့ အသား၊ ငါး၊ ဥအမျိုးမျိုး၊ ကစီဓာတ်(ထမင်း)၊ ခေါက်ဆွဲ၊ ကြာဆံ၊ အာလူး၊ အဆီဓာတ်(မပြည့်ဝဆီ၊ နှမ်းဆီ၊ မြေပဲဆီ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးများစားပေး၊ ရေများများသောက်ပေးရမယ်။

## ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီး ၁၈ သန်းကျော် အာဟာရမပြည့်ဝမှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရ

ကမ္ဘာတစ်ဝန်းလုံးရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီး ၁၈သန်းကျော်သည် အာဟာမပြည့်ဝမှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရကြောင်းဖြင့်အမေရိကန်နိုင်ငံတွင် ထုတ်ဝေသည့် JAMA ဂျာနယ်တွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည့် အိန္ဒိယနိုင်ငံအပါအဝင် ဆီယာလီယွန်၊ ဆီနီဂေါလ်နိုင်ငံတို့မှ အမျိုးသမီးများသည် အာဟာရမပြည့်ဝမှုဒဏ်ကို ခံစားနေကြရခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါ အမျိုးသမီးများသည် ဆင်းရဲခြင်း၊ပညာမတတ်ခြင်းတို့ကြောင့် လူမှုဒုက္ခအဝဝကို ခါးစည်းခံစားနေကြရကြောင်း၊ ဆင်းရဲမှုကြောင့် ငယ်ရွယ်စဉ်ကပင် အာဟာရချို့တဲ့မှုကို ကြုံတွေ့ခဲ့ရသဖြင့် အသက်အရွယ်ရလာသည့်အခါတွင်ရောဂါများ ထူပြောလာကြောင်း၊ ထို့ပြင် သားသမီးများမွေးဖွားလာသည့်အခါတွင်လည်း သားသမီးများသည် အာဟာရချို့တဲ့မှု၏ အကျိုးဆက်ကို ခံစားနေကြရကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့၏လေ့လာချက်တွင် ဖော်ပြထားသည်။"လွန်ခဲ့တဲ့ နှစ် ၂၀လောက်ကတည်းက ဒီနိုင်ငံတွေက ဆင်းရဲပြီး ပညာမတတ်တဲ့အမျိုးသမီးအများစုဟာ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရတာပါ။ ဒါဟာ အနာဂတ်မျိုးဆက်အတွက် ဒုက္ခပေးနိုင်တဲ့အရာတစ်ခုဖြစ်လာနိုင်ပါတယ်။ ဒီအရေးအတွက်ဟာ ကျဆင်းမသွားတဲ့အပြင် ပိုပြီးတိုးလာတဲ့အတွက် စိုးရိမ်စရာတစ်ခုအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါကို ထိရောက်တဲ့နည်းလမ်းတွေရှာဖွေပြီး လုပ်ဆောင်ပေးဖို့လိုပါတယ်"ဟု ဟားဗတ်လူဦးရေနှင့် ဖွံ့ဖြိုးမှုလေ့လာရေးစင်တာသို့ လာရောက်ခဲ့သည့် ဖာဟတ်ရာဇက်က ပြောကြားခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း၆၀မှ အသက် ၂၀မှ ၄၉ နှစ်အတွင်းရှိအမျိုးသမီးခုနစ်သိန်းကျော်ကို စစ်တမ်းကောက်ယူလေ့လာခဲ့ရာ အဆိုပါအမျိုး သမီးများ၏ ခန္ဓာကိုယ်အချိုးအစားကျနမှုအချိုးမှာ ၁၆ အောက်သို့ ရောက်ရှိ နေကြောင်း သိရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အာဟာရမပြည့်ဝသည့်အမျိုးသမီးအရေအတွက်မှာ နှစ်စဉ်မြင့်တက်လျက်ရှိရာ အိန္ဒိယနိုင်ငံတွင် ၆ ဒသမ ၂ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ မဒါဂါစကာတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း၊ တီမောလက်စ်လေနိုင်ငံတွင် ၂ ဒသမ ၉ ရာခိုင်နှုန်း၊ ဆီနီဂေါနိုင်ငံတွင် ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဆီရာလီယွန်နိုင်ငံတွင် ၂ ဒသမ ၂ ရာခိုင်နှုန်းစီ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## တရုတ်နိုင်ငံတွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသူပေါင်း ခြောက်သိန်းနီးပါးရှိလာ

တရုတ်နိုင်ငံတစ်ဝန်းတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) ရောဂါဖြစ်ပွားနေသူ ပေါင်းမှာ ၅၇၅၀၀၀ ဦး ရှိနေပြီဖြစ်ပြီး သေဆုံးသူ ၁၇၇၀၀၀ ဦးရှိလာခဲ့ကြောင်း ကမ္ဘာ့ခုခံအားကျ ဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်အရ တရုတ်နိုင်ငံတွင် လူတစ်သောင်းလျှင် ခြောက်ဦးနှုန်း ကူးစက်နေသည်ကို ပြဆိုနေခြင်းဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် ယင်းအရေအတွက်အရ ကပ်ရောဂါ အသေးစားသဖွယ် ဖြစ်နေခြင်းပင်ဖြစ်သည်ဟု တရုတ်နိုင်ငံရောဂါကာကွယ် ကုသထိန်းချုပ်ရေးစင်တာမှ ထုတ်ဖော် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် လိင်တူဆက်ဆံ ခြင်းကြောင့်ကူးစက်မှုအရေအတွက်မှာ သာမန်အခြေအနေမှကူးစက်မှုကြောင့် အရေအတွက်ထက်ပိုမိုများပြားသည်ဟုဆိုသည်။ ၂၀၁၅ခုနှစ် အောက်တိုဘာလကုန်အထိ ကောက်ယူရရှိခဲ့သည့်စာရင်းများအရ အမျိုးသားများလိင်တူဆက်ဆံမှုကြောင့် ရောဂါဖြစ်ပွားသူအရေအတွက်သည် စုစုပေါင်းရောဂါဖြစ်ပွားသူအရေအတွက်၏ ရှစ်ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

တရုတ်နိုင်ငံတွင်အဆိုပါရောဂါဖြစ် ပွားသူစုစုပေါင်း၏ ၆၆ ဒသမ ၆၆ ရာ ခိုင်နှုန်းမှာလိင်ဆက်ဆံမှုကြောင့်ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဆိုသည်။ ၂၀၁၅ခုနှစ်အတွင်း စာရင်းကောက်ယူမှုများအရ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ကူးစက်ခံရသူပေါင်း ၉၇၀၀၀ ရှိလာခဲ့သည်ဟု ဆိုသည်။

အဆိုပါအချက်အလက်များကြောင့် တရုတ်နိုင်ငံတွင် ခုခံအားကျဆင်းမှုကူး စက်ရောဂါသည်အသေးစားကပ်ရောဂါသဖွယ်ဖြစ်ပွားနေသည်ဟု ပြောကြားရ ခြင်းဖြစ်သည်ဟု ဆိုသည်။

**မယ်သီတာ**

## လေထုညစ်ညမ်းမှုကြောင့် အမျိုးသမီးများတွင် ဆီးချိုသွေးချိုရောဂါနှင့်အတူ နှလုံးရောဂါဖြစ်ပွားမှု မြင့်တက်နိုင်

လေထုညစ်ညမ်းမှု များကြောင့် အမျိုးသမီးများတွင် ဆီးချိုသွေးချိုရောဂါနှင့်အတူ နှလုံးရောဂါဖြစ်ပွားမှုများ ပိုမိုမြင့်တက်လာနိုင်ကြောင်းဖြင့် လေ့လာ ဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါလေ့လာ ဆန်းစစ်ချက်အရ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအနက် နှလုံးသွေးကြောကျဉ်းသည့် ရောဂါသည် အမျိုးသမီးများတွင် ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့်ဆက်နွယ်လျက် ဆီးချိုသွေးချို ရောဂါဖြစ်ပွားမှုပါ တွဲလျက်ပါလာခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံမှ ဆေးသိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ယင်း လေ့လာတွေ့ရှိချက်ကို အမေရိကန်နိုင်ငံနှလုံးရောဂါပြုစုကုသရေးအသင်းမှထုတ်ဝေသည့် ဂျာနယ်တွင် ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါအသင်းသည် နှလုံးသွေးကြောကျဉ်းသည့်ရောဂါနှင့်ပတ်သက်၍ သုတေသနပြုသည့်လုပ်ငန်းများ လုပ်ဆောင်နေစဉ်ယခုကဲ့သို့ လေထုညစ်ညမ်းမှုနှင့်နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါများ ဆက်စပ်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော်တို့ဟာ နှလုံးသွေးကြောကျဉ်းတဲ့ မိသားစုကို အသက်အရွယ်အပိုင်းအခြားအလိုက် လေ့လာခဲ့တာပါ။ အဲဒီလို လေ့လာခဲ့ရာမှာ သက်ဆိုင်ရာ ဒေသအလိုက်ခွဲခြမ်းစိတ်ဖြာပြီးလေ့လာခဲ့ပါတယ်။ ဒါပေမယ့် ဆီးချိုသွေးချို ရောဂါကတော့ လေထုညစ်ညမ်းမှုကြောင့် ပိုပြီးဖြစ်ပွားတာကို တွေ့ရပါတယ်"ဟု အဆိုပါ လေ့လာချက်ကို ဦးဆောင်သူ ဘော်စတွန်အခြေစိုက် ဘရစ်ဟမ်အမျိုး သမီးဆေးရုံနှင့် ဟားဗတ်တီအိတ်ချ်ချန်း ကျောင်းမှ ပြည်သူ့ကျန်းမာရေးတာဝန်ခံ ဂျေမီဟာ့တ်က ပြောကြားခဲ့သည်။

ယင်း လေ့လာရေးအဖွဲ့သည် ၁၉၈၉ ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ လေထုညစ်ညမ်းမှုရှိသည့် နေရာများတွင် နေထိုင်လျက်ရှိသည့် ပြည်သူပေါင်း တစ်သိန်းကျော်ကို လေ့လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေ့လာချက်များအရ ဆေးလိပ်သောက်ခြင်းနှင့်အခြားသောကိစ္စရပ်များကြောင့် ဖြစ်ပေါ်လာသည့် နှလုံးသွေးကြောကျဉ်း ရောဂါသည် အရေအတွက်သည် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသည့်နှလုံးသွေးကြောကျဉ်း ရောဂါသည်အရေအတွက်က ပိုမိုများပြားလာသည်ကို တွေ့ရှိရသည် ဟုဆိုသည်။

**မယ်သီတာ**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ စိတ်အားထက်သန်လျက်ရှိ

ထိုင်းစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ အစိုးရမှ ကူညီပေးစေလိုကြောင်း ထိုင်း ကုန်သည်ကြီးများအသင်း တက္ကသိုလ်၏ AEC မဟာဗျူဟာဌာနမှ ပြောကြားခဲ့ပါသည်။

ထိုင်းနှင့်မြန်မာစီးပွားရေးလုပ်ငန်းရှင်များ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာခရီးစဉ်များ ပိုမိုသွားရောက်ခြင်း သည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို စေ့ဆော်ပေးနိုင်သည်ဟု ယူဆကြကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများစတင်ဆောင်ရွက်ရန်နှင့် တိုးချဲ့ရန် ထိုင်းနိုင်ငံသားများအတွက် အဓိက အခက်အခဲမှာမြန်မာနိုင်ငံ၌ အဆက်အသွယ်မရှိခြင်းပင်ဖြစ်ကြောင်း၊ ထိုင်းအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ဗီယက်နမ် အစိုးရများကဲ့သို့ပင် ထိုင်းစီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၌ မိတ်ဆက်ပေးရန် ဝန်ကြီးချုပ် သို့မဟုတ် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောခရီးစဉ်များ စီစဉ်သင့်ကြောင်းလည်း AEC မဟာဗျူဟာဌာန ညွှန်ကြားရေးမှူးMs. Pussadee က ပြောကြားခဲ့ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ယုံကြည်စိတ်ချရမှုနှင့် ပတ်သက်၍ စိုးရိမ်လျက်ရှိကြကြောင်း၊ သို့ဖြစ်ရာ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသည့် ထိုင်းနိုင်ငံသားများသည် ယုံကြည်စိတ်ချရကြောင်း ခိုင်မာစွာ ရပ်တည်ပြောဆိုပေးရန် အစိုးရဌာန (အဖွဲ့အစည်း) တစ်ခုတည်ထောင်ခြင်းဖြင့် ပံ့ပိုးကူညီပေးနိုင်သည်ဟု အကြံပြုကြကြောင်းသိရှိရပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးဌာနနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့တို့သည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အသေးစိတ်သုံးသပ်ချက်များနှင့် သတင်းအချက်အလက်များပံ့ပိုးပေးကြောင်း၊ အခြားဖြစ်နိုင်ချေရှိသော နည်းလမ်းတစ်ခုမှာမြန်မာနိုင်ငံရှိအဓိကမြို့ကြီးများ၌ ကောင်စစ်ဝန်ရုံးများ၊ ကုန်သွယ်မှုမြှင့်တင်ရေးစင်တာများ ဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်များကိုကူညီနိုင်ကြောင်း Ms. Pussadee က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် လျင်မြန်စွာပြောင်းလဲကြောင်း၊ ထိုင်းကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံသား စီးပွားဖက်များ ရှာဖွေသင့်ကြောင်း သို့မဟုတ် အကြံပေးငှားရမ်းသင့်ကြောင်းလည်း Ms. Pussadee ကပြောကြားခဲ့ပါသည်။

ငွေပေးချေခြင်းဆိုင်ရာ ပြဿနာများသည်လည်း မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ငွေကြေးလဲလှယ်ခြင်းကိုမှောင်ခိုဈေးကွက်မှာပင် ဆောင်ရွက်လေ့ရှိကြပြီး ယုံကြည်စိတ်ချရမှုမရှိဟုဝေဖန် သုံးသပ်ကြကြောင်းသိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ပြဿနာများက ထိုင်းနိုင်ငံအား ထပ်မံထိုးနှက်



ထိုင်းနိုင်ငံသည် အလုပ်သမားများအား မတရားစေခိုင်းလျက်ရှိသည့် နေရာဟူသော ၎င်း၏အမည်ကို ချေဖျက်ရန် ကြိုးပမ်းလျက်ရှိစဉ်တွင် နောက်ထပ် ထိုးနှက်မှုများကို ရရှိခဲ့ပါသည်။ ပထမတစ်ခုမှာ ကမ္ဘာ့စားသောက်ကုန်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Nestle ၏ အစီရင်ခံစာတစ်ခုတွင် ထိုင်းငါးဖမ်းလုပ်ငန်း၌ အလုပ်သမားများကို မတရားသဖြင့် ခိုင်းစေလျက်ရှိကြောင်း ဖော်ပြပါရှိခြင်းဖြစ်ပါသည်။

ထို့ပြင် စောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် Swedwatch နှင့် Finnwatch တို့၏ ကြက်သားပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းတွင် အလုပ်သမားများကို မတရားဖိနှိပ်ခိုင်းခြင်းဆိုင်ရာ ပူးတွဲလေ့လာဆန်းစစ်မှုကို Thompson Reuters Foundation မှ ကမ္ဘာအနှံ့သို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

Swedwatch နှင့် Finnwatch တို့၏ ပူးတွဲလေ့လာမှုအရ ကမ္ဘောဒီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံမှ အလုပ်သမားများသည် ပွဲစားများနှင့် (၎င်းတို့၏ နိုင်ငံကူးလက်မှတ်များကို ပြန်မပေးဘဲ ဆုပ်ကိုင်ထားသည့်) အလုပ်ရှင်များ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ခံကြရကြောင်း၊ အလုပ်သမားများစွာသည် တရားဝင်(အရည်အသွေး၊ အခြေအနေ) စစ်ဆေးစဉ်တွင် မသမာမှုကို ဖုံးကွယ်ထားသည့် အလုပ်သမားကြီးကြပ်သူများ၏ မတရားနှိပ်စက်မှုကိုလည်း ခံကြရကြောင်း၊ အဆိုပါအချက်သည် ပြဿနာ၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ နိုင်ငံခြားသား စစ်ဆေးသူများသည် အလုပ်သမားများ၏ အခြေအနေထက် စားသောက်ကုန်စိတ်ချရမှုကိုသာ အဓိကအာရုံစိုက်ဆောင်ရွက်သောကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

Thai Broiler Processing Exporters Association မှ မန်နေဂျာ Mr. Kukrit သည် စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ တွေ့ရှိချက်များကို အသိအမှတ်ပြုသော်လည်း ကြက်သားပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းတွင် ထိုင်းနိုင်ငံသားနှင့် ရွှေ့ပြောင်းအလုပ်သမားများ ခန့်ထားခြင်းကို ထိုင်းအလုပ်သမား ဥပဒေနှင့်အညီ ဆောင်ရွက်ကြောင်းပြောဆို၍ တုံ့ပြန်ကာကွယ် ပြောကြားခဲ့ပါသည်။ အလုပ်သမားရှာဖွေရေးအေဂျင်စီများမှ တစ်ဆင့်ရွှေ့ပြောင်း အလုပ်သမားများခန့်ထားခြင်းကိုလည်း နားလည်မှုစာချွန်လွှာများအရ ဆောင်ရွက်ကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။

အလုပ်သမား ဝန်ကြီးဌာနမှ အရာရှိများသည် စွပ်စွဲပြောဆိုချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ထိုင်း နိုင်ငံသားနှင့် ရွှေ့ပြောင်းအလုပ်သမားများ အားလုံးအား ကာကွယ်ပေးထားသည်ကို သေချာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ML Puntarik - Samiti က ပြောကြားခဲ့ပါသည်။

လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့သောစက်ရုံများမှ ကမ္ဘောဒီးယားနှင့် မြန်မာအလုပ်သမား စုစုပေါင်း ၄၈ ဦး ကိုတွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ ဆာရာဘူရီ (Saraburi) ပြည်နယ်နှင့် မင်ဘူရီ (Min Buri) ခရိုင်ရှိ CP Foods Plc ၏ စက်ရုံများအစီရင်ခံစာအတွက် ဖြစ်ကြောင်း၊ ၎င်းတို့၏ ပြောဆိုချက်များအရ အလုပ်ရှာဖွေပေးမှုအတွက်ပေးရသောဝန်ဆောင်ခသည် အလွန်အမင်းမြင့်မားသောကြောင့် ကြွေးမြီအတွက် ကျေးကျွန်ဘဝ (debt-bondage) ရောက်အောင် တွန်းပို့ပေးခဲ့ကြောင်း၊ ထို့ပြင် အလုပ်သမားများသည် ခြိမ်းခြောက်မှုများ၊ မကောင်းသော လုပ်ငန်းခွင် အခြေအနေများ၊ ဘာသာပြန်များ၏ ဆိုးရွားသောပြုမူမှုများကို ရင်ဆိုင်ခဲ့ကြရကြောင်းသိရှိရပါသည်။

CP Foods ၏ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ကုမ္ပဏီအနေဖြင့် Swed - watch နှင့် Finnwatch တို့၏ ထိုင်းကြက်သားလုပ်ငန်းတွင် နိုင်ငံခြားသားအလုပ်သမားများအပေါ် ဆက်ဆံမှုဆိုင်ရာအစီရင်ခံစာကို သိရှိပါကြောင်း၊ ကုမ္ပဏီ၏ အလုပ်သမားဆိုင်ရာမူဝါဒများသည် နိုင်ငံခြားသားအလုပ်သမားများ၏ အခွင့်အရေးများကိုကာကွယ်ပေးပြီးထိုင်းနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးကို အဓိကဦးစားပေး ဖော်ပြထားကြောင်း သိရှိရပါသည်။

စွပ်စွဲပြောဆိုမှုများကို အရေးမထားခြင်းသည် ကမ္ဘာတစ်ဝန်း၌ သတင်းမှားများကိုဖြစ်ပေါ်စေပြီး နားလည်မှုလွဲစေခဲ့ပါသည်။ ထိုင်းနိုင်ငံအစိုးရအနေဖြင့် အဆိုပါ အစီရင်ခံစာများကိုကြိုဆို၍ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပူးပေါင်းရန်စတင်ဆောင်ရွက်သင့်ကြောင်း၊ ဖြစ်လာမှ တုံ့ပြန်ခြင်းထက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းဖြင့်သာ ထိုင်းနိုင်ငံသည် လူမှောင်ခိုကူးမှု ပြဿနာကို အလေးထားဆောင်ရွက်လျက်ရှိသည်ကို ကမ္ဘာက သိရှိစေနိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ပြောဆိုနေခြင်းဖြင့် အကျိုးမရှိနိုင်ကြောင်း နိုဝင်ဘာလ ၂၇ ရက်နေ့ထုတ် Bangkok Post သတင်းစာ၌ ဖော်ပြထားပါသည်။ **ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဘတ်ငွေကြေးတန်ဖိုး တည်ငြိမ်ရေးအတွက် ထိုင်းနိုင်ငံဗဟိုဘဏ်က တက်ကြွစွာ ဆောင်ရွက်မည်

ထိုင်းနိုင်ငံဗဟိုဘဏ်သည် ဘတ်ငွေတန်ဖိုး မတည်ငြိမ်မှု တားဆီး ကာကွယ်ခြင်းနှင့် တည်ငြိမ်မှုထိန်းသိမ်း ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တက်ကြွစွာဆက်လက် ပါဝင်ဆောင်ရွက်နေမည်ဟု ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ခန့်မှန်းထား ကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံ ဗဟိုဘဏ်သည် အခြားသော ဗဟိုဘဏ်များကဲ့သို့ပင် ဘတ်ငွေတန်ဖိုး တည်ငြိမ်မှုကို ကာကွယ်ထိန်းသိမ်းရန် ပိုမိုကြိုးပမ်း ဆောင်ရွက်နိုင်ကြောင်း ဂျီနီဗာအခြေစိုက် Swissquote Bank ၏ဈေးကွက်မဟာ ဗျူဟာဌာန အကြီးအကဲ Mr. Peter Rosenstreich က ပြောပါသည်။

အခြားသော အာရှနိုင်ငံများရှိ ဗဟိုဘဏ်များနည်းတူ ထိုင်းနိုင်ငံဗဟို ဘဏ်သည် ရင်းနှီးငွေထိန်းချုပ်ခြင်း သို့မဟုတ် နိုင်ငံခြားငွေ လဲလှယ်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်း နည်းလမ်းများဖြင့် ဘတ် ငွေကြေးနှင့်အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးခဲ့သည့် သမိုင်းရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ပြည်တွင်းငွေကြေးတည်ငြိမ်မှုကို ကာကွယ်ရန် အတိုးနှုန်းလျှော့ချခြင်း သို့မဟုတ် မြှင့်တင်ခြင်းဆောင်ရွက်နိုင်သည့်အပြင် ရင်းနှီးငွေထိန်းချုပ်ခြင်းအထိ ပြင်းပြင်းထန်ထန် ဆောင်ရွက်ဖွယ်ရှိကြောင်း Mr. Rosenstreich က သုံးသပ်ပါ သည်။

ထိုင်းနိုင်ငံဗဟိုဘဏ်သည် ငွေ လဲလှယ်မှုနှုန်းကို ထိန်းချုပ်သည့် နည်းလမ်းတစ်ခုဖြစ်သည့် Managed float exchange rate စနစ်ကို ၁၉၉၇ ခုနှစ်၌ လည်းကောင်း၊ ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းသတ်မှတ်သည့်စနစ် (Inflation-targeting regime) ကို ၂၀၀၀ ပြည့်နှစ် ၌လည်းကောင်း စတင်ကျင့်သုံးခဲ့ပါသည်။

အတိုးနှုန်းလျှော့ချမှု ပြင်းထန်ခြင်း၊ နိုင်ငံခြားငွေကြေးလဲလှယ်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ရင်းနှီးငွေထိန်းချုပ်ခြင်း စသည့်လုပ်ဆောင်မှုတို့သည် ငွေ ကြေးစစ်ပွဲ ဖြစ်ပွားနေဆဲဖြစ်ကြောင်း ဖော်ပြနေသည့် လက္ခဏာများဖြစ် ကြောင်း၊ ငွေကြေးတည်ငြိမ်မှုအနေဖြင့်မူ ထိုင်းနိုင်ငံသည် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ထက် အနည်းငယ်ပို မိုကောင်းမွန်သည့် အနေအထားတွင်ရှိနေကြောင်း Mr. Rosenstreich ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ သာမန်စာရင်းပိုငွေ ပြခြင်းနှင့်မြင့်မားသော နိုင်ငံခြားငွေကြေး အရန်ထားရှိမှုသည် ကမ္ဘာ့ငွေကြေးဈေး ကွက်များ မတည်ငြိမ်မှု၏ ရိုက်ခတ်ခံရမှု သက်သာအောင် အကာအကွယ်ပြုပေးလျက်ရှိကြောင်း၊ စက်တင်ဘာလ၌ သာမန်စာရင်းပိုငွေသည် ဘတ် ၁ ဒသမ ၆ ဘီလီယံ ရှိခဲ့ကြောင်း၊ အောက်တိုဘာလ ၃၀ ရက်နေ့ အထိတွင် နိုင်ငံခြားငွေကြေး အရန်ထားရှိမှုသည် အမေရိကန်ဒေါ်လာ ၁၅၈ ဘီလီယံရှိ ခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

Organizations News
Vol: 15, No.47 Monday December 7 2015

# အာရှပစိဖိတ်ဆွေးနွေးပွဲပြီးဆုံး

အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် (Asia Pacific Economic Cooperation-APEC)အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံမှ ခေါင်းဆောင်များရဲ့ ဆွေးနွေးပွဲက ဒီဇင်ဘာ ၃ ရက်မှာ ပြီးဆုံးခဲ့ကြောင်း လယ်ဂျာဇေဇက်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာပေါ်မှာ အိုင်အက်စ် (Islamic State-IS) ရဲ့ တိုက်ခိုက်မှုတွေ မြင့်မားနေတဲ့အတွက် အကြမ်းဖက်တိုက်ခိုက် မှုကို ကမ္ဘာ့အတိုင်းအတာရ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့ အစည်းအဝေးနောက်ဆုံးနေ့မှာ တိုက်တွန်းခဲ့ပါတယ်။

စာချုပ်အရ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်သင့်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောပါတယ်။

ချစ်ကြည်ရေးကို ရှေ့ရှုတဲ့အနေနဲ့ နယ်မြေပိုင်နက်အငြင်းပွားမှုကို ပြဿနာအဖြစ် ဖော်ဆောင်ခြင်းမပြုရန် တရုတ်နိုင်ငံရဲ့ပန်ကြားချက်ကို အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက လိုက်လျောခဲ့ပါတယ်။

ဒါပေမဲ့ တရုတ်နိုင်ငံက နယ်မြေချဲ့ထွင်မှုနဲ့ စစ်ရေးတည်ဆောက်မှုတွေမလုပ်ဖို့ အမေရိကန်အစိုးရရဲ့ တောင်းဆိုချက်ကို သမ္မတအိုဘားမားက ဒီဇင်ဘာ ၂ ရက်က ကျင်းပတဲ့ အစည်းအဝေးရဲ့ ကုန်သွယ်မှုဆွေးနွေးပွဲများ မစတင်မီ ထပ်မံ ပြောကြားခဲ့ပါတယ်။ အစည်းအဝေးပြီးဆုံးချိန် တချို့နိုင်ငံခေါင်းဆောင်များက သက်ဆိုင်ရာနိုင်ငံကို ပြန်ကြပြီး အိုဘားမားအပါအဝင် အချို့ခေါင်းဆောင်တွေက မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာကျင်းပမယ့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြပါတယ်။

ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Trans-Pacific Partnership-TPP) အရ ကမ္ဘာပေါ်မှာ လျင်မြန်စွာ တိုးတက်လျက်ရှိနေတဲ့ ဒေသမှာ ကုန်သွယ်မှုဆောင်ရွက်ဖို့အတွက် ပုံစံသစ်တစ်ခုကို ဖော်ဆောင်သွားမှာဖြစ်ကြောင်း အာရှပစိဖိတ်ဒေသရှိ နိုင်ငံခေါင်းဆောင်များက အတည်ပြုပြောကြားပါတယ်။

တောင်ကိုရီးယား၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့က APEC အဖွဲ့မှာ ပါဝင်ဖို့ စိတ်စားကြပါတယ်။ အာရှပစိဖိတ်ဒေသ လွတ်လပ်စွာ ကုန်သွယ်မှုနယ်မြေ (Free Trade Area of the Asia-Pacific-FTAAP) ဒေသကို တည်ဆောက်နိုင်ခြင်းဖြင့် ကမ္ဘာ့စီးပွားရေးအစိတ်အစိပ်အမွှာမွှာကွဲမှုကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း APEC ထိပ်သီးဆွေး နွေးပွဲတက်ရောက်ရန် မနီလာသို့ ရောက်ရှိလာတဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောပါတယ်။

# ဒေသတွင်းဈေးကွက်များသို့ လုပ်ငန်းချဲ့ထွင်သင့်ကြောင်း အင်ဒိုနီးရှားအစိုးရက တိုက်တွန်း

အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်ပြီးနောက်ပိုင်း ဒေသတွင်းဈေးကွက်များအထိ တိုးချဲ့နိုင်အောင် ဆောင်ရွက်ဖို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အစိုးရက အားပေးလျက်ရှိကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြ ပါတယ်။

အင်ဒိုနီးရှားဈေးကွက်က ကြီးမားတဲ့အတွက် အင်ဒိုနီးရှားနိုင်ငံအတွင်း ရောင်းချနေရတာကိုပင် ပြည်တွင်းစီးပွားရေးအများစုက ကျေနပ်နေကြကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာနမှ အကြံပေး ရီဇာအဖန်ဒီလုကမင်းက ပြောပါတယ်။

“အရိုးစွဲနေတဲ့ အယူအဆတွေကို ကျွန်တော်တို့ ပြောင်းလဲပစ်ရပါမယ်။ အင်ဒိုနီးရှားရဲ့ ပို့ကုန်အတိုင်းအဆကို တိုးမြှင့်နိုင်တဲ့ အနေအထားကမြင့်မားနေဆဲဖြစ်ပါတယ်”လို့ ရီဇာကပြောပါတယ်။ အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းတွေက သူတို့ရဲ့ ထုတ်ကုန်တွေ စတင်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရာမှာ အေအီးစီက တွန်းအားတစ်ခုဖြစ်သင့်ပါတယ်လို့ သူကပြောပါတယ်။

အင်ဒိုနီးရှားပို့ကုန်ရဲ့ ဂျီဒီပီမှာ ပါဝင်တဲ့အချိုးက ၂၄ ရာခိုင်နှုန်းရှိပြီး မလေးရှားနဲ့စင်ကာပူတို့က ၆၀ ရာခိုင်နှုန်းနဲ့ ၇၀ ရာခိုင်နှုန်းအသီးသီးရှိကြပါတယ်။

“အင်ဒိုနီးရှားပို့ကုန်ရဲ့ ဂျီဒီပီမှာပါဝင်မှုအချိုးက နိမ့်ကျနေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ စက်ရုံထွက်ပစ္စည်းတွေက ပြည်တွင်းသုံးစွဲဖို့ဖြစ်ပြီး ပို့ကုန်အတွက် မဟုတ်ပါဘူး။ ဒီအခြေအနေက အာဆီယံဒေသနဲ့ တခြားဒေသတွေကို ကျွန်တော်တို့ ထုတ်ကုန်တွေတိုးမြှင့်တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းတစ်ခု ဖြစ်နိုင်ပါတယ်”လို့ ရီဇာကပြောပါတယ်။

မူလကုန်စည်တွေ တန်ဖိုးကျဆင်းနေတာကို အခွင့်ကောင်းယူပြီး စက်မှုထုတ်ကုန်တွေ တိုးမြှင့်ဖို့ အင်ဒိုနီးရှားနိုင်ငံက ဆောင်ရွက်သင့်ကြောင်းနဲ့ မူလကုန်စည်တွေ အစား တန်ဖိုးမြှင့်ထုတ်ကုန်တွေကို တင်ပို့သင့်ကြောင်း သူကပြောပါတယ်။

ဗီယက်နမ်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့ရဲ့ ထုတ်ကုန်တူညီမှု အညွှန်းကိန်းက ၅၀ နီးပါးရှိတဲ့အတွက် တခြားနိုင်ငံတွေရဲ့ တူညီမှုက ၂၀ နဲ့ ၃၀ ကြားမှာပဲရှိပါတယ်။ ဒါကြောင့် ဗီယက်နမ်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့က အေအီးစီမှာ ကြီးမားတဲ့ ပြိုင်ဖက်တွေဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံက ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး (TPP) စာချုပ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာပြီးနောက်ပိုင်း တချို့နိုင်ငံတွေနဲ့ ကုန်သွယ်ရာမှာ အကောက်ခွန်လွတ်ကုန်သွယ်မှုပြုနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပါတယ်။

# အာဆီယံနိုင်ငံများက အိုင်တီဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်မည်

အာဆီယံနိုင်ငံများမှ တယ်လီကွန်ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်နည်းပညာဝန်ကြီးများရဲ့ (၁၅) ကြိမ်မြောက် အာဆီယံတယ်လီကွန်သတင်းအချက်အလက် နည်းပညာဝန်ကြီးများ အစည်းအဝေး (ASEAN TELMIN 2015) ကို နိုဝင်ဘာ ၂၈ ရက်က အောင်မြင်စွာပြီးစီးခဲ့ပါတယ်။

အဆိုပါအစည်းအဝေးမှာ ၂၀၂၀ ပြည့် ပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ ဖြိုးရေးစီမံကိန်းကို ထိပ်တန်းဦးစားပေးအဖြစ် ဆောင်ရွက်ဖို့ အာဆီယံဝန်ကြီးများက သဘောတူခဲ့ကြကြောင်း အစည်းအဝေးအပြီးပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဗီယက်နမ်သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဝန်ကြီး ငုယင်ဘက်ဆန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

“ဒစ်ဂျစ်တယ်နဲ့ ပြည့်စုံလုံလောက်တဲ့ အသိုက်အဝန်းကို အခြေခံကာ ရေရှည်တည်တံ့ပြီး ဘေးကင်းလုံခြုံတဲ့ အာရှအသိုက်အဝန်းတစ်ခုတည်ထောင်ဖို့ ကျွန်တော်တို့သဘောတူညီခဲ့ကြပါတယ်။ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာရှစ်ရပ်ပါဝင်တဲ့ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာစီမံကိန်းအဖြစ် Master Plan 2020 (AIM 2020)ကို ချမှတ်ခဲ့ကြပါတယ်။

မဟာဗျူဟာရှစ်ရပ်မှာ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ)အခြေခံဖြင့် လူသားဖွံ့ဖြိုးရေး၊ တီထွင်ဆန်းသစ်ရေး၊ အိုင်စီတီအခြေခံအဆောက်အအုံနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အိုင်စီတီဖြင့် ပေါင်းစည်းမှုနဲ့ စွမ်းအင်မြင့်မားရေး၊ မီဒီယာသစ်နဲ့ ဆက်သွယ်ရေးသစ်များဖြင့် အိုင်စီတီတစ်ခုတည်းသော ဈေးကွက် ထူထောင်ရေးနဲ့ သတင်းအချက်အလက် လုံခြုံရေးနဲ့ အာမခံချက်ရှိရေးစတဲ့ အချက်တွေပါဝင်ပါတယ်”လို့ သူကပြောပါတယ်။

"ASEAN Smart Network Initiative" ဆိုတဲ့ အစီအစဉ်အရ အိုင်စီတီ အခြေခံအဆောက်အအုံ တိုးတက်ကောင်းမွန်ရေး လေ့လာမှုများအပါအဝင် ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အများစုတွင် ဂျပန်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ကိုယ်စားလှယ်များက အလေးထား ပြောကြားခဲ့သည်။

အာဆီယံဂျပန်အိုင်စီတီ ရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရန် ဝန်ကြီးများက သဘောတူညီခဲ့ပြီး ထိုလုပ်ရှားမှုများတွင် Internet of Things(IOT)နဲ့ 5G ကွန်ရက်လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကျင်းပရေးလုပ်ငန်းများလည်းပါဝင်ပါတယ်။ ရန်ပုံငွေအတွက် ဂျပန်နိုင်ငံရဲ့ အမေရိကန်ဒေါ်လာတစ်သိန်း ထည့်ဝင်မှုကိုလည်း ဝန်ကြီးများက အလေးအမြတ်ထား ပြောကြား ခဲ့ပါတယ်။

အီးကောမတ်စ် ဆက်သွယ်ရေးနဲ့ ဘရော့ဘင်ဆက်သွယ်ရေး စသည့် လုပ်ငန်းများတွင် အိုင်စီတီနဲ့ ဆက်သွယ်နေတဲ့ လုပ်ငန်းများ ဆောင်ရွက်ဖို့ အမေရိကန်ပြည်ထောင်စုရဲ့ အကူအညီပေးမှုနဲ့ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ (International Telecommunication Union-ITU) ရဲ့ အကူအညီတို့ကိုလည်း ဝန်ကြီးများက ကြိုဆိုခဲ့ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ကျွမ်းကျင်မှုကွာဟချက်ကြောင့် အေအီးစီမှာ ဖိလစ်ပိုင်နိုင်ငံရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုခြိမ်းခြောက်

နည်းပညာမြင့်မားတဲ့ နယ်ပယ်မှာ အလုပ်လုပ်ဖို့ ရည်မှန်းထားတဲ့ ဖိလစ်ပိုင်ပညာရှင်များအတွက် လက်ရှိသူတို့မှာရှိနေတဲ့ အစွမ်းအစနဲ့ သူတို့ဝင်ရောက်လုပ်ကိုင်ဖို့ ရည်မှန်းထားတဲ့ လုပ်ငန်းတွေအတွက် လိုအပ်တဲ့အရည်အချင်းတွေက တစ်ခုနဲ့တစ်ခု ကျွမ်းကျင်မှုကွာဟချက် ထူးထူးခြားခြား မြင့်မားနေတဲ့အတွက် စိုးရိမ်မှုတွေရှိနေကြောင်းနဲ့ အာဆီယံပေါင်းစည်းမှုကြောင့် ရရှိလာမယ့် အကျိုးအမြတ်တွေကို အပြည့်အဝ ခံစားလိုပါက ဤကွာဟချက်ကို ပေါင်းကူးပေးရမှာ ဖြစ်ကြောင်း၊ ဘိဇနက် အင်ကွာရာသတင်းမှာ ဖော်ပြထားပါတယ်။

တစ်ခုတည်းသော စီးပွားရေးဖွဲ့စည်းဖို့အတွက် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်း စတဲ့ နိုင်ငံကြီး ငါးနိုင်ငံ အဆင်သင့်ဖြစ်မှု အနေအထားကို ပဏာမစစ်တမ်းအဖြစ် ဂျေပီမော်ဂန်နဲ့ စင်ကာပူစီမံခန့်ခွဲမှု တက္ကသိုလ်တို့က လေ့လာချက် စစ်တမ်းကို ကောက်ယူခဲ့ရာမှ ယခု တွေ့ရှိချက်ကို ရရှိခဲ့တာဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ငါးဖမ်းလုပ်ငန်း အခြေခံအဆောက်အအုံ တည်ဆောက်ရေး သတင်းအချက်အလက် နည်းပညာ၊ စီးပွားရေး လုပ်ငန်းများအတွက် Outsourcing၊ ခရီးသွားလုပ်ငန်းနဲ့ ကုန်ချော ထုတ်လုပ်ရေးလုပ်ငန်းတွေကို အနာဂတ်ဖွံ့ဖြိုးမှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိနေပေမယ့် အတွင်းအပြင်မှ ယှဉ်ပြိုင်မှုတွေကို ရင်ဆိုင်နိုင်ဖို့အတွက် ဒီကဏ္ဍတွေမှာ အသင့်ဖြစ်အောင် ပြင်ဆင်ဖို့အတွက် ဆောင်ရွက်စရာတွေ အများကြီး ကျန်ရှိနေပါသေးတယ်။ “ဒီဦးစားပေး ကဏ္ဍတွေမှာရှိတဲ့ တစ်ဆင့်ခံကန်ထရိုက်တွေ တော်တော်များများမှာ ကျွမ်းကျင်မှု ကွာဟချက်တွေရှိပါတယ်။ အထူးသဖြင့် Analysis၊ အင်ဂျင်နီယာ၊ ပရိုဂရမ်မာနဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများစတဲ့ လုပ်ငန်းတွေမှာ ဒီလိုကွာဟချက်တွေ တွေ့ရပါတယ်”လို့ ဂျေပီမော်ဂန်နဲ့ စင်ကာပူစီမံခန့်ခွဲမှု တက္ကသိုလ်တို့ရဲ့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။

အဆင့်မြင့်ရာထူးတွေဖြစ်တဲ့ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနဲ့ ပါရဂူများစတဲ့ ရာထူးနေရာတွေမှာ ကွာဟချက်က ပိုမိုမြင့်မားကြောင်း မကြာသေးမီက စင်ကာပူမှာ ကျင်းပခဲ့တဲ့ ဖိုရမ်တစ်ခုမှာ စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ် လူမှုသိပ္ပံကျောင်းအုပ်ကြီး ဂျိမ်းတန်က ပြောကြားပါတယ်။

အထူးသဖြင့် အိုင်တီနဲ့ အင်ဂျင်နီယာလို နည်းပညာနယ်ပယ်တွေ၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေမှာရှိတဲ့ မန်နေဂျာတွေနဲ့ ပညာရှင်ဝန်ထမ်းတွေ အလုပ်ခွင်က နှုတ်ထွက်မှုမြင့်မားတာကလည်း ကျွမ်းကျင်မှုကွာဟချက် ကြီးမားတဲ့ပြဿနာကို ပိုမိုကြီးထွားစေခဲ့ကြောင်း ဂျေပီမော်ဂန်နဲ့ စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်ရဲ့ လေ့လာချက်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

# ထိုင်းနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် စီးပွားရေးကို ရင်းနှီးမြှုပ်နှံမှုဖြင့် အထောက်အကူပေးမည်

၂၀၁၆ ခုနှစ်ကို ရင်းနှီးမြှုပ်နှံမှုနှစ်အဖြစ် ကြေညာထားခဲ့ပြီးနောက်ပိုင်း ထိုင်းစီးပွားရေးလုပ်ငန်းများရဲ့ ယုံကြည်မှုက တိုးတက်လာတဲ့ လက္ခဏာကိုတွေ့ရကြောင်း ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနဲ့ ဘဏ်လုပ်ငန်းအမြဲတမ်းပူးတွဲကော်မတီ (JSCCIB) က ယုံကြည်ထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေက စီးပွားရေးကို မောင်းနှင်ပေးမယ့် အဓိက အင်ဂျင်များသဖွယ် ဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။ စီမံကိန်းတွေက မူလစီစဉ်ထားတဲ့အတိုင်း ဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံတော်ဘတ်ဂျက်က လျာထားတဲ့ ရင်းနှီးမြှုပ်နှံမှု ဘတ် ဘီလီယံ ၅၄၀ အပြင် စီးပွားရေးနယ်ပယ်ထဲကို ရင်းနှီးမြှုပ်နှံမှာ ဘတ်ဘီလီယံ ၁၀၀ ကျော် ထပ်မံရောက်ရှိလာလိမ့်ဦးမယ်လို့ JSCCIB က ပြောပါတယ်။ JSCCIB ဟာ ထိုင်းစက်မှုလုပ်ငန်းများအသင်းချုပ် (FTI)၊ ထိုင်းကုန်သည်ကြီးများအသင်း (TCC) နဲ့ ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်း(TBA)တို့ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကြောင့် စီးပွားရေးလုပ်ငန်းတွေ တိုးတက်ကောင်းမွန်လာနိုင်ကြောင်း ဒီဇင်ဘာ ၁ ရက်က ကျင်းပတဲ့ အစည်းအဝေးပြီးနောက် ထိုင်းကုန်သွယ်ရေးဘုတ်အဖွဲ့ TCC နဲ့ JSCCIB တို့ရဲ့ ဥက္ကဋ္ဌဖြစ်သူ အစ္စရာဗွန်ကူဆွမ်ကစ်က ပြောပါတယ်။

ကော်မတီ အစည်းအဝေးမှာ အောက်တိုဘာလ စီးပွားရေးအခြေအနေကို ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ရေတိုစီးပွားရေး လှုံ့ဆော်တွန်းအားပေး အစီအစဉ်အရ ဆောင်ရွက်တဲ့ အသေးစားစီးပွားရေးလုပ်ငန်း အပါအဝင် အစိုးရအသုံးစရိတ်ကို မြှင့်တင်ခြင်းနဲ့ ခရီးသွားလုပ်ငန်းတိုး တက်ကောင်းမွန်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံရဲ့ အောက်တိုဘာလ စီးပွားရေး အခြေအနေက အထိုက်အလျောက် တိုးတက်ကောင်းမွန်မှုရှိခဲ့ပါတယ်။ ကြာရှည်ခံမဟုတ်တဲ့ အဓိကကုန်ပစ္စည်းများအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုက တိုးတက်ကောင်းမွန်ခဲ့ပေမယ့် အားလုံးခြုံကြည့်ရင် စားသုံးမှုက နိမ့်ကျနေဆဲဖြစ်ပါတယ်။

ယခုနှစ်က ပို့ကုန်လုပ်ငန်းအခြေခံက မြင့်မားလာတဲ့အတွက် အောက်တိုဘာပို့ကုန်လုပ်ငန်းက ၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ပို့ကုန်အမျိုးအစားအားလုံးရဲ့ အခြေအနေက အဓိကဈေးကွက်ကြီးတွေ ကျဆင်းမှုနဲ့အတူ နိမ့်ကျလျက်ရှိပါတယ်။ ယခုနှစ် ပထမ ၁၀ လမှာ ထိုင်းပို့ကုန်လုပ်ငန်းက ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ယခုကျဆင်းမှုက ဒေသတွင်းရှိ တခြားနိုင်ငံတွေရဲ့ ကျဆင်းမှုနဲ့အတူ လိုက်ပါလာတာဖြစ်ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ဖိလစ်ပိုင်နိုင်ငံရဲ့ နို့တင်သွင်းမှုကို ယခုနှစ်တွင် မြှင့်တင်မည်

ပြည်တွင်းအစားအစာ ဆင့်တက်ပြုလုပ်မှုလုပ်ငန်းများကို လျင်မြန်စွာတိုးချဲ့ဆောင်ရွက်လျက်ရှိတဲ့အတွက် ယခုနှစ်ဖိလစ်ပိုင်နိုင်ငံရဲ့ နို့တင်သွင်းမှုကို ၃ ဒသမ ၄၄ ရာခိုင်နှုန်းတိုးမြှင့်သွားဖို့ ခန့်မှန်းထားကြောင်း အမေရိကန်ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန USDA ရဲ့ အစီရင်ခံစာကို ကိုးကားပြီး ဖီးလ်စတားသတင်းမှာ ဖော်ပြပါတယ်။ ဖိလစ်ပိုင်နိုင်ငံက ၂၀၁၄ခုနှစ်မှာ နို့တန်ချိန် မက်ထရစ် တန် ၁ ဒသမ ၇၄၀ သန်း တင်သွင်းခဲ့ရာ မှ ယခုနှစ်မှာ မက်ထရစ်တန် ၁ ဒသမ ၈၀၀ သန်း တင်သွင်းမယ်လို့ ခန့်မှန်းထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ နှစ်စဉ်နို့လိုအပ်ချက်ဖြစ်တဲ့ မက်ထရစ်တန် ၉၉၁ သန်းရဲ့ တစ်ရာခိုင်နှုန်းကိုသာ ဖိလစ်ပိုင်နိုင်ငံက ထုတ်လုပ်နိုင်ပါတယ်။ ယခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံဟာ နို့ထွက်ပစ္စည်းများရဲ့ အဓိကသွင်းကုန်နိုင်ငံ ဖြစ်လာနိုင်ပြီး အထူးသဖြင့် နို့မှုန့်ကိုတင်သွင်းပါတယ်။ ဖိလစ်ပိုင်နိုင်ငံက လိုအပ်တဲ့ နို့ထွက်ပစ္စည်းအများစုကို နယူးဇီလန်နိုင်ငံမှ တင်သွင်းပြီး စုစုပေါင်းလိုအပ်ချက်ရဲ့ ၃၀ ရာခိုင် နှုန်းရှိပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဩစတြေးလျနိုင်ငံတို့က ပြည်တွင်း လိုအပ်ချက်ရဲ့ ၂၄ ရာခိုင်နှုန်းနဲ့ ၇ ရာခိုင်နှုန်း အသီးသီးတင်ပို့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံက အမေရိကန်ပြည်ထောင်စု နို့တင်ပို့မှုရဲ့ စတုတ္ထမြောက် အကြီးမားဆုံးဈေးကွက်ဖြစ်ပြီး ယခုနှစ်တင်သွင်းမှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၄၂၂ သန်းရှိရာ ၂၀၁၄ ခုနှစ်ကထက် ၁၆ ရာခိုင်နှုန်း ပိုမိုခဲ့ပါတယ်။ ပြည်တွင်း နို့ထုတ်လုပ်မှုက ယခင်နှစ်က မက်ထရစ်တန် ၂၀,၀၁၀ ရှိခဲ့ရာ ယခုနှစ်မှာ ၂၁၀၀၀ အထိ ထုတ်လုပ်နိုင်မယ်လို့ အမျိုးသားနို့လုပ်ငန်းအာဏာပိုင်အဖွဲ့ (National Dairy Authority-NDA)က ထုတ်ပြန်တဲ့ စာရင်းများအရ တွေ့ရပါတယ်။ လတ်ဆတ်တဲ့ နို့ဝယ်လိုအားမြင့်မားမှုနဲ့ ထုတ်လုပ်မှုစွမ်းအားများ မြင့်တက်မှုတို့ကြောင့် ပြည်တွင်းထုတ်လုပ်မှု ပမာဏက ဆက်လက်မြင့်တက်မယ်လို့ ခန့်မှန်းထားပါတယ်။

အစိုးရရဲ့ နို့စားတိရစ္ဆာန်မွေးမြူရေးအစီအစဉ်နဲ့ NDA ရဲ့ နို့စားတိရစ္ဆာန်အရေအတွက် တိုးပွားရေးအစီအစဉ်ကြောင့် ၂၀၁၅ ခုနှစ်မှာ နို့ထွက်တိရစ္ဆာန်အရေအတွက်ကို နှစ်စဉ် ၁၀၀၀ မှ ၁၅၀၀ အထိ တိုးမြှင့်သွားဖို့လည်း ခန့်မှန်းထားပါတယ်။ တိရစ္ဆာန်အစားအစာနဲ့ စီမံခန့်ခွဲရေးညံ့ဖျင်းမှု၊ ထုတ်လုပ်မှုစရိတ်မြင့်တက်မှုနဲ့ နို့ထွက်လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံ မလုံလောက်မှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံမှာ နို့စားနွားတစ်ကောင်ရဲ့ တစ်နေ့ထုတ်လုပ်မှုက ရှစ်လီတာသာရှိတဲ့အတွက် ထုတ်လုပ်မှုနိမ့်ကျနေဆဲဖြစ်ပါတယ်။

# အွန်လိုင်းပေါ်တွင် မိမိတို့ရဲ့ စိတ်ကူးစိတ်သန်းများကို လက်စွမ်းပြလိုသူတို့အတွက် နေရာသစ်တစ်ခုဖန်တီး

အွန်လိုင်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို သင်ယူဖို့၊ အတွေ့အကြုံရှာဖို့နဲ့ မိမိတို့ကျွမ်းကျင်မှုတွေကို ပူးပေါင်းဆောင်ရွက်ပြီး လက်စွမ်းပြနိုင်ဖို့အတွက် Creators' Space လို့ခေါ်တဲ့နေရာသစ်တစ်ခုကို စင်ကာပူနိုင်ငံမှာ ဖန်တီးပေးထားကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။



Creator's Space အွန်လိုင်း ဗီဒီယိုဖန်တီးမှုများ၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ၊ နည်းပညာများနဲ့ စင်ကာပူရှိ အွန်လိုင်းဖန်တီးသူများအတွက် အဓိကလိုအပ်တဲ့ အစီအစဉ်များနဲ့ အရင်းအမြစ်များကို စီစဉ်ပေးမှာဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက်နေ့က ကျင်းပတဲ့ စင်ကာပူ မီဒီယာပွဲတော်နဲ့ အာရှတီဗီဖိုရမ်နဲ့ ဈေးကွက်ပွဲတော်ဖွင့်ပွဲမှာ စင်ကာပူ ဆက်သွယ်ရေးနဲ့ ပြန်ကြားရေးဝန်ကြီး ယာကော့အီဘရာဟင်က ပြောပါတယ်။

ဒီနေရာကို တည်ထောင်ဖို့အတွက်Maker Studio၊ အွန်လိုင်းဗီဒီယိုပလက်ဖောင်းဖြစ်တဲ့ Dailymotion၊ သရီးဒီရင်းဒါးကျွမ်းကျင်သူ Auto desk နဲ့ အွန်လိုင်းဖန်တီးမှုတွေကို တည်းဖြတ်တဲ့ Adobe System စတဲ့ ရှေ့ဆောင်မီဒီယာကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ထားကြောင်း ဝန်ကြီးက ပြောပါတယ်။ ယခုလို ပူးပေါင်းဆောင်ရွက်မှုအရ ကုမ္ပဏီကြီးလေးခုမှာရှိတဲ့ တီထွင်ဖန်တီးရှင်တွေက ဗီဒီယိုထုတ်လုပ်ရာမှာ အထောက်အကူပြုပေးသွားမှာဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ပရိသတ်အတွက် အဆင့်မြင့်ဒရာမာဇာတ်ကားတွေကို စင်ကာပူမီဒီယာပညာရှင်တွေ ထုတ်လုပ်နိုင်အောင် လေ့ကျင့်ပေးဖို့အတွက် မီဒီယာဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (MDA) က တယ်လီဗီးရှင်းနက်ဝပ်တစ်ခုဖြစ်တဲ့ HBO Asia နဲ့ ပူးပေါင်းဆောင် ရွက်သွားမှာဖြစ်ကြောင်းလည်း ဝန်ကြီးက ပြောကြားပါတယ်။

ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်အရ HBO Asia က နှစ်နှစ်အတွင်းမှာ အတွေ့အကြုံပြည့်ဝတဲ့ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ ဦးဆောင်မှုနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေပါ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုလုပ်ငန်းတွေ ဆောင်ရွက်ခြင်းနဲ့အတူ ဖြန့်ဖြူးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်အောင်လည်း ပြည်တွင်းပညာရှင်တွေကို အထောက်အကူပေးသွားမှာဖြစ်ပါတယ်။

# ထိုင်းနဲ့ဗီယက်နမ် သွင်းကုန်များကို ကမ္ဘောဒီးယား အက်စ်အမ်အီးများက အစားထိုးထုတ်လုပ်မည်

ကမ္ဘောဒီးယား စီးပွားရေးလုပ်ငန်းများက ကုန်ထုတ်လုပ်မှု တိုးမြှင့်ဖို့နဲ့ သွင်းကုန်အပေါ် မှီခိုနေရမှုကို လျှော့ချနိုင်ဖို့အတွက် အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ခမာတိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။ ထုတ်ကုန်တိုးမြှင့်ရေးအတွက် အသေးစားနဲ့ အလတ်စားကို အားပေးရန်နဲ့ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုရရှိအောင် ဆွဲဆောင်ရန်အတွက် ကမ္ဘောဒီးယား အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများအသင်းချုပ်၊ စက်မှုနဲ့ လက်မှုလုပ်ငန်းဝန်ကြီးဌာနနဲ့ ကမ္ဘောဒီးယား ကုန်သည်ကြီးများအသင်းတို့က စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အသင်းချုပ်ဥက္ကဋ္ဌ တဲတိန်ပေါက နိုဝင်ဘာ ၂၈ ရက်နေ့က ပြောပါတယ်။

ထိုင်း၊ ဗီယက်နမ်နဲ့ အာဆီယံဒေသတွင်းရှိ အခြားနိုင်ငံများမှ ကုန်ချောသွင်းကုန်များကို လျှော့ချနိုင်ဖို့ ကမ္ဘောဒီးယားနိုင်ငံက ရည်ရွယ်ထားကြောင်း မစ္စတာပေါက ပြောပါတယ်။ ကမ္ဘောဒီးယား အက်စ်အမ်အီးတို့အားနည်းပညာနဲ့ ဘဏ္ဍာရေး အထောက်အကူပေးသွားရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) က ဆောင်ရွက်ပေးမှာဖြစ်ကြောင်းလည်း သူက ပြောပါတယ်။ အသင်းချုပ်ရဲ့ အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံက ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့မှ တင်သွင်းတဲ့ ကုန်ချောတန်ဖိုး စုစုပေါင်းက အမေရိကန်ဒေါ်လာ ၄ ဘီလီယံရှိတယ်လို့ သိရပါတယ်။ သွင်းကုန်တိုးတက်မြင့်မားနေတဲ့တိုင် အောင် နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးနေတဲ့အတွက် တစ်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းပေါင်း ၅၃၀၀၀၀ ရှိတဲ့အနက် စက်မှုနဲ့လက်မှုလုပ်ငန်းဝန်ကြီးဌာနမှာ လုပ်ငန်းပေါင်း ၃၀၀၀၀ ခန့် မှတ်ပုံတင်ထားပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို မှတ်ပုံတင်ထားမှသာ အစိုးရနဲ့ အသင်းချုပ်က စီးပွားရေးလုပ်ငန်းတွေကို ထောက်ပံ့နိုင်မှာဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းတွေမှတ်ပုံတင်ကြဖို့ မစ္စတာပေါက တိုက်တွန်းပါတယ်။

“အစိုးရ၊ JICA နဲ့ အဖွဲ့ချုပ်တို့က အကူအညီပေးမယ့် မူဝါဒတွေ ရေးဆွဲချမှတ်နိုင်ဖို့အတွက် ကမ္ဘောဒီးယားမှာရှိတဲ့ အက်စ်အမ်အီးတွေကို စက်မှုဝန်ကြီးဌာနမှာ မှတ်ပုံတင်စေချင်ပါတယ်။ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအနေနဲ့ မှတ်ပုံမတင်ဘူးဆိုရင် သူတို့ကို ဘယ်လိုကူညီရမယ်ဆိုတာကို အစိုးရနဲ့ အသင်းချုပ်က သိနိုင်မှာမဟုတ်ဘူး”လို့ မစ္စတာပေါက ပြောပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ကွာလာလမ်ပူ

အီးကောမတ် ပေါ်ပေါက်လာခြင်းနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများမှာ 'သွေးသစ်' လူသစ်များ ပါဝင်လာတဲ့အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ)ကြောင့် ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ပိုမိုတိုးတက်စေပြီး သတင်းအချက်အလက် နည်းပညာပါ ပိုမိုကြွယ်ဝလာစေမှာဖြစ်ကြောင်း အင်ဒိုနီးရှား ဖွံ့ဖြိုးရေးစီမံကိန်းဝန်ကြီး ဆိုရန် ဂျာလီကရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ရဲ့ အရန်ငွေကြေးအုပ်စုတွင် ယွမ်ငွေကြေးကို ထည့်လိုက်ခြင်းအားဖြင့် ကမ္ဘာ့ဘဏ္ဍာရေးကို ဂယက်ရိုက်ခတ်မှုဖြစ်စေခဲ့ပြီး အထူးသဖြင့် ကုန်သွယ်မှုတွင် တရုတ်နိုင်ငံအပေါ် ထူးထူးခြားခြား မှီခိုနေရတဲ့ ဗီယက်နမ်နိုင်ငံအပေါ်တွင်လည်း ရိုက်ခတ်မှုရှိခဲ့ကြောင်း ကျွမ်းကျင်သူများရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ပြည်တွင်း အိမ်ခြံမြေဈေးကွက် ဆက်လက်နာလန်ထူလာတဲ့အတွက် တောင်ကိုရီယားဆောက်လုပ်ရေး ကုမ္ပဏီများ လက်ခံရရှိတဲ့ ပြည်တွင်း အမှာစာများက ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ပါက ယခုနှစ် အောက်တိုဘာမှာ ၃၅ရာခိုင်နှုန်းထိ တိုးတက်လာကြောင်း ဒီဇင်ဘာ ၄ ရက်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

### ဝါရှင်တန်

ယူရိုဇုန်ကို ထောက်ပံ့ဖို့ ဥရောပဗဟိုဘဏ် (အီးစီဘီ)ရဲ့ ဆုံးဖြတ်ချက်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ထောက်ခံကြောင်းနဲ့ ဈေးနှုန်းတည်ငြိမ်ရေး ရည်မှန်းချက်ကို ပိုမိုအရေးယူဆောင်ရွက်ဖို့ တိုက်တွန်းကြောင်း အိုင်အမ်အက်ဖ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ဂယ်ရီရိုက်စ်ရဲ့ ပြောကြားချက်ကို ရှင်ဟွာသတင်းမှာ ကိုးကားဖော်ပြပါတယ်။

## USA

# အမေရိကန်ပြည်ထောင်စုရဲ့ နိုဝင်ဘာမော်တော်ကားအရောင်းမြင့်တက်

အမေရိကန်ပြည်ထောင်စုရှိ ဒက်ထရွိုက်မော်တော်ကား ရောင်းချမှုက နိုဝင်ဘာလတွင် မြင့်တက်ခဲ့ကြောင်းနဲ့ လာမယ့်လတွေမှာလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း အေအက်အက်ဖ်ပီ သတင်းမှာ ဒီဇင်ဘာ ၁ ရက်က ဖော်ပြပေးထားပါတယ်။

ဒါပေမဲ့ ဓာတ်ငွေ့ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ဖော်ပြတဲ့အချက်အလက်များ မမှန်ကန်ကြောင်း သတင်းဆိုးများ ထွက်ပေါ်ပြီးနောက်ပိုင်း ဂျာမန် မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်း ဗောက်ဝက်ဂင်ရဲ့ ဒီဇယ်ကားရောင်းချမှုကို ရပ်ဆိုင်းထားရတဲ့အတွက် ကုမ္ပဏီရဲ့ ရောင်းချမှု ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး မြင့်တက်နေတဲ့ အလားအလာတွေ ပျက်ပြားခဲ့ရပါတယ်။

ဂျီအမ်နဲ့ ဖိယက်ခရိုက်စလာ ကုမ္ပဏီတို့ကတော့ တစ်နှစ်တာရောင်းချမှု မြင့်တက်ခဲ့ပြီး နိုဝင်ဘာလအထိ ရောင်းချရမှု စုစုပေါင်းမှာ မော်တော်ကား စင်းရေ ၁၈ သန်းထိရောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအခြေအနေအရဆိုပါက အမေရိကန်ပြည်ထောင်စုရဲ့ မော်တော်ကားအရောင်းက ၂၀၁၆ ခုနှစ်ထိ ဆက်လက် တိုးတက်နေလိမ့်မယ်လို့ ယုံကြည်ကြောင်း ဂျီအိမ်ကုမ္ပဏီရဲ့ စီးပွားရေးပညာရှင်အကြီးအကဲ မူစတာဖာမိုဟာတာရမ်က ပြောပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာမှာ ဂျီအမ်ကုမ္ပဏီရဲ့ အရောင်းက နှစ်ရာခိုင်နှုန်းနီးပါး တိုးတက်ခဲ့ပြီး နှစ်စမှ ယခုချိန်ထိ ရောင်းချတဲ့ပမာဏက ၅ ရာခိုင်နှုန်းတိုးတက်ကာ စင်းရေ ၂ ဒသမ ၈ သန်းထိ ရောက်ရှိခဲ့ပါတယ်။ ယခုလို မြင့်တက်ခဲ့ရခြင်းမှာ ခရီးကြမ်းသုံးမော်တော်ကားကြီးတွေရဲ့ ဝယ်လိုအား အဆမတန် မြင့်တက်ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ဖို့ဒ်ကုမ္ပဏီရဲ့ ယခုနှစ် နိုဝင်ဘာအထိ ရောင်းအားက ယခင်နှစ်ကအတိုင်းဖြစ်ပြီး လူစီးကားနဲ့ ထရပ်ကားရောင်းချမှုပမာဏက စင်းရေ ၁၈၇,၇၉၄ စင်းရှိခဲ့ပါတယ်။ ဒါပေမဲ့ နှစ်စမှ ယခုချိန်ထိ ရောင်းချရတဲ့ ပမာဏက ၅ ရာခိုင်နှုန်း မြင့်တက်ပြီး စင်းရေ ၂ ဒသမ ၄ သန်း ထိ ရှိခဲ့ပါတယ်။

ဖိယက်ခရိုက် စလာကုမ္ပဏီရဲ့ ယခုနှစ် နိုဝင်ဘာ ရောင်းအားက ၃ ရာခိုင်နှုန်း တိုးတက်ကာ စင်းရေ ၁၇၅၉၇၄ စင်းရှိခဲ့တဲ့အတွက် ၁၅ ခုနှစ်အတွင်း အခြေအနေအကောင်းဆုံးဖြစ်ခဲ့ရပါတယ်။

ထရပ်ကားတွေနဲ့ ခရီးကြမ်းသုံးကားကြီးတွေရဲ့ ရောင်းအားမြင့်မားလာတဲ့အတွက် ဒတ်၊ အဗင်ချာနဲ့ အယ်လ်ဖာစတဲ့ လူစီးကားတွေရဲ့ ရောင်းအားကို ၂၂ ရာခိုင်နှုန်းထိ ကျဆင်းစေခဲ့ပါတယ်။

## South East Asia

# ဈေးနှုန်းကျဆင်းမှုကြောင့် ဗီယက်နမ်ကော်ဖီလုပ်ငန်း အခက်အခဲတွေ့



ကုန်ကျစရိတ်လျှော့ချပြီး အထွက်နှုန်းကို တိုးတက်အောင်ဆောင်ရွက်ခဲ့ပေမယ့် ဗီယက်နမ်ရဲ့ ကော်ဖီတင်ပို့မှုက အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ဒီဇင်ဘာ ၂ ရက်က ကျင်းပတဲ့ နှီးနှော ဖလှယ်ပွဲကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကပြောကြောင်း ဗီယက်နမ် နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"အပြည်ပြည်ဆိုင်ရာ ဈေးကွက်က မထင်မှတ်သလိုဖြစ်လာပြီး ဗီယက်နမ်ကော်ဖီတင်ပို့မှုကို ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့ပါတယ်။ ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေအနေကိုထိန်းသိမ်းထားနိုင်မယ့် နည်းလမ်း ကျွန်တော်တို့မှာရှိဖို့လိုပါတယ်"လို့ ၂၀၁၅ ခုနှစ် ဗီယက်နမ်ကော်ဖီအလားအလာနဲ့ ရေရှည်တည်တံ့ရေးဖိုရမ်မှာ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေး ဒုတိယဝန်ကြီး လေကွက်ဒွန်က ပြောပါတယ်။ ယခုနှစ် နှစ်ဆန်းပိုင်းကစပြီး ပြည်တွင်းဈေးကွက်မှာလည်း ကော်ဖီဈေးက မကြုံစဖူး ဆက်တိုက်ကျဆင်းခဲ့ပါတယ်။

၂၀၁၄-၁၅ ခုစ်မှာ ကော်ဖီစိုက်ပျိုးတဲ့ ဧရိယာက ၆၄၁၇၀၀ ဟက်တာရှိခဲ့ပြီး ယခင်နှစ်ကနဲ့ တူညီသလောက်ရှိခဲ့ပါတယ်။ တချို့နေရာတွေမှာ ကော်ဖီပင်တွေရဲ့ သက်တမ်းက အနှစ်နှစ်ဆယ်လောက်ရှိနေတဲ့ အတွက် အစိုးရက ဗီယက်နမ်ဒေါင် ၁၂ ထရီလီယံ(အမေရိကန်ဒေါ်လာ သန်း ၅၄၀)သုံးစွဲပြီး ဗဟိုကုန်းမြင့်ဒေသရှိ ပြည်နယ်ငါးခုမှာ ကော်ဖီပင်တွေ ပြန်လည်စိုက်ပျိုးဖို့ကြိုးစားခဲ့ပါတယ်။

"လုပ်သား၊ ဓာတ်ဆီနဲ့ ဓာတ်မြေဩဇာဈေးကွက်တွေ ကျဆင်းတဲ့အတွက် ထုတ်လုပ်မှုစရိတ် ကျဆင်းခဲ့ပါတယ်"လို့ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ မဟာဗျူဟာ သိပ္ပံမှ ထရန်ကောင်သန်းက ပြောပါတယ်။

## EU

# ဥရောပဗဟိုဘဏ်ရဲ့ မူဝါဒမရေရာမှုကြောင့် ဥရောပဈေးကွက်များ အခက်အခဲတွေ့

ဥရောပဗဟိုဘဏ် (အီးစီဘီ) ယခုသီတင်းအတွင်း စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ် ထပ်မံဆောင်ရွက်လာမှာကို ကုန်သည်တို့က မျှော်လင့်စောင့်စားနေချိန်မှာ အထူးသဖြင့် အလုပ်အကိုင်ရရှိမှုအပါအဝင် ယူရိုဇုန်ရဲ့ စီးပွားရေးကိန်းဂဏန်းတွေ မြင့်တက်လာမှုကြောင့် စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ် ထပ်မံဆောင်ရွက်မယ့် အလားအလာမရှိတဲ့အတွက် ဈေးကွက်တွေကို စိုးရိမ်မှုဖြစ်ပွားစေခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးကိန်းဂဏန်းတွေ ပြသလာတာကို တွေ့ရပေမယ့် ဖရန့်ဖတ်နဲ့ ပဲရစ်ဈေးကွက်နှစ်ခုစလုံး တစ်ရာခိုင်နှုန်းကျဆင်းပြီး စပိန်နဲ့ အီတလီဈေးကွက်တွေကလည်း အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးပြုလုပ်ခဲ့တဲ့ ကြံ့ခိုင်မှုစွမ်းရည်စစ်ဆေးပွဲမှာ ဗြိတိန်နိုင်ငံရဲ့ ထိပ်တန်းဘဏ်ကြီး ခုနှစ်ခုအောင်မြင်ခဲ့ကြောင်း အင်္ဂလန်ဗဟိုဘဏ်(Bank of England) ကြေညာခဲ့ပြီးနောက်ပိုင်း ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်မြင့်မားလာတဲ့အတွက် လန်ဒန်ဈေးကွက်က သုညဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

အလုပ်လက်မဲ့နှုန်း ဆက်လက်ကျဆင်းလာမှုကြောင့် ယူရိုနယ်မြေမှ စက်ရုံများရဲ့ ကုန်ထုတ်လုပ်မှုက မြင့်တက်လာခဲ့တာကို ဒီဇင်ဘာ ၂ ရက်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။ မားကစ်အီကော်နောမစ်က ပြုစုထားတဲ့ ဝယ်ယူသူမန်နေဂျာ များရဲ့ အညွှန်းကိန်းက ၅၂ ဒသမ ၃ ရှိရာမှ နိုဝင်ဘာလမှာ ၅၂ ဒသမ ၈ အထိ မြင့်တက်လာပါတယ်။ အညွှန်းကိန်း ၅၀ ကို ကျော်လွန်ရင် လုပ်ငန်းတိုးတက်မှုရှိတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။

အောက်တိုဘာလမှာ ယူရိုဇုန်ရဲ့ အလုပ်လက်မဲ့နှုန်းက လေးနှစ်နီးပါးကာလအတွင်း အနိမ့်ဆုံးသို့ ရောက်ရှိကာ လေ့လာဆန်းစစ်သူကို ခန့်မှန်းချက်ထက်ပိုမိုခဲ့ပါတယ်။ ဒါကြောင့် ဥရောပရဲ့ အလုပ်အကိုင်ဈေးကွက် နာလန်ထူမှု နှေးကွေးနေသေးတယ်ဆိုတာကို ပြသလျက် ရှိပါတယ်။

## Middle East

# အိုပက်အဖွဲ့က ရေနံထုတ်လုပ်မှုကို ဆက်လက်ထိန်းထားပြီးနောက် ရေနံစိမ်း ဈေးနှုန်းကျ

ရေနံတင်ပို့တဲ့ နိုင်ငံအဖွဲ့(အိုပက်)က ရေနံစိမ်းထုတ်လုပ်မှု ပမာဏကို တစ်ရက် စည် ၃၁ ဒသမ ၅ သန်းအတိုင်း ဆက်လက်ထုတ်လုပ်သွားဖို့ ဆုံးဖြတ်ခဲ့ကြောင်း nexy.net ဝက်ဘ်မှာ ဖော်ပြထားပါတယ်။

ယခုထုတ်လုပ်ဖို့ ဆုံးဖြတ်တဲ့ ပမာဏထဲမှာ ခုနစ်နှစ်ခန့်အိုပက်အဖွဲ့နဲ့ ကင်းကွာနေခဲ့ပြီး ပြန်လည်ဝင်ရောက်လာတဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ထုတ်လုပ်မှုကို ထည့်သွင်းမထားရသေးပါဘူးလို့ ယခုကိစ္စနဲ့ ပတ်သက်ပြီး နီးစပ်သူဖြစ် ယခုဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး အများပြည်သူကို ကြေညာချင်းမရှိသေးတဲ့အတွက် အမည်မဖော်လိုသူတစ်ဦးက ပြောပါတယ်။

ဒီဇင်ဘာ ၅ ရက်နေ့ဈေးကွက်မှာ အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံထားဈေးနှုန်းဖြစ်တဲ့ အနောက်တက္ကဆပ်ရေနံဈေးနှုန်းရဲ့ ဇန်နဝါရီအတွက် စာချုပ်ဈေးက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ကျဆင်းပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၄ ရှိခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ ရောင်းချနေတဲ့ ဘရင့်မြောက်ပင်လယ်ရေနံစိမ်းဈေးက တစ်စည်ကို ၄၅ ဆင့်ကျဆင်းပြီး တစ်စည်ကို ၄၃ ဒသမ ၃၅ ဒေါ်လာနှုန်းရှိခဲ့ပါ တယ်။

ရေနံဈေးနှုန်းတွေ ကျဆင်းခဲ့ပေမယ့် ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ပိုများတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နုန်းကျောက် ရေနံစိမ်းကြောင့် ဆုံးရှုံးမယ့် ဈေးကွက်ကို ကာကွယ်ဖို့အတွက် အိုပက်အဖွဲ့က ရေနံစိမ်းထုတ်လုပ်မှုကို လျှော့ချမပေးသေးဘဲ ထားတာဖြစ်ပါတယ်။

ကမ္ဘာ့ရေနံထုတ်လုပ်မှုက သုံးစွဲမှုထက်ပိုနေပြီး ပိုလျှံတဲ့ပမာဏကိုလည်း သိုလှောင်ဖို့ အခက်အခဲရှိတဲ့အတွက် ရေနံစိမ်းဈေးက တစ်စည်ကို အမေရိကန်ဒေါ်လာ ၂၀ ထိ ကျနိုင်ကြောင်း ရိုလ်မန်ဆက်အပါအဝင်ဘဏ်များက ခန့်မှန်းထားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ဒီဇင်ဘာ ၁၅၊ ၁၆ ရက်မှာ ကျင်းပမယ့် အမေရိကန်ဗဟိုဘဏ်အစည်းအဝေးမှာ ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးလိမ့်မယ်လို့ ယူဆကြတဲ့အတွက် ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒီလိုဒေါ်လာတန်ဖိုး မြင့်တက်မှုက ထွန်းသစ်စ အာရှနိုင်ငံများရဲ့ ငွေကြေးများကို သိသိသာသာ ခြိမ်းခြောက်ခဲ့ပါတယ်။ ဒါပေမယ့် ဥရောပဗဟိုဘဏ်က ငွေကြေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ကြေညာတဲ့အခါ ဈေးကွက်က ခန့်မှန်းထားတဲ့ ငွေကြေးပမာဏထက် နည်းပါးနေတာကို တွေ့ရပြီးနောက်ပိုင်း ဒီဇင်ဘာ ၃ ရက်နေ့မှာ မြင့်တက်နေတဲ့ ဒေါ်လာတန်ဖိုးက ရုတ်တရက် ပြန်လည်ကျဆင်းခဲ့ပါတယ်။

အလားတူ တရုတ်နိုင်ငံစီးပွားရေး ကျဆင်းမှုကလည်း ရုတ်တရက်ကောင်းမွန်လာဦးမှာ မဟုတ်တဲ့အတွက် ကုန်စည်ဈေးကွက်တွေ အပေါ်မှာ ပြင်းထန်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေပါတယ်။ ယွမ်ငွေကြေးကို ဒေါ်လာ၊ ယူရို၊ ပေါင်စတာလင်၊ ယန်းတို့နဲ့အတူ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ရဲ့ အထူးထုတ်ယူခွင့် (SDR) ငွေကြေးအုပ်စုမှာ ထည့်သွင်းကြောင်း ကြေညာခဲ့ပါတယ်။ ယွမ်ငွေကြေး တန်ဖိုးကို ချမည်မဟုတ်ကြောင်းနဲ့ ယွမ်ငွေကြေးကို တည်ငြိမ်အောင်ထိန်းသိမ်းသွားမှာဖြစ်ကြောင်း အိုင်အမ်အက်ဖ် ကြေညာချက်ထုတ်ပြန်ပြီး မကြာမီမှာ တရုတ်ဗဟိုဘဏ်က ပြောပါတယ်။

## တရုတ်ယွမ်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က အဖွဲ့ရဲ့ အခြေခံစံထားငွေကြေးအုပ်စုအတွင်းသို့ ယွမ်ငွေကြေးကို လက်ခံထည့်သွင်းခဲ့ပြီး နောက်ပိုင်း ယွမ်ငွေတန်ဖိုးက အထိုက်အလျောက် တည်ငြိမ်လာတာကို တွေ့ရပါတယ်။ ဒီဇင်ဘာလ ၄ ရက်နေ့ ဈေးဖွင့်ချိန်မှာ တရုတ်ဗဟိုဘဏ်က ပျမ်းမျှငွေလဲနှုန်းကို ယခင်နေ့ကထက် သုညဒသမ ၂၁ ရာခိုင်နှုန်းတိုးမြှင့်ပြီး အမေရိကန်ဒေါ် လာ ၆ ဒသမ ၃၈၅၁ ယွမ်နှုန်း သတ်မှတ် ခဲ့ရာ တစ်လအတွင်း ယွမ်ငွေကြေးတန်ဖိုး အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။ လက်ငင်း ငွေကြေးဈေးကွက်မှာလည်း ဈေးဖွင့် စက အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၃၈၆၇ ယွမ်နှုန်း ရှိခဲ့ပါတယ်။

## အိန္ဒိယရူပီး

မတည်ငွေတွေ အိန္ဒိယနိုင်ငံပြင်ပသို့ စီးထွက်နေချိန်မှာ ဘဏ်များနဲ့ သွင်းကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ဝယ်လိုအားမြင့်တက်လာကြတဲ့အတွက် ရူပီးငွေကြေးတန်ဖိုးက တတိယမြောက်နေ့အဖြစ် ဆက်လက်ကျဆင်းခဲ့ပါတယ်။ ဒီဇင်ဘာ ၄ ရက်မှာ သုည ဒသမ ၃၄ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၉၉ ရူပီးနှုန်း ဖြစ်ခဲ့ပါ တယ်။

ကမ္ဘာ့ အခြားငွေကြေးများနဲ့ ဖလှယ်ရာ ဒေါ်လာတန်ဖိုးမြင့်တက်မှုနဲ့ ပြည်တွင်း ရှယ်ယာဈေးကွက်မှာ ရှယ်ယာတန်ဖိုးတွေ ကျဆင်းမှုကလည်း ရူပီးတန်ဖိုး ကျဆင်းမှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

## ဂျပန်ယန်း

အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးကိန်းဂဏန်းတွေ ထုတ်ပြန်မှာကို စောင့်ကြည့်ရင်း ရင်းနှီးမြှုပ်နှံသူတွေက အကဲခတ်လေ့လာနေကြတဲ့အတွက် ဒီဇင်ဘာ ၄ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးတို့ရဲ့ ဖလှယ်နှုန်းက တစ် ဒေါ်လာကို ၁၂၂ ဒသမ ၅ ယန်း အထက်မှာ ရှိနေပါတယ်။

ဒေါ်လာ ယန်း ဖလှယ်နှုန်းက ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၂ ဒသမ ၅၅ ယန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၂၃ ဒသမ ၃၇ ယန်းရှိခဲ့ရာမှ နောက်တစ်နေ့ မွန်းတည့်ချိန် တိုကျိုဈေးကွက်မှာ ၁၂၂ ဒသမ ၅၉ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုနဲ့ ဖလှယ်ရာမှာ ဒီဇင်ဘာ ၃ ရက်ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁၃၄ ဒသမ ၁၃ ယန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၃၀ ဒသမ ၅၉ ယန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ယူရိုကို ၁၃၃ ဒသမ ၈၇ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ပြည်တွင်း ရင်းဂစ်ငွေကြေးကို ဝယ်လိုအား အနည်းငယ်ရှိလာတဲ့အတွက် ဒီဇင်ဘာ ၃ ရက်က ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ် ဖလှယ်နှုန်းတစ်ဒေါ်လာကို ၄ ဒသမ ၂၂၅၀ ရင်းဂစ်နှုန်း ရှိခဲ့ရာမှ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၁၅၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ တခြားအဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျ အမျိုးမျိုးရှိခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

ယွမ်ငွေကြေးတန်ဖိုးက ဒီဇင်ဘာ ၃ ရက်အထိ ခြောက်ရက်ဆက်တိုက် ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဥရောပဗဟိုဘဏ်ရဲ့ စီးပွားရေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်က ရင်းနှီးမြှုပ်နှံသူတွေ ခန့်မှန်းထားတာထက် ကျဆင်းတဲ့အတွက် ဒေါ်လာတန်ဖိုးကျဆင်းပြီး နောက်ပိုင်း ဝမ်တန်ဖိုးပြန်လည်မြင့်တက်ခဲ့ပါတယ်။ ဘလွမ်းဘတ်သတင်းဌာနက ပြုစုထားတဲ့ အချက်အလက်များအရ ဆိုးလ်ဈေးကွက်မှာ ဝမ်တန်ဖိုးက သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၅၆ ဒသမ ၅၃၀ ဝမ်နှုန်း ဖြစ်ခဲ့ပါတယ်။

## ထိုင်းဘတ်

ထိုင်းပို့ကုန်လုပ်ငန်းတွေ ဆက်လက်တိုးတက်ကောင်းမွန်စေရန်အတွက် ဘတ်ငွေတန်ဖိုးကျဆင်းမှာကို ထိုင်းဗဟိုဘဏ်က စိုးရိမ်ဟန်မရှိပါဘူး။ ဒါကြောင့် ထိုင်းဘတ်ငွေတန်ဖိုးက နှစ်စမှ ယခုချိန်အထိ ၈ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် နေ့အလိုက် နှိုင်းယှဉ်ရင် ဒီဇင်ဘာ ၄ ရက်က သုညဒသမ ၃၆ ရာခိုင်နှုန်းမြင့်တက် ပြီး တစ်ဒေါ်လာကို ၃၅ ဒသမ ၇၇ ဘတ် နှုန်းရှိခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## အိန္ဒိယဗဟိုဘဏ်က အခြေခံစံထားအတိုးနှုန်းကို မပြောင်းလဲဘဲ ထားမည်

အိန္ဒိယဗဟိုဘဏ်(အာရ်ဘီအိုင်)ရဲ့ အခြေခံစံထားအတိုးနှုန်း (Repo Rate) ကို မူလသတ်မှတ်ထားတဲ့ ၆ သသမ ၇၅ ရာခိုင်နှုန်းအတိုင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ရာဟူးရမ်ရာဂျန်က ဆက်လက်သတ်မှတ်ပြီး အာရ်ဘီအိုင်ရဲ့ မူဝါဒရပ်တည်ချက်က သင့်တင့်လျောက်ပတ်မှုရှိတယ်လို့ ပြောကြားကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

ဗဟိုဘဏ်ဥက္ကဋ္ဌရဲ့ ပြောကြားချက်ကို ထောက်ရှုခြင်းအားဖြင့် ဗဟိုဘဏ်က စီးပွားရေး နာလန်ထူအောင် ကြိုးပမ်းဆောင်ရွက်ရာမှာ လိုအပ်ပါက ငွေကြေးမူဝါဒ လျှော့ချမှုများ ဆက်လက်ဆောင်ရွက်ရန် အသင့်ဖြစ်လျက်ရှိတာကို ပြသလျက်ရှိပါတယ်။

ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းနေချိန်မှာ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်နိုင်ရန်အတွက် အိန္ဒိယဗဟိုဘဏ်က အခြေခံစံထားအတိုးနှုန်းကို ၂၀၁၅ ခုနှစ်မှာ ၁ ဒသမ ၂၅ ရာခိုင်နှုန်းလျှော့ချခဲ့ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းက မူလခန့်မှန်းထားတဲ့အတိုင်း မြင့်တက်လာကြောင်းနဲ့ ဒီဇင်ဘာလအထိ ဆက်လက်မြင့်တက်မယ်လို့ ဗဟိုဘဏ်က ခန့်မှန်းထားပြီး ဗဟိုဘဏ်ရဲ့ ရပ်တည်ချက်မှန်ကန်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဈေးနှုန်းအခြေအနေကို အဓိကတိုင်းတာတဲ့ စားသုံးသူဈေးနှုန်းဖောင်းပွမှုက အောက်တိုဘာလမှာ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ လေးလအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဗဟိုဘဏ်က ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွက် ငွေကြေးဖောင်းပွမှုနှုန်းကို ၆ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်ရန် လျာထားရာ ရည်မှန်းချက်ကို ပြည့်မီနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

## အိုင်အမ်အက်ဖ်က ယွမ်ငွေကြေးကို ကမ္ဘာ့အရန်ငွေကြေးအဖြစ်ရွေးချယ်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ရဲ့ အထူးထုတ်ယူခွင့်လက်မှတ် (Special Drawing Right-SDR) မှာ ပါဝင်တဲ့ငွေကြေးအုပ်စုမှာ တရုတ်ယွမ်ငွေကြေးကို ထည့်သွင်းဖို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အမှုဆောင်ဘုတ်အဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ငွေကြေးအုပ်စုမှာ ပါဝင်တဲ့ ငွေကြေးများကို အိုင်အမ်အက်ဖ်က ငါးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ခဲ့ရာ ယခုတစ်ကြိမ်တွင် ယွမ်ငွေကြေးကို ထည့်သွင်းဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

“တရုတ်ယွမ်ကြေးကို SDR ငွေကြေးအုပ်စုအတွင်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာ ကမ္ဘာ့ဘဏ္ဍာရေးစနစ်အတွင်းသို့ တရုတ်နိုင်ငံရဲ့ စီးပွားရေးစနစ် ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းရာမှာ အရေးပါတဲ့ မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ ယခုလိုဆောင်ရွက်လိုက်တာဟာ လွန်ခဲ့တဲ့နှစ်များအတွင်း တရုတ်နိုင်ငံရဲ့ ငွေကြေးနဲ့ ဘဏ္ဍာရေးစနစ်ကို ပြောင်းလဲဖို့ တရုတ်အာဏာပိုင်တို့ကို ကြိုးပမ်းမှုတိုးတက်လာတာကို အသိအမှတ်ပြုလိုက်တာ ဖြစ်ပါတယ်”ဟု အိုင်အမ်အက်ဖ်ရဲ့ ညွှန်ကြားရေးမှူးချုပ် ခရစ္စတင်းလားဂတ်က သုံးသပ်မှု အစည်းအဝေးမှာ ပြောပါတယ်။



ဒီကြိုးပမ်းဆောင်ရွက်မှုတွေ နက်နက်ရှိုင်းရှိုင်း ဆက်လက်ဖြစ်ပေါ်လာခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်နဲ့ ဘဏ္ဍာရေးစနစ်ကို ပိုမိုဖွံ့ဖြိုးလာစေပြီး အပြန်အလှန်အားဖြင့် တရုတ်စီးပွားရေးနဲ့ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတည်ငြိမ်မှုကို အထောက်အကူပေးလိမ့်မယ်လို့ မစ္စတာဂတ်ကပြောပါတယ်။



# ခရစ္စမတ်လက်ဆောင်အဖြစ် သမီးဖြစ်သူကို ကျွန်းတစ်ကျွန်းဝယ်ပေးမယ့် ဂစ်ဘ်ဆင်

First & Furious ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂစ်ဘ်ဆင်ဟာ သူ့ရဲ့တစ်ဦးတည်းသောသမီးလေး ရှာလာကို ခရစ္စမတ်လက်ဆောင်အဖြစ် ကျွန်းတစ်ကျွန်းဝယ်ပေးဖို့ စဉ်းစားနေတယ်လို့ contactmusic မှာ ဖော်ပြထားပါတယ်။

ဂစ်ဘ်ဆင်ဟာ လော့စ်အိန်ဂျလိစ်မြို့မှာ ပြုလုပ်ခဲ့တဲ့ GQ ရဲ့ Man of The Year Party အင်တာဗျူးအစီအစဉ်မှာ ပြောကြားခဲ့တာဖြစ်ပါတယ်။

မေးမြန်းသူက ဂစ်ဘ်ဆင်ကို ဒီခရစ္စမတ်မှာ သမီးကို ဘာလက်ဆောင်ပေးမလဲလို့မေးတဲ့အခါ ဂစ်ဘ်ဆင်က ချက်ချင်းပဲ "ကျွန်းတစ်ကျွန်းဝယ်ပေးမှာပေါ့၊ အဲဒီကျွန်းက သူ(သမီး)လည်း သိပါတယ်။ Love Island လို့ အမည်ရပါတယ်"လို့ ပြောကြားခဲ့ပါတယ်။


အသက် ၃၆နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂစ်ဘ်ဆင်ဟာ သူ့ရဲ့ဇနီးဟောင်း အစ္စရေးနိုင်ငံသူ နိုမာဂစ်ဘ်ဆင်နဲ့ မွေးဖွားခဲ့တဲ့ သမီးလေး ရှာလာကို မွေးနေ့လက်ဆောင်ပေးဖို့ အခုလို ပြောကြားလိုက်တာဖြစ်ပါတယ်။

ရှာလာဟာ အသက်ရှစ်နှစ်အရွယ်သာရှိသေးပြီး ဖခင်ဖြစ်သူဂစ်ဘ်ဆင်နဲ့ အတူတူနေထိုင်ကြတယ်လို့ ဆိုပါတယ်။

ဂစ်ဘ်ဆင်က သူ့အနေနဲ့ ရှာလာအတွက် ဖခင်ကောင်းတစ်ဦးဖြစ်အောင် နေထိုင်သွားဖို့ ဆုံးဖြတ်ထားတယ်လို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။ နိုမာနဲ့ ဂစ်ဘ်ဆင်တို့ဟာ ၂၀၀၇ခုနှစ်မှာ လက်ထပ်ခဲ့ကြပြီး ၂၀၀၉ခုနှစ်မှာ လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။

## ကြည့်ရှုသူပေါင်း ၂၅ သန်းကျော်သွားတဲ့ PSY ရဲ့ DADDY နဲ့ BELL BOTTOMS

Gangnam Style သီချင်းနဲ့ရော အကနဲ့ပါ တစ်ကမ္ဘာလုံးကို ကိုင်လှုပ်နိုင်ခဲ့တဲ့ PSY ဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိတဲ့ တေးအယ်လ်ဘမ်ထဲက Daddy နဲ့ Bell Bottoms ဆိုတဲ့သီချင်းတွေကို အွန်လိုင်းပေါ်မှာတင်ပြီး ဝင်ရောက်ကြည့်ရှုသူအရေအတွက်ကို မှတ်တမ်းတင်ခဲ့ပါတယ်။ အဲဒီလို မှတ်တမ်းတင် ရေတွက်ခဲ့ရာမှာ သူတင်ခဲ့တဲ့ သီချင်းနှစ်ပုဒ်အနက် Daddy ဆိုတဲ့သီချင်းကိုဝင်ရောက်ကြည့်ရှုသူပေါင်းက ၂၅ သန်းကျော်ရှိခဲ့ပြီ ဖြစ်ပါတယ်။



နောက်သီချင်းတစ်ပုဒ်ဖြစ်တဲ့ Bell Bottoms ဆိုတဲ့သီချင်းကိုတော့ ဝင်ရောက်ကြည့်ရှုသူပေါင်း ခုနစ်သန်းနီးပါးကို ရောက်ရှိနေပြီလို့ ဆိုပါတယ်။

PSYဟာ အဲဒီသီချင်းနှစ်ပုဒ်စလုံးကို ဟာသနှောပြီး သူ့ရဲ့တီထွင်ဆန်းသစ်ထားတဲ့ကကွက်တွေနဲ့ အမ်တီဗွီပုံစံ ရိုက်ကူးထားတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ကြည့်ရှုသူတွေဟာ အဲဒီသီချင်းနှစ်ပုဒ်နဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြပါတယ်။အဲဒီသီချင်းနှစ်ပုဒ်စလုံးဟာ PSY ရဲ့ Gangnam Style သီချင်းကို ကော်ပီကူးထားတာဖြစ်တယ်လို့ ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

PSY ဟာ အဲဒီသီချင်းနှစ်ပုဒ်စလုံးကို နိုဝင်ဘာလ ၃၀ ရက်နေ့မှာ Youtube ပေါ်ကို တင်ခဲ့တာဖြစ်ပါတယ်။ သီချင်းကို စတင်ခဲ့တဲ့နေ့ကစပြီး ဒီဇင်ဘာလ ၅ ရက်နေ့အထိ ဝင်ရောက်ကြည့်ရှုသူပေါင်း DADDY သီချင်းမှာ ၂၅,၀၄၉,၁၂၈ ဦးရှိနေပြီး Bell Bottoms သီချင်းက ၆,၈၇၉,၇၆၄ ဦး ရှိနေတာဖြစ်ပါတယ်။

# နှစ်တစ်နှစ်ရဲ့အကောင်းဆုံးအမျိုးသမီးအဖြစ် အမည်စာရင်းတင်သွင်းခံရတဲ့ လေဒီဂါဂါ

Billboard က နှစ်စဉ်ချီးမြှင့်လေ့ရှိတဲ့ နှစ်တစ်နှစ်ရဲ့အထူးချွန်ဆုံးအမျိုး သမီးအဖြစ် လေဒီဂါဂါကို အမည်စာရင်းတင်သွင်းခဲ့တယ်လို့ contact music မှာ ဖော်ပြထားပါတယ်။ The Born This Way သီချင်းနဲ့ အမေရိကန်ရဲ့ပေါ့ပ်ဂီတလောကမှာ သာမက ကမ္ဘာတစ်ဝန်းလုံးမှာပါ နာမည်ကျော်ကြားလာခဲ့ တဲ့လေဒီဂါဂါဟာ ၂၀၁၅ ခုနှစ် အတွင်းမှာလည်း အောင်မြင်မှုတွေ ဆက်လက် ရရှိနေဆဲပဲ ဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ ဖက်ရှင်စတိုင်လ်တွေ၊ သူ့ရဲ့သီဆိုပုံ အဆန်းအပြားတွေကြောင့် ပရိသတ်တွေရဲ့နှုတ်ဖျားမှာ နာမည်ထင်ကျန်ရစ်နေဆဲပဲဖြစ်တယ်လို့ Billboard မှတာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်တစ်နှစ်လုံးမှာ သူ့ရဲ့သီဆိုဟန်တွေဟာ ပြောင်းလဲလာခဲ့ပါတယ်။ အဲဒီလိုပြောင်းလဲလာအောင်လည်း သူ့ရဲ့ဂီတမိတ်ဆွေတစ်ဦးဖြစ်တဲ့ တိုနီဘားနက်ဒ်က ကူညီပေးခဲ့တယ်လို့ ဆိုပါ တယ်။

"တိုနီဘားနက်ဒ်လောက် ကျွန်မအပေါ်ကောင်းတဲ့သူ မရှိတော့ပါဘူး။ ၂၀၁၄ ခုနှစ်မတိုင်ခင်က ကျွန်မတော်တော်လေးကို ဆိုးခဲ့ပါတယ်။ အဲဒါတွေကို အကောင်းဆုံးဖြစ်အောင် ပြုပြင်ပေးခဲ့တာက တိုနီပါ။ တိုနီဟာကျွန်မအပေါ်ကို တော်တော်လေးကောင်းတယ်လို့ ပြောရတာထက်ကို ပိုပြီး တော့ကောင်းခဲ့ပါတယ်"လို့ လေဒီဂါဂါက ပြောကြားခဲ့ပါတယ်။ အသက် ၂၉နှစ်အရွယ်ရှိပြီဖြစ်တဲ့ လေဒီဂါဂါက "ကျွန်မ အခုရင် အသက် ၁၉ နှစ်အရွယ်တုန်းက ပြုမူခဲ့တဲ့အပြုအမူတွေနဲ့ အသက် ၂၂ နှစ်အရွယ်က အပြုအမူတွေလုံးဝမတူတော့သလို အခုအသက်အရွယ်ရဲ့အပြုအမူနဲ့လည်း လုံးဝ မတူတော့ပါဘူး။ ဒီလိုတွေဖြစ်လာအောင် တိုနီဘားနက်ဒ်က လုပ်ပေးခဲ့တာပါ"လို့ သူက ထပ်မံပြောကြားခဲ့ပါတယ်။





# အတုအယောင်ရဲ့ကား မလုပ်ခဲ့ပါဘူးလို့ ငြင်းဆိုလိုက်တဲ့ မက်ဒေါနား

ပေါ့ပ်ဘုရင်မကြီး မက်ဒေါနားဟာ အင်္ဂလန်နိုင်ငံရဲ့ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ရှားတဲ့အနေနဲ့ အတုအယောင် ရဲကားတစ်စီးကို ဖန်တီးပြီး သွားလာခဲ့တယ်ဆိုတဲ့စကားကို ငြင်းဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက မက်ဒေါနားဟာ လန်ဒန်မြို့ရဲ့ အထင်ကရ နေရာတစ်နေရာဖြစ်တဲ့ အိုတူးအေရီယာနာကို သွားရောက်ရာမှာ ယာဉ်ကြောတွေ ကျပ်လွန်းတဲ့အတွက် ရဲကားအတုကို ဖန်တီးပြီး သွားလာခဲ့တယ်လို့ စွပ်စွဲခြင်းခံခဲ့ရတာဖြစ်ပါတယ်။

မက်ဒေါနားဟာ ဒီဇင်ဘာလ ၁ ရက်နေ့နဲ့ ၂ရက်နေ့တွေမှာ လန်ဒန်မြို့ရဲ့တောင်ပိုင်းကနေ အရှေ့ပိုင်းမှာရှိတဲ့ မြို့တွေကို Rebel Heart Tour အစီအစဉ်အဖြစ် သွားရောက်ဖျော်ဖြေရာမှာ အခုလို အသုံးပြုခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

မက်ဒေါနားဟာ သူ့ကားရဲ့ ဒက်ရှ်ဘုတ်ပေါ်မှာ အနီရောင်နဲ့အပြာရောင် နှစ်မျိုးပါဝင်တဲ့ လည်နေတဲ့မီးသီးကို တပ်ဆင်ထားပြီး ယာဉ်ကြောရှုပ်ထွေးတဲ့နေရာမှာ အဲဒီမီးသီးကို ဖွင့်ပြီးသွားလာခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ သည်ဆန်းသတင်းစာရဲ့အဆိုအရ မက်ဒေါနားဟာ ယာဉ်ကြောကျပ်နေတဲ့နေရာကိုရောက်မှ ယာဉ်ကြောရှင်းတဲ့ အချက်ပေးသံနဲ့အတူ မီးသီးကိုဖွင့်ပြီး မောင်းနှင်ခဲ့တာကြောင့် လမ်းပေါ်မှာရှိတဲ့ ကားတွေဘေးကို ဖယ်ပေးခဲ့ရတယ်လို့ ဆိုပါတယ်။ မက်ဒေါနား ဟုတ်၊ မဟုတ်ဆိုတာကို မြင်တွေ့ခဲ့တဲ့ မျက်မြင်သက်သေတစ်ဦးက "ကားတွေ အကုန်ရပ်နေတာ။ လမ်းပိတ်နေလို့ပေါ့။ အဲဒီအချိန်မှာ ရုတ်တရက်ကြီး အချက်ပြမီးသီးကပွင့်လာပြီး အချက်ပေးသံကလည်း အကျယ်ကြီးထွက်လာတာ။ အဲဒီကားကို မောင်းတဲ့သူက မက်ဒေါနားပဲဆိုတာအသေအချာ သိလိုက်တယ်။ ကားထဲမှာ ရဲအဆောင်အယောင်တွေ တစ်ခုမှ မပါဘူး"လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီအချက်တွေကို မက်ဒေါနားက ငြင်းဆိုထားပါတယ်။

**SHAYT PYAYE AGENCY**

Authorized Customs Brokers & Forwarding Agency

Daw Win Win Maw

(Authorized Signature)

off:
No. 9/11, Room No. (006)
36th Short Street,
Kyauktada T/S, Yangon.

Res:
No. 17, First Floor, Sinyaekan Street,
Sinmin Ward, Ahlone T/S, Yangon.
Tel: 01-215640, Fax; 01 372221

Tel : 09-51-88382, 09-49-270621, 09-50-85837, 09-50-86990
E-mail; shaytpyaye081@gmail.com

**Daw Win Win Maw**
**Managing Director**

**Aung Maw Aung Co., Ltd**

Office ; Bldg-9/11, Rm-006, 36th (Short),
Kyauktada T/S,Yangon, Myanmar.
Tel ; 095188382, 095164354, 095086990
Fax ; 01372221
E-mail; shaytpyaye081@gmail.com
ayesanda2030@gmail.com
aungaungtunyee@gmail.com

**OGI** Ocean Gate International
Freight Forwarding Co., Ltd

-Freight Forwarding (Sea, Air & Land),
-Doorto Door Services from/to Myanmar to/from all over the world
-Customs Clearance Services (Export,Import)
-Inland Transportation.
-FCL & LCL.
-Storage, warehousing and Distribution.
-Project forwarding.

Bldg 360, Room 10, Pyay Road (Hantharwaddy), Sanchaung Township, Yangon, Manmar.
Tel : 95 1 524600, 95 9 73060105, Fax : 95 1 524600, HP : 95 9 5171017
Email : ogi@oceangate.com.mm, kyaw.freight@gmail.com




**THE TRADERS LIMITED.**
ကုန်သည်ကြီးများလီမိတက်

No. 153, Maung Than Rd, Shwe Lin Ban Industrial City,
Hlaing Thar Yar Tsp, Yangon, Myanmar.
Ph: 951- 613621, 617101, 617095, 09 - 785000001, 785000002, 785000003, 785000004, 785000005. Fax: 951-613629
Email: koaungyi@aungyigroup.com
Website: www.aungyigroup.com

# COMMERCE INTERNATIONAL



## ဖေ့စ်ဘွတ်ခ်က အိန္ဒိယနိုင်ငံမှာ အက်စ်အမ်အီးကောင်စီကိုတည်ထောင်

ဆိုရှယ်မီဒီယာ တစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်က အိန္ဒိယနိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းကဏ္ဍ အသီးသီးမှ အသေးစား စီးပွားရေးလုပ်ငန်းများ အချင်းချင်း Share လုပ်ပြီး မိမိတို့ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အကြံဉာဏ်တွေ ဖလှယ်နိုင်အောင် အက်စ်အမ်အီးကောင်စီ (SME Council) တစ်ခုကို တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း ပီတီအိုင်သတင်းမှာ ဖော်ပြပါတယ်။ အိန္ဒိယနိုင်ငံအတွင်းမှာ ဖေ့စ်ဘွတ်ခ်ကို အသုံးပြုနေတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (Small and Medium Business-SMB)အရေအတွက် နှစ်သန်းကျော်ရှိပါတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ ဖေ့စ်ဘွတ်ခ်က တည်ထောင်ခဲ့တဲ့ အက်စ်အမ်အီးကောင်စီများအနက် ယခုကောင်စီက ဒုတိယမြောက်ကောင်စီဖြစ်ပြီး ပထမဆုံးကောင်စီကို အမေရိကန်ပြည်ထောင်စုမှာ တည်ထောင်ခဲ့ပါတယ်။ အသေးစားစက်မှုလုပ်ငန်း ၄၅ သန်းကျော်က Facebook Pages တွေကို သုံးပြီး သူတို့ဖောက်သည်တွေနဲ့ ဆက်သွယ်ကြပါတယ်။

"အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေက အိန္ဒိယစီးပွားရေးရဲ့ ကျောရိုးဖြစ်ပါတယ်။ ကီရာနာစတိုးဆိုင်ကအစပြုပြီး စားသောက်ဆိုင်တွေ၊ အွန်လိုင်း အဝတ်အထည်ဆိုင်တွေ အထိပါဝင်တဲ့ ဒီစီးပွားရေးလုပ်ငန်းငယ်တွေက နိုင်ငံစီးပွားရေးဖွံ့ဖြိုးအောင် တွန်းအားပေးပါတယ်။ အလုပ်သစ်တွေ ဖန်တီးပေးပါတယ်။ နိုင်ငံတစ်ဝန်းရှိ လူတွေရဲ့ဘဝကို ကြီးပွားချမ်းသာမှုပေးပါတယ်"လို့ Facebook India ရဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဂါသီဂါရက်ဒီကပီတီအိုင် သတင်းဌာနကို ပြောပါတယ်။

ဖေ့စ်ဘွတ်ခ်က အင်တာနက်နဲ့ ဆက်သွယ်မှုပေးခြင်း အပါအဝင် လူအချင်းချင်း ဆက်သွယ်မှုကို အကူအညီပေးပြီး စီးပွားရေးလုပ်ငန်းတွေ ကြီးထွားလာအောင် အကူအညီပေးကြောင်း သူမက ပြောပါတယ်။

"အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေက အိန္ဒိယပို့ကုန်ရဲ့ ၄၀ ရာခိုင်နှုန်းကို မောင်းနှင်ပေးပါတယ်။ အိန္ဒိယနိုင်ငံမှာ Facebook Pages ကို သုံးစွဲသူအရေအတွက်က နှစ်သန်းကျော်ရှိပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဖောက်သည်တွေနဲ့ သူတို့ကို ဆက်သွယ်ပေးပြီး စီးပွားရေးလုပ်ငန်းတွေကို ကျွန်မတို့ ကူညီချင်ပါတယ်"လို့ သူမကပြောပါတယ်။

လုပ်ငန်းအမျိုးမျိုးမှ ခေါင်းဆောင်အုပ်စုတစ်ခုက ဖေ့စ်ဘွတ်ခ်အဖွဲ့နဲ့ တွေ့ဆုံပြီး အိန္ဒိယနိုင်ငံတစ်ဝန်းရှိ လူများအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနေတဲ့ စီးပွားရေးတွေကို ဖေ့စ်ဘွတ်ခ်က အကူအညီပေးနိုင်မယ့် နည်းလမ်းတွေကို ရှင်းလင်းတင်ပြပေးမှာဖြစ်ကြောင်း သူမကပြောပါတယ်။

ဒီအဖွဲ့က တစ်နှစ်ပတ်လုံး တွေ့ဆုံပြီး အကြံအစည်သစ်တွေရရှိအောင် ဆွေး နွေးပါမယ်။ ဖေ့စ်ဘွတ်ခ်နဲ့တွဲပြီး ပိုမိုကောင်းမွန်တဲ့ ကြော်ငြာတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ကမ္ဘာ့စမတ်ဖုန်းဈေးကွက်အေးလာ

တရုတ်နိုင်ငံရဲ့ စီးပွားရေး နှေးကွေးကျဆင်းမှုကြောင့် ကမ္ဘာ့စမတ်ဖုန်းဈေးကွက် အရောင်းတိုးတက်မှုက ခုဂဏန်းအထိ ပထမဆုံးအကြိမ်အဖြစ်ကျဆင်းကာ ဈေးကွက်အေးလာကြောင်း အပြည်ပြည်ဆိုင်ရာ ဒေတာကော်ပိုရေးရှင်း (IDC) ရဲ့ ဒီဇင်ဘာ ၃ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ကမ္ဘာ့စမတ်ဖုန်းတင်ပို့မှုက ၂၀၁၅ ခုနှစ်မှာ ၉ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ပြီး အလုံးရေ ၁ ဒသမ ၄၃ သန်းထိ ရောက်ရှိခဲ့ကြောင်း သုတေသနအဖွဲ့ IDC က ပြောပါတယ်။

အာရှ/လက်တင်အမေရိကနဲ့ အနောက်ဥရောပရှိ ဈေးကွက်အများအပြားမှာ ဖွံ့ဖြိုးမှုနှေးကွေးနေတာကိုတွေ့ရကြောင်း အစီရင်ခံစာအရ သိရပါတယ်။ ဈေးကွက်က ၂၀၁၉ ခုနှစ်အထိ အေးနေဦးမှာဖြစ်ပြီး အဓိကအားဖြင့် တရုတ်ဈေးကွက်မှာ ဈေးကွက်အနည်ထိုင်လာပြီဖြစ်သလို စီးပွားရေးနှေးကွေးကျဆင်းမှုရဲ့ ရိုက်ခတ်မှုများကို ဆက်လက်ခံစားနေရဦးမှာ ဖြစ်ကြောင်း IDC က ပြောပါတယ်။

အရှေ့အလယ်ပိုင်းဒေသနဲ့ အာဖရိကဒေသတွေက အိန္ဒိယနဲ့ အင်ဒိုနီးရှားအပါအဝင် အခြားထွန်းသစ်စဈေးကွက်တွေကို ကျော်လွန်ပြီး ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်ကာ အခိုင်မာဆုံး ဈေးကွက်တွေဖြစ်လာနိုင်ပါတယ်။

"နောက်ဆုံးမှာ စမတ်ဖုန်းဈေးကွက်က ခုဂဏန်းထိ တိုးတက်နှုန်းကျဆင်းပြီး ဈေးကွက်တိုးတက်မှု အရှိန်အဟုန် ထိန်းသိမ်းနိုင်ဖို့အတွက် ဆောင်ရွက်မယ်ဆိုရင် အကြောင်းအရာများစွာအပေါ် တည်မှီနေပါတယ်။ အဓိကမောင်းနှင်အားက ထွန်းသစ်စဈေးကွက်တွေအတွက် ဈေးနှုန်းသက်သာတဲ့ စမတ်ဖုန်းတွေ ထုတ်လုပ်မှုပဲဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် တန်ဖိုးကြီးတာကို အဓိကထားကြည့်မယ့် ပထမအကြိမ် စမတ်ဖုန်းဝယ်ယူသူတွေနဲ့ အစားထိုးဝယ်ယူ မယ့်သူတွေကိုလည်း အလေးထားစဉ်းစားရမှာဖြစ်ပါတယ်"လို့ IDC နဲ့ လေ့လာဆန်းစစ်ရေးမှူး ရန်းရိတ်ကပြောပါတယ်။

စမတ်ဖုန်းမှာပါဝင်တဲ့ တချို့အစိတ်အပိုင်းတွေရဲ့ စွမ်းဆောင်ရည်သက်တမ်းက နှစ်နှစ်အထိသာရှိတဲ့အတွက် တချို့ထွန်းသစ်စဈေးကွက်တွေမှာ အစားထိုးသုံးစွဲတဲ့သံသရာက နှစ်နှစ်အတွင်း တစ်ပတ်ပြန်လည်တတ်ပါတယ်။ ဈေးနှုန်းချိုသာတာကိုကြိုက်သူနဲ့ ဈေးကောင်းကောင်းကြိုက်သူဝယ်လက်နှစ်မျိုးစလုံးအတွက် ထုတ်ကုန်တွေကို ဖြည့်ဆည်းနိုင်ရေးက လုပ်ငန်းဖွံ့ဖြိုးမှုနဲ့ ရောင်းချသူတွေရဲ့ အောင်မြင်မှုကို ထိန်းထားနိုင်မှာဖြစ်ပါတယ်။

ယခုနှစ်အတွင်းမှာ Android ဖုန်းတွေက ဈေးကွက်ကို ဆက်လက်လွှမ်းမိုးပြီး ဈေးကွက်ဝေစုရဲ့ ၈၁ ဒသမ ၁ ရာခိုင်နှုန်းကိုရယူထားကာ အက်ပဲကဈေးကွက်ရဲ့ ၁၅ ဒသမ ၈ ရာခိုင်နှုန်းကို ထိန်းထားနိုင်လိမ့်မယ်လို့ IDC က ခန့်မှန်းပါတယ်။ Window Phone က ဈေးကွက်ဝေစု ၂ ဒသမ ၂ ရာခိုင်နှုန်း ရယူနိုင်မယ်လို့ဆိုပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 7th December 2015

<< December And January Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | | 26.11.2015 | 25.11.2015 | | | 9.12.2015 | 13.12.2015 | |
| | S/O CUT | | | | | | | | 22.11.2015 | 21.11.2015 | | | | | |
| MV.CITY OF MUMBAI V.26 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.12.2015 | 13.12.2015 | 10.12.2015 | | 22.12.2015 | 26.12.2015 | 3.1.2016 |
| | S/O CUT | | | | | | | | 7.12.2015 | 9.12.2015 | 6.12.2015 | | | | |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.12.2015 | 26.12.2015 | 28.12.2015 | | 9.1.2015 | 13.1.2015 | |
| | S/O CUT | | | | | | | | 23.12.2015 | 22.12.2015 | 24.12.2015 | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 26.1.2016 | 30.1.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက ဂျပန်နိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။